ကြေးမုံ

The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်၊ တနင်္လာနေ့ (7-4-2014) (၇၀၀၀)

နေပြည်တော်နှင့် အနီးတစ်ဝိုက်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၆-၄-၂၀၁၄)

ကျောက်ဆည် ၁ ဒသမ ၇၉ လက်မ

လောင်းလုံ သုည ဒသမ ၇၃ လက်မ

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

စာတတ်မြောက်ရေးလှုပ်ရှားမှုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် အခြေခံအကျဆုံးနှင့် အရေးပါဆုံးအဖြစ် အလေးထားအားပေးမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်

နေပြည်တော် ဧပြီ ၆

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ မိုးကောင်းကျေးရွာအုပ်စု စံပြကျေးရွာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ အခြေခံစာတတ်မြောက်ရေးလုပ်အားပေးအဖွဲ့ ကြီးကြပ်ခေါင်းဆောင်များ၊ လုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် လုပ်အားပေး ဆရာ ဆရာမများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပညာရေးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရ စတင်တာဝန်ယူချိန်မှစတင်ပြီး ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲကျင်းပ

ကျေးရွာတွေမှာရှိတဲ့ စာမတတ်တဲ့ကလေးတွေနဲ့ အဘိုးအဘွားတွေကို စာတတ်မြောက်ခြင်းဖြင့် ဉာဏ်ရည်မြှင့်တင်ပြီး လူနေမှုဘဝတိုးတက်စေရန် ရည်ရွယ်

ရန်ကုန် ဧပြီ ၆

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို လူထုလှုပ်ရှားမှုအသွင်ဖြင့် မြို့နယ်ပေါင်း ၂၉ မြို့နယ်၌ တစ်ပြိုင်နက် ကျင်းပရာ လှည်းကူးမြို့နယ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက လှည်းကူးအထက၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ စာသင်ဝိုင်းသင်ယူသူများ၊ သင်တန်းနည်းပြ ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

"အကြောင်းအမျိုးမျိုးကြောင့်

သတင်း-ဇော်ကြီး(ပဏီတ)
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

စာမသင်လိုက်ရတဲ့သူတွေအတွက် စာတတ်မြောက်စေရန်ရည်ရွယ်ပြီး လုပ်တာပါ။ လှည်းကူးမြို့နယ်အတွက် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်က **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❂

CHINT
CHINT ELECTRIC
www.chint.net

ELECTRIC UNIVERSE CO.,LTD.
မှ
CHINT ELECTRIC Show Room ကို
ဖွင့်လှစ်လိုက်ပါသည်။
ဆက်သွယ်ရန်ဖုန်း: - 01- 577755, 569416

ကြေးမုံစာတည်းရှေ့ထောင့် ၇-၄-၂၀၁၄၊ တနင်္လာနေ့

စာမတတ်သူပပျောက်ရေး

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးမှုတွင် အဓိကလိုအပ်ချက်မှာ နိုင်ငံသားတိုင်း ရာနှုန်းပြည့်စာတတ်ကြပြီး စာဖတ်စွမ်းရည်မြင့်မားနေဖို့ပင် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းတွင် နိုင်ငံသားတိုင်း စာတတ်ကြသည်။ စာကိုစွဲစွဲမြဲမြဲဖတ်ကြသည်။ ထို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံတိုင်းတွင် စာတတ်မြောက်ရေးကို ဦးစားပေးဆောင်ရွက်လျက် အားတက်သရောရှိနေကြသည်။ ကမ္ဘာ့ရွာမှာ နောက်ချန်မကျန်ရစ်စေဖို့အတွက် ကမ္ဘာ့နိုင်ငံများ၏ အားထုတ်မှု ကြိုးပမ်းမှုပင်။ စာမတတ်သူပပျောက်ရေးသည် နိုင်ငံတိုင်း၏ အမျိုးသားရေးနှင့် သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်လာသည်။

မိမိတို့နိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် အခြေခံပညာစာတတ်မြောက်ရေး လှုပ်ရှားမှုကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ သတ်မှတ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်။ ယခု ဧပြီလ ၆ ရက်နေ့တွင် စာတတ်မြောက်ရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနားကို တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးများ၊ ပြည်နယ်များအားလုံးတွင် တစ်ပြိုင်နက်တည်း ကျင်းပခဲ့ပြီးဖြစ်သည်။ တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၂၉ မြို့နယ်မှ ရပ်ကွက်၊ကျေးရွာပေါင်း ၁၁၆၃ ရွာ ရှိသင်ယူမည့် သူပေါင်း ၄၆၄၇၉ ဦးတို့အား တက္ကသိုလ်၊ကောလိပ် ၃၀ တို့မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၂၆၁ ဦးနှင့် ဒေသခံလုပ်အားပေးဆရာ ဆရာမများက အားကြိုးမာန်တက် သင်ကြားပေးလျက်ရှိနေကြပြီဖြစ်သည်။

အလှူတကာ့ အလှူတွင် တရားအလှူသည်အမြတ်ဆုံးဟု ရှင်တော်ဗုဒ္ဓမိန့်ဆိုစကားအတိုင်း ယခုလို မျက်စိဖွင့်ပညာအလှူတွင် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအပြင် နယ်မြေခံတပ်မတော်သားများကလည်း ပူးပေါင်းပါဝင်ကာ ပညာဒါနပြုလာနေကြသည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများက ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၁ မြို့နယ်ရှိ ကျေးရွာ ၁၃ ရွာတွင် သက်ကြီးစာမတတ်သူ ၃၃၇ ဦး အား မတ် ၁၀ ရက်မှ ဧပြီ ၄ ရက်အထိ အခြေခံစာတတ်မြောက်ရေးအောင်မြင်စွာသင်ကြားပို့ချနိုင်ခဲ့ကြောင်း သတင်းစာတွင် ဖတ်လိုက်ရသည်။ ပညာမျက်စိအလင်းရရှိရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ရာ ထိုတာဝန်ကိုကျေပွန်နိုင်ရေး ဆရာ၊ကျောင်းသား၊ တပ်မတော်သားများက ကြိုးစားပမ်းစား တာဝန်ယူဆောင်ရွက်နေကြပြီဖြစ်သည်။

ဤအင်အားစုများ၏ လုပ်ဆောင်ချက်ကြောင့် မိမိတို့နိုင်ငံ၏ စာတတ်မြောက်မှုနှုန်းထားသည် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ထောင်စုနှစ် ရည်မှန်းချက်ဖြစ်သော ၉၅ ရာခိုင်နှုန်းထက် ကျော်လွန်သွားမည်မှာ သေချာသည်။ ပညာရှင်များကလည်း ဤအတိုင်းခန့်မှန်းထားကြသည်။ ၂၀၀၀ ပြည့်နှစ်က မိမိတို့နိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၁ ရာခိုင်နှုန်းကျော် ရှိထားပြီးဖြစ်ရာ လက်ရှိအရှိန်အဟုန်အတိုင်းဆိုလျှင် ၂၀၁၅ ခုနှစ်တွင် ၉၅ ရာခိုင်နှုန်းကျော်သွားလိမ့်မည်ဟု ကျောင်းပြင်ပပညာရေးလုပ်ငန်းအဖွဲ့မှ ခန့်မှန်းထားသည်။

မိမိတို့နိုင်ငံ၏ ရှေးအတီတေက ပညာရေးသမိုင်းကို ကြည့်လျှင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အစပြုခဲ့ကြောင်းတွေ့ရသည်။ ပုဂံခေတ်ပွဲကျောင်းများသည် အစောဆုံးသော သမိုင်းအထောက်အထားဖြစ်သည်။ သဒ္ဒါ၊ သင်္ချိုဟ်၊ လောကုတ္တရာ စာပေနှင့် ဗေဒင်၊ ဆေးကျမ်း၊ လောကီပညာရပ်များကို သန်ရာသန်ရာ ပို့ချပေးရာ တက္ကသိုလ်ကျောင်းများပင်ဖြစ်သည်။ နောက်ဆုံးမြန်မာဘုရင်များဖြစ်ကြသည့် မင်းတုန်းမင်းနှင့် သီပေါမင်းတို့သည် ဘုန်းတော်ကြီးကျောင်းတွင် ပညာရည်နို့သောက်စို့ခဲ့ကြသူများဖြစ်ကြသည်။ ငါးခြောက်တစ်ပြားကိုမှ လုံခြုံအောင် မထိန်းသိမ်းတတ်လျှင် တိုင်းပြည်ကို ဘယ်လိုအုပ်ချုပ်မည်နည်း” ပြောလည်းပြော၊ ရိုက်လည်းရိုက်နှင့် ဆရာတော်ဘုရား၏ “ကြိမ်” စာမိခဲ့သော မင်းတုန်းမင်းသားငယ်ဘဝအကြောင်းကို “မင်းတုန်းမင်းနှင့် ငခြောက်ပြား”ဆောင်းပါးတွင် ဖတ်ခဲ့မှတ်ခဲ့ဖူးပါသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၏ကျေးဇူးကြောင့် မိမိတို့နိုင်ငံသားအားလုံးနီးပါး ၈၅ ရာခိုင်နှုန်း စာတတ်ခဲ့ကြသည်။ ဤသည်မှာ နယ်ချဲ့လက်အောက်မကျရောက်မီကာလကဖြစ်သည်။ နယ်ချဲ့လက်အောက် နှစ်ပေါင်း ၁၀၀ ကျော် ကျွန်သပေါက်ဘဝမှာ ပညာရေးအကြီးအကျယ်နိမ့်ကျခဲ့ရသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိလာချိန် မိမိတို့နိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းခန့်သာ ကျန်နေခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ၁၉၄၈ ခုနှစ် ကတည်းက အစပြုခဲ့ရသည်။ နိုင်ငံပြန်လည်တည်ဆောက်ရေးနှင့်အတူ ပညာရေးမြှင့်တင်မှုကိုလည်း အရှိန်အဟုန်နှင့် တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြရသည်။

လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ စာတတ်မြောက်မှုကို လူထုအသွင်ဖြင့် လှုပ်ရှားခဲ့မှုသမိုင်းကို ပြန်ကြည့်လျှင် ၁၉၄၈ မှ ၁၉၆၀ ထိ တစ်ကြိမ်၊ ၁၉၆၄ မှ ၁၉၈၈ ထိတစ်ကြိမ်နှင့် ၁၉၈၉ မှ ၂၀၁၂ ထိ တစ်ကြိမ် သုံးကြိမ်တိုင်တိုင် လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ ယခု စတုတ္ထအကြိမ်မြောက် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ၂၀၁၃ ခုနှစ်မှအစပြုကာ မြို့နယ်ပေါင်း ကိုးမြို့နယ်တွင် စာမတတ်သူ ၂၂၄၁၇ ဦးတို့အား ကျောင်းသား၊ဆရာပူးပေါင်းအားနှင့် သင်ကြားတတ်မြောက်စေခဲ့ပြီးဖြစ်ပါသည်။ ယခုတစ်ဖန် ၂၀၁၄ ခုနှစ်တွင် စဉ်ဆက်မပြတ် မြို့နယ် ၂၉ မြို့နယ်ထိ တိုးချဲ့ဆောင်ရွက်လာနိုင်ပါသည်။ ထောင်စုနှစ်ရည်မှန်းချက်နှစ်ဖြစ်သည့် ၂၀၁၅ ခုနှစ်အရောက်တွင် တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်မည်ဆိုပါလျှင် မိမိတို့နိုင်ငံ “ပိုလီယိုကင်းစင်မှု” ကမ္ဘာကအသိအမှတ်ပြုသလို စာမတတ်သူ ပပျောက် “ပညာရေးပိုလီယိုကင်းစင်မှု” ကိုလည်း ကမ္ဘာသိကြေညာနိုင်တော့မည်အမှန်ဖြစ်ပါကြောင်း။ ။

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်

နေပြည်တော် ဧပြီ ၆

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ဌာနမှ ညွှန်ကြားရေးမှူးချုပ် မစ္စတာကင်မြုံဂျေးလ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား အစည်းအဝေးတက်ရောက်ရန် ဧပြီ ၃ ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်ပြီး ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

မစ္စတာကင်မြုံဂျေးလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ရောက်ရှိနေစဉ်အတွင်း ဧပြီ ၄ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်တွေ့ဆုံခဲ့ပြီး မစ္စတာကင်မြုံဂျေးလ်သည် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်နှင့် နှစ်နိုင်ငံဆက်ဆံရေးအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးသစ်လင်းအုန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၆

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပလျက်ရှိသော ပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စာဖြေဌာနများတွင် စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ ပထမငယ်/ပထမလတ်/ပထမကြီး စာရင်းသွင်း သံဃာ/သီလရှင် ၆၃၉၃၃ ပါးအနက် ၅၀၃၇၉ ပါး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၈၀ ရာခိုင်နှုန်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးဝင်းမောင်အား ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစံမြင့်ဦးအား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)



မီးကြွင်းမီးကျန်မထားရန် ကျင့်ကြံသတိအမြဲရှိ



ပြည်တွင်းရေးရာ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် UWSA 'ဝ' အဖွဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူရိ၊ SSA (ဝမ်ဟိုင်း) အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခေးတိုင်းတို့အားလက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် SSA (ဝမ်ဟိုင်း)အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခေးတိုင်း ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

နေပြည်တော် ဧပြီ ၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် UWSA "ဝ" အဖွဲ့မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူရိ ဦးဆောင်သော အဖွဲ့နှင့်လည်းကောင်း၊ နံနက် ၉ နာရီ တွင် SSA (ဝမ်ဟိုင်း) အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခေးတိုင်း ဦးဆောင်သည့်အဖွဲ့နှင့်လည်းကောင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး UWSA "ဝ" အဖွဲ့မှ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးပေါက်ယူရိနှင့် တာဝန်ရှိသူများ၊ SSA (ဝမ်ဟိုင်း) အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးခေးတိုင်း၊ အထွေထွေအတွင်းရေးမှူး(၁) ဦးစဝ်ခွန်ဆိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အတွက် စိတ်တူကိုယ်တူ ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် ယုံကြည်မှုခိုင်မာလာမည်ဖြစ်၍ အားလုံးတက်ညီလက်ညီဖြင့် ပူးပေါင်းလုပ်ကိုင်ကြရန် ဆန္ဒပြုပါကြောင်း၊ မြန်မာစာ၊ မြန်မာစကားသည်ပြည်ထောင်စုဘာသာစကားဖြစ်၍ ပြည်ထောင်စုနယ်မြေအတွင်း ကူးလူးဆက်သွယ်မှုဆောင်ရွက်နိုင်ရန် မဖြစ်မနေ သင်ကြားတတ်မြောက်ရန်လိုအပ်ပါကြောင်း၊ မူပိုင်ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများကို ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားများ၏ရိုးရာယဉ်ကျေးမှုများကိုလည်း သိရှိလေ့လာရန်လိုပါကြောင်း၊ မိမိတို့အားလုံး ညီညီညွတ်ညွတ် သစ္စာရှိရှိဖြင့် တိုင်းပြည်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် လိုပါကြောင်း၊ ပြည်သူအားလုံး တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လက်တွဲ၍ လျှောက်လှမ်းရန် လိုပါကြောင်း၊ ပြည်သူသည် မိဘဖြစ်သကဲ့သို့ တိုင်းရင်းသား အားလုံးသည်လည်း မိသားစုများပင်ဖြစ်၍ ပြည်သူကို ထိခိုက်နစ်နာမှုမရှိရန် လိုပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်၏ အနှစ်အရသာကို မျိုးဆက်သစ်လူငယ်များ ခံစားနားလည်နိုင်ရန် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအတွင်းရှိ နေရာဒေသအားလုံးသည် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်၍ ကိစ္စရပ်များကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ်ဖြေရှင်းသွားရန် လိုအပ်ပါကြောင်း၊ အရေးကြီးမှု သွေးစည်းရန် မဟုတ်ဘဲ အချိန်တိုင်းတွင် သွေးနီး၍ သွေးစည်းနေရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်တိုးတက်စေရေးအတွက် အရေးကြီးဆုံးမှာ အပြန်အလှန်ယုံကြည်မှုပင်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များအား အပြန်အလှန် အမြင်ချင်းဖလှယ်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က UWSA "ဝ" အဖွဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူရိနှင့် SSA (ဝမ်ဟိုင်း)အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခေးတိုင်းတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်သူ့စစ်တပ်ဖွဲ့များသည် တိုင်းပြည်လွတ်လပ်ရေးရပြီး နယ်မြေတည်ငြိမ်မှုမရှိချိန်မှစ၍ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် သမိုင်းအစဉ်အလာကောင်းများဖြင့် ဆောင်ရွက်ခဲ့

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ ပြည်သူ့စစ်တပ်ဖွဲ့ ၂၇ ဖွဲ့မှ ခေါင်းဆောင်များအား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

နေပြည်တော် ဧပြီ ၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်ယနေ့ညနေ ၅ နာရီတွင် တိုင်းစစ်ဌာနချုပ် ရွှေလီရိပ်သာဧည့်ခန်းမ၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ပြည်သူ့စစ်တပ်ဖွဲ့ ၂၇ ဖွဲ့မှ ခေါင်းဆောင်များအား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ ခေါင်းဆောင် ၂၇ ဦးတို့ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့စစ်တပ်ဖွဲ့များသည် တိုင်းပြည်လွတ်လပ်ရေးရပြီးနယ်မြေတည်ငြိမ်မှုမရှိချိန်မှစ၍ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် သမိုင်းအစဉ်အလာကောင်းများဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင် အကျပ်အတည်းများစွာကြားမှ ပြည်သူ၊ တပ်မတော်နှင့်လက်တွဲ၍ ဒေသဆိုင်ရာ ကာကွယ်ရေးတာဝန်များကို ကူညီဆောင်ရွက်ခဲ့ကြကြောင်း၊ တိုင်းပြည်ချစ်စိတ်၊ ဒေသချစ်စိတ်၊ တိုင်းရင်းသားအသိစိတ်များ စသောကောင်းသောရည်ရွယ်ချက်အမျိုးမျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်နေမှုကို အသိအမှတ်ပြုပါကြောင်း၊ ပြည်သူ့စစ်တပ်ဖွဲ့များသည် ပြည်သူကြားက ပေါက်ဖွားလာသူများဖြစ်ပြီး တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ယုံကြည်လက်ခံပါကြောင်း၊ ပြည်သူ့စစ်တပ်ဖွဲ့များအနေဖြင့် မိမိအစီအစဉ်ဖြင့်ရပ်တည်၍ နိုင်ငံတော်နှင့် ဒေသလုံခြုံရေးအတွက် စိတ်စေတနာအလျောက် တာဝန်ထမ်းဆောင်နေကြသူများဖြစ်သဖြင့် မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြင့် ရပ်တည်ဆောင်ရွက်သွားနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဂုဏ်ပြုအမှာစကား ပြောကြားရာ ပြည်သူ့စစ်ခေါင်းဆောင်များကလည်း နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ကတိပြုပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်သူ့စစ်တပ်ဖွဲ့ခေါင်းဆောင်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပိုလန်ရှိ နေတိုးတပ်ဖွဲ့များ အင်အားဖြည့်တင်းမည်ဟု ဝန်ကြီးချုပ် ပြောကြား

ဝါဆော မေ ၆

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)သည် ပိုလန်နိုင်ငံအတွင်း၌ တပ်စွဲထားသည့် ၎င်း၏ စစ်အင်အားကို မကြာမီကာလအတွင်း ထပ်မံ အင်အားဖြည့်တင်းမည်ဖြစ်ကြောင်း ပိုလန်ဝန်ကြီးချုပ် ဒိုနဲလ်တပ်စ်က စနေနေ့တွင် ပြောကြားခဲ့သည်။

ယင်းသို့လုပ်ဆောင်မှုသည် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ၏ ခရိုင်းမီးယား ဒေသကို သိမ်းယူပြီးသည့်နောက် အရှေ့ဥရောပအတွင်းမှ ထိတ်လန့်လျက်ရှိသော မဟာမိတ်ကို ကူညီနိုင်သော ဆောင်ရွက်မှုဖြစ်သည်။

ယူကရိန်းနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော ပိုလန်နိုင်ငံ အပါအဝင် အရှေ့ဥရောပအဖွဲ့ဝင် နိုင်ငံများအတွင်းနေတိုး ကာကွယ်ရေး အင်အားဖြည့်တင်းရန်အတွက် အစီအစဉ်များ ရေးဆွဲရေးကို စစ်ဘက်တပ်မှူးများအား အမေရိကန် ဦးဆောင်သည့် မဟာမိတ်အဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများက အမိန့်ပေးပြီးနောက် သုံးရက်အကြာတွင် တပ်စ်က ထုတ် ဖော်ပြောဆိုခဲ့ခြင်းဖြစ်သည်။

မေ ၁၅ ရက်ထက် နောက်မကျဘဲ အသေးစိတ် အစီအစဉ်များနှင့် ပြန်လာကြရန် စစ်ရေးစီမံကိန်းရေးဆွဲသူများကို ခိုင်းစေခဲ့သည်။ စီမံကိန်းရေးဆွဲသူများသည် နည်းလမ်းများ ရွေးချယ်နေဆဲဖြစ်၍ အသေးစိတ် အချက်အလက်များကို ထုတ်ဖော်ပြောကြားရန် စောလွန်းနေသေးကြောင်း နေတိုးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နည်းလမ်းများတွင် နေတိုး လျှပ်တစ်ပြက်တပ်ဖွဲ့များကို ပိုမိုလျင်မြန်စွာ ဖြန့်ကြက်ခြင်းနှင့် အရှေ့ဥရောပ မဟာမိတ်နိုင်ငံများသို့ နေတိုးတပ်ဖွဲ့ဝင်များနှင့် လက်နက်များ ပေးပို့ခြင်း၊ အင်အားဖြည့်တင်းခြင်းနှင့် စစ်ရေးလေ့ကျင့်ခြင်းတို့ ပါဝင်နိုင်သည်ဟု ဆိုသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် ဥရောပတိုက်နှစ်ခြမ်းကွဲ၍ ဆိုဗီယက်ပြည်ထောင်စု၏ ခြယ်လှယ်မှုအောက် နှစ်ပေါင်း ၄၀ ကျော်နေခဲ့ရသော ပိုလန်သည် ၎င်း၏ နိုင်ငံအတွင်း၌ အမေရိကန်တပ်ဖွဲ့များတပ်စွဲခြင်းကို တွေ့မြင်ရရန် စိတ်အားသန်လျက် ရှိသည်ဟု ဆိုသည်။

ရိုက်တာ။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ချတ်ဟေဂဲလ်အား ဂျပန်ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုစဉ်။

ဒုံးကျည်ကာကွယ်ရေး ဖျက်သင်္ဘောနှစ်စင်း အမေရိကန်က ဂျပန်သို့ စေလွှတ်မည်

တိုကျို မေ ၆

အမေရိကန်ပြည်ထောင်စုသည် ၎င်း၏ ဒုံးကျည်ကာကွယ်ရေး ဖျက်သင်္ဘောနှစ်စင်းအား ဂျပန်နိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ချတ်ဟေဂဲလ်က ပြောကြားကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းစေလွှတ်မည့် သင်္ဘောများသည် ဂျပန်နိုင်ငံတွင် ရောက်ရှိနေသည့် အခြားစစ်သင်္ဘောငါးစင်းနှင့် ပူးပေါင်းကာ ၂၀၁၇ ခုနှစ်တိုင်အောင် တပ်ချထားမည်ဟုဆိုသည်။

မကြာသေးမီရက်များအတွင်းက မြောက်ကိုရီးယားနိုင်ငံမှ ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုများအား တန်ပြန်လုပ်ဆောင်မှုတစ်ရပ်အဖြစ် အမေရိကန် ကာကွယ်ရေးဝန်ကြီး၏ ဂျပန်နိုင်ငံခရီးစဉ်အတွင်း အထက်ပါ ကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် ၎င်း၏ အိမ်နီးချင်းနိုင်ငံများအကြား ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုများနှင့် ပတ်သက်၍ တရုတ်အာဏာပိုင်များအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုကို လေးစားသင့်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက အာရှဒေသတွင် ဒုံးကျည်ကာကွယ်ရေးစွမ်းအားတိုးချဲ့မည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးက ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဂျပန်နိုင်ငံတွင် ရေဒါများ ဖြန့်ကြက်ဖြည့်စွက်ချထားမှုများ ပြုလုပ်ခဲ့ကာ ၎င်းအစီအစဉ်အရ မြောက်ကိုရီးယားနိုင်ငံမှ ပစ်လွှတ်သော မည်သည့်ဒုံးကျည်လက်နက်ကိုမဆို လမ်းကြောင်းခြေရာခံ လိုက်နိုင်သည်ဟု ဆိုသည်။ **ဘီဘီစီ။**

အီရန်သို့ လေယာဉ်အစိတ်အပိုင်းများ ရောင်းရန် ဘိုးရင်းကုမ္ပဏီကို အမေရိကန်ခွင့်ပြု

ဝါရှင်တန် မေ ၆

အီရန်နိုင်ငံသို့ အရပ်ဘက်သုံးလေယာဉ် အစိတ်အပိုင်းများ ရောင်းချရန် ဘိုးရင်းလေယာဉ်ကုမ္ပဏီကို အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့ကြောင်း ကုမ္ပဏီ၏ပြောရေးဆိုခွင့်ရှိသူက စနေနေ့တွင် ပြောကြားခဲ့သည်။

၁၉၇၉ ခုနှစ်နောက်ပိုင်း ဘိုးရင်းကုမ္ပဏီသည် တီဟီရန်နှင့် ဆက်ဆံမှု မရှိခဲ့ပေ။

ကုမ္ပဏီက ထုတ်ပြန်သောကြေညာချက်တွင် လေယာဉ်များ အန္တရာယ်ကင်းစွာပျံသန်းနိုင်ရေးအတွက် ခွင့်ပြုခြင်းဖြစ်ကြောင်း ဖော်ပြသည်။

ဤသို့ လုပ်ဆောင်ခြင်းသည် ယမန်နှစ်၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တီဟီရန်အကြား စီးပွားရေး အရေးယူပိတ်ဆို့မှုများ ဖြေလျှော့ပေးရန် ယာယီသဘောတူညီချက်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ဗြိတိန်၊ တရုတ်နှင့် အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံများက စီးပွားရေး အရေးယူမှုကို လျှော့ပေါ့ပေးပြီး အပြန်အလှန်အားဖြင့် အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်ကို ခြောက်လ ရပ်ဆိုင်းထားရန် သဘောတူခဲ့သည်။ **ဘီဘီစီ။**

ဂျော်ဒန်နိုင်ငံမြောက်ပိုင်းမှ ဆီးရီးယားဒုက္ခသည်စခန်းတစ်နေရာအား တွေ့ရစဉ်။

ဂျော်ဒန်နိုင်ငံမြောက်ပိုင်းရှိ ဒုက္ခသည်စခန်း၌ ရဲတပ်ဖွဲ့ဝင်များနှင့် ဆီးရီးယားဒုက္ခသည်များ တိုက်ခိုက်

အမ္မန် မေ ၆

ဂျော်ဒန်နိုင်ငံမြောက်ပိုင်းရှိ ဇာတာရီအမည်ရှိ ဆီးရီးယားဒုက္ခသည် စခန်းတွင် ဂျော်ဒန်ရဲတပ်ဖွဲ့ဝင်များနှင့် ဆီးရီးယား ဒုက္ခသည်များ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ ဂျော်ဒန်ရဲတပ်ဖွဲ့ဝင် ၂၂ဦးထက်မနည်းအား ဆေးရုံသို့ တင်ခဲ့ရကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဒုက္ခသည်စခန်း ဆူပူမှုတွင် လူအသေအပျောက် ရှိသည်ဟူသော သတင်းများကို ဂျော်ဒန်အာဏာပိုင်များက ငြင်းဆိုခဲ့သည်။ ဂျော်ဒန်လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒုက္ခသည်အုပ်စုက ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်း၊ ဒုက္ခသည်များ ယာယီတဲများနှင့် ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်းများကြောင့် မျက်ရည်ယိုဗုံးဖြင့် ပစ်ခတ်ကာ လူစုခွဲခဲ့ရသည်။

ဆန္ဒပြ

ပြန့်ကျဲတည်ရှိနေသည့် အဆိုပါ ဒုက္ခသည်စခန်းတွင် ဆီးရီးယားဒုက္ခသည်ဦးရေ ၁၀၆၀၀၀ ကျော်ရှိပြီး လွန်ခဲ့သည့် နှစ်နှစ်ခန့်က စတင်ဖွင့်လှစ်ခဲ့သော ဒုက္ခသည်စခန်းဖြစ်သည်။ ယင်းသက်တမ်းကာလအတွင်း ဆန့်ကျင်ဆန္ဒပြမှုအချို့ရှိခဲ့ပြီး ယင်းသို့ ဆန္ဒပြရခြင်း၏ အဓိကအချက်မှာ ဒုက္ခသည်များ၏ အလွန်ဆိုးရွားသော လူမှုနေထိုင်မှုကြောင့်ဖြစ်သည်။

အဆိုပါ ဆီးရီးယားဒုက္ခသည်စခန်းသည် ဂျော်ဒန်သဲကန္တာရတွင် တည်ရှိပြီး ဆီးရီးယားနယ်စပ်နှင့် ၁၂ ကီလိုမီတာ (ခုနစ်မိုင်) ဝေးကွာသည်။

ဘီဘီစီ။



မတ် ၂၅ ရက်က ကင်ညာနိုင်ငံ မာဆီမာယာ သဘာဝဘေးမဲ့တောအတွင်းရှိ မိကျောင်းတို့ကြီးစိုးသော မြစ်အတွင်း သွေးရိုးသားရိုး သေဆုံးသွားသည့် ရေမြင်းတစ်ကောင်အား ရေသတ္တဝါမိကျောင်းများနှင့် ဆာလောင်နေသည့် ခြင်္သေ့ကြီးတစ်ကောင်တို့ အစာအလို့ငှာ ရဲဝံ့စွာတိုက်ခိုက်နေပုံကို ဓာတ်ပုံဆရာတစ်ဦးက ဤသို့ မှတ်တမ်းတင်နိုင်ခဲ့သည်။

ဆော်လမွန်ကျွန်း ရေလွှမ်း ၁၄ ဦးသေဆုံး

ဟိုနီယာရာ(ဆော်လမွန်ကျွန်း) မေ ၆

ဆော်လမွန်ကျွန်းတွင် ရုတ်တရက်ရေလွှမ်းမိုးသဖြင့် ၁၄ဦး သေဆုံး၍ ထောင်ပေါင်းများစွာသော ကျွန်းသားများ အိုးမဲ့အိမ်မဲ့ဖြစ်ရကြောင်း အေပီသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

အစိုးရပြောရေးဆိုခွင့်ရှိသူ ဂျော့ဟာမင်းက စနေနေ့တွင် ပြောကြားရာ၌ စာရင်းအရ ပျောက်ဆုံးနေသူအများအပြားရှိနေသည့်အတွက် သေဆုံးသူဦးရေ ပိုမိုများပြားလာနိုင်သည်ဟုဆိုသည်။ လူဦးရေ ၁၅၀၀၀ မှာ ၎င်းတို့နေအိမ်များ ပျက်စီးသွားသဖြင့် နေထိုင်ရန် အခက်အခဲနှင့်ကြုံတွေ့နေရသည်ဆို၏။ ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းရှိ ကျွန်းနိုင်ငံတွင် လူဦးရေ ၆၀၀၀၀၀ခန့် နေထိုင်လျက်ရှိသည်။

ရက်ပေါင်းအတန်ကြာ မိုးအဆက်မပြတ် ရွာသဖြင့် ကြာသပတေးနေ့တွင် မြို့တော် ဟိုနီယာရာရှိ မာတာနီကိုမြစ် ရေလျှံ၍ မြစ်အနိမ့်ပိုင်းဒေသတစ်လျှောက်၌ ရေကြီးခဲ့သည်။ သောကြာနေ့တိုင်အောင် ဆက်လက်ရေကြီးလျက် ရှိရာမှ စနေနေ့တွင် တဖြည်းဖြည်း ကျစပြုပြီဖြစ်ကြောင်း ဟာမင်းက ပြောကြားသည်။

နယူးဇီလန်အစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နယူးဇီလန်ဒေါ်လာ ၃၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၅၈၀၀၀) ထောက်ပံ့ရန် ကတိပြုခဲ့သည်။ **အေပီ။**

❍ ကျောဖုံးမှ

နှစ်ဖက် Technical Team များက ရင်းနှီးခင်မင်စွာ ဆက်လက်ဆွေးနွေးကြသည်။

ယနေ့ဆွေးနွေးပွဲနှင့် ပတ်သက်၍ Myanmar Peace Center မှ ဦးလှမောင်ရွှေက "ထူးခြားမှုက ဆွေးနွေးပွဲအကြိမ် များလာတာနဲ့အမျှ ရင်းနှီးမှုပိုမိုလာတယ်။ အလျှော့အတင်းတွေလည်းရှိတယ်။ ဆွေးနွေးပွဲရက်သတ်မှတ်နိုင်ဖို့ကိစ္စကတော့ အခုအချိန်အထိ ပြောလို့မရသေးပါဘူး။ နောက်ရက်တွေမှ သိမယ်ထင်ပါတယ်။ အမြင်တွေကို နှစ်ဖက်ကျေလည်အောင်ညှိရတာဖြစ်တဲ့အတွက် အချိန်လိုမယ်။ တိုင်းရင်းသားတွေကလည်း မူကြမ်းတစ်ခု ဆွဲလာတာရှိတယ်။ ပြည်ထောင်စုဘက်ကလည်း ပြင်ဆင်ထားတာရှိတယ်။ ဘာမှမကွဲလွဲဘူးဆိုရင် ဆွေးနွေးတာဘယ်ရှိမလဲ၊ ဆွေးနွေးပွဲကို အပြုသဘောနဲ့ အကောင်းမြင်ပါတယ်။ လွယ်လွယ်မဖြစ်နိုင်ပေမယ့် အခုချိန်ထိကတော့ ထူးထူးခြားခြားကောင်းမွန်စွာ သွားနေပါတယ်။ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့ သွားရမယ့်လမ်းက ပါဝင်သင့်ပါဝင်ထိုက်တဲ့ သူတွေကို ငြိမ်းချမ်းရေးတွေ့ဆုံပွဲမှာသာ အဖြေထုတ်နိုင်မယ်လို့ သမ္မတကြီးက အကြိမ်ကြိမ်ပြောထားပါတယ်။

ဒါကြောင့် ငြိမ်းချမ်းရေးကိုဖိတ်ခေါ်မယ်၊ အပစ်အခတ်ရပ်မယ်၊ တိုင်းရင်းသားအဖွဲ့အများကြီးနဲ့ ဆွေးနွေးမယ်၊ ပြီးရင် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမယ်၊ နောက်ဆုံးအနေနဲ့ဆွေးနွေးပွဲက သဘောတူညီချက်တွေကို ပဋိညာဉ်စာချုပ် ရေးဆွဲအကောင်အထည်ဖော်မယ်၊ ဒီနေ့အပစ်အခတ်ရပ်စဲရေး စာချုပ် မူကြမ်းပါနိဒါန်းနဲ့ အခန်း(၁)ကို နှစ်ဖက်စလုံး ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါတယ်။ သူ့အမြင်ကိုယ့်အမြင်တွေရှိပေမယ့် သဘောတူညီချက်ကို ရအောင်ယူမှာဖြစ်တဲ့အတွက် စာတစ်ကြောင်းချင်း၊တစ်ပုဒ်ချင်း ဆွေးနွေးကြပါတယ်။ ဘားအံဆွေးနွေးပွဲကတော့ အခုဆွေးနွေးပွဲအပေါ် မူတည်ပြီး ဘယ်တော့လုပ်မယ်ဆိုတာ ပြောနိုင်မယ်။ ပါဝင်သင့် ပါဝင်ထိုက်တဲ့သူတွေ အားလုံးပါဝင်တဲ့နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲကြီးကတော့ ဒီနှစ်မကုန်မီ ဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်" ဟုပြောသည်။

အလားတူ NCCT အဖွဲ့မှ ဒုတိယအဖွဲ့ခေါင်းဆောင် ဖဒိုစောကွယ်ထူးဝင်းက" တစ်ပြည်လုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စာချုပ်ရဲ့ စာသားတွေကို ညှိနှိုင်းနေတာဖြစ်ပါတယ်။ ဒီမနက်ပိုင်းမှာ မနေ့ညနေက ဆွေးနွေးပြီး သဘောတူထားတဲ့ ခေါင်းစဉ်ခွဲတွေကို ပြန်လည်သုံးသပ်အတည်ပြုတယ်။ ပြီးမှ ဆက်ဆွေးနွေးတယ်။ ဆွေးနွေးညှိနှိုင်းတဲ့နေရာမှာလိုအပ်တဲ့ အမြင်သဘောထား Concept ကို အရင်ဆွေးနွေးပြီး စာသားဘယ်လိုရေးမလဲဆိုတာကို ဆွေးနွေးနေတာဖြစ်တယ်။ အခြေခံမူကို ညှိနှိုင်းဆောင်ရွက်တာ မပြီးသေးဘူး။ အခြေခံမူပေါ် မူတည်ပြီး တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေး ရှေ့ဆက်ဘယ်လို ဆောင်ရွက်မလဲဆိုတာ မနက်ဖြန် ဆက်ပြီးဆွေးနွေးဖို့ဆုံးဖြတ်ထားပါတယ်" ဟုပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဧပြီ ၇ ရက်တွင် တတိယနေ့အဖြစ် ဆက်လက်ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ နေပြည်တော်မှ

ဖြစ်စဉ်က အခုလာပြီးတော့ ဖြစ်တာပါ။ ဘယ်လိုဖြစ်သလဲဆိုရင် လေအေးနဲ့ လေနွေးတွေ့တဲ့အတွက်ကြောင့် လေထုအခြေမခိုင်မှုဖြစ်ပြီး မိုးတိမ်တောင်တွေ အချိန်တိုတိုအတွင်းမှာ ဖြစ်ပေါ်လာပါတယ်။ အဲဒီဖြစ်ပေါ်လာတဲ့ မိုးတိမ်တောင်တွေရဲ့ သဘောသဘာဝက သူ့တိမ်ထဲမှာ လျှပ်စီးလက်ခြင်း ၊ မိုးထစ်ချုန်းခြင်း၊ မိုးသီးကြွေခြင်း၊ လေပြင်းတိုက်ခြင်း၊ ခေတ္တမျှမိုးသည်းထန်ခြင်းဆိုတဲ့ ဖြစ်စဉ်တွေကို ဖြစ်စေပါတယ်။ အဲဒီတိမ်တိုက်တွေက မြန်မာနိုင်ငံအလယ်ပိုင်းကစပြီး ရှမ်းပြည်နယ်အထိ တန်းစီပြီးတော့ သွားနေပါတယ်။ အဲဒီလိုသွားနေတဲ့ ဖြစ်စဉ်ကတော့ အချိန်ကာလအားဖြင့် ၂၄ နာရီလောက်သာ ကြာလေ့ရှိပါတယ်။

အဲဒါကြောင့် အခုမိုးရွာတဲ့ဖြစ်စဉ်ကို မြန်မာနိုင်ငံအရပ်ရပ်မှာ ကြည့်မယ်ဆိုရင် ကျိုင်းတုံမှာတော့ လောလောဆယ်တော့ မိုးဖွဲကျတဲ့အဆင့်ပဲရှိခဲ့ပါတယ်။ တောင်ကြီးမြို့မှာတော့ ၁ မီလီမီတာ ရွာပါတယ်။ နမ့်ဆန် မှာတော့ ၃ မီလီမီတာ ရွာပါတယ်။ မိတ္ထီလာမှာ ၂၀ မီလီမီတာ ရွာပါတယ်။ ရမည်းသင်းမှာတော့ ၂၄ မီလီမီတာ၊ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမှာ ၁၀ မီလီမီတာ၊ ရေဆင်းမှာ ၆ မီလီမီတာ၊ ဇမ္ဗူသီရိမြို့နယ်မှာ ၁၉ မီလီမီတာ၊ လွိုင်ကော်မှာတော့ မိုးဖွဲကျပါတယ်။ သပြေကုန်းမှာ ၁၃ မီလီမီတာ ရွာသွန်းခဲ့ပါတယ်။

အဲ့ဒီလိုမျိုး မိုးရွာတဲ့အခါမှာ စောစောကကျွန်တော်တင်ပြခဲ့သလိုပဲ ဒီကြားထဲမှာ မိုးထစ်ချုန်းခြင်း၊ လေပြင်း ကြားညှပ်တိုက်ခြင်း၊ မိုးရွာသွန်းခြင်းတို့ပဲဖြစ်ပါတယ်။ အဲ့ဒီလိုမျိုးရွာသွန်းတဲ့အချိန်မှာလည်း စောစောက နေပြည်တော်ရဲ့ လက်တွေ့ရွာသွန်းခဲ့တဲ့ပုံကို ကြည့်မယ်ဆိုရင် ၁၅ မိနစ်ကနေ မိနစ် ၂၀ လောက်ပဲ ကြာခဲ့ပါတယ်။ သို့သော်လည်း မြို့မစျေးတွေမှာ ရေတွေဝင်သွားတယ်၊ ပမာဏများတဲ့အတွက်ကြောင့် အဲ့ဒီဖြစ်စဉ်ဟာ ဒီနေ့ မွန်းလွဲ ၂ နာရီလောက်ကနေ မနက်ဖြန်မွန်းလွဲ ၂ နာရီလောက်အထိတော့ ဆက်ရှိနေပါဦးမယ်။ မနက်ဖြန်ဆိုရင်တော့ ရှမ်းပြည်ဘက်မှာ မိုးပိုများမယ်လို့ကျွန်တော်တို့ခန့်မှန်းပါတယ်။ အလားတူပဲ မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေဖြစ်တဲ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွေမှာ နေရာကွက်ကျားမိုးရွာနိုင်ပါတယ်။

မြစ်ဝကျွန်းပေါ်ဒေသတွေဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာ နေရာကွက်ကျားမိုးရွာနိုင်တယ်။ အထက်ပိုင်းဒေသဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သေးတယ်လို့ ကျွန်တော်တို့ ခန့်မှန်းထားပါတယ်။ ဒီဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီးတော့ နွေဦးကာလတွေမှာ မွန်းလွဲ၊ ညနေပိုင်းတွေမှာ အပူချိန်မြင့်တက်လာတဲ့အတွက်ကြောင့် မိုးတိမ်တောင်တွေဖြစ်ပေါ်လာပြီး လေပြင်းတိုက်ခြင်း ဖြစ်တတ်တဲ့အတွက်ကြောင့် မိုးဦးနွေဦးကာလမှာ ဖြစ်တတ်တဲ့သဘာဝဖြစ်စဉ်တွေကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ဖို့ဆိုပြီးတော့မှ ကျွန်တော်တို့နှစ်ကြိမ်သတင်းထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

အဲ့ဒီသတင်းထုတ်ပြန်ထားတဲ့ နှီးနွယ်တဲ့ဖြစ်စဉ်က အခုမြန်မာနိုင်ငံအရပ်ရပ်မှာ ထင်ထင်ရှားရှားဖြစ်လာခဲ့ပါတယ်။ အဲ့ဒီဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီးတော့ ပူးတွဲဖော်ပြထားတဲ့ ဂြိုဟ်တုတိမ်ပုံကိုကြည့်မယ်ဆိုရင် နေပြည်တော်ကောင်စီနယ်မြေအနီးတစ်ဝိုက်မှာ တိမ်တိုက်တစ်ခုတွေ့ရပါလိမ့်မယ်။ မြန်မာနိုင်ငံအလယ်ပိုင်းမှာ အဲ့ဒီကနေ အရှေ့ဆက်သွားရင် ရှမ်းပြည်နယ်တောင်ကြီးနားမှာ တိမ်တိုက်တစ်ခုတွေ့ရပါလိမ့်မယ်။ နောက်ကျိုင်းတုံ၊ တာချီလိတ်ဘက်မှာ တိမ်တိုက်ကြီးတစ်ခုတွေ့ရပါလိမ့်မယ်။ ဒီတိမ်တိုက်ကြီးသုံးခုဟာ မြန်မာနိုင်ငံအလယ်ပိုင်းမှာ တန်းစီပြီးတော့ ရှိနေပါတယ်။ အဲ့ဒီသုံးခုဟာနောက်ကနေရှေ့ကို ဆက်ပြီးရွေ့လျားမယ်လို့ဖော်ပြနေပါတယ်။

မေး။ ။ သင်္ကြန်ကာလမှာ ရွာသွန်းနိုင်တဲ့ မိုးအခြေအနေနဲ့ပတ်သက်ပြီး ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ ။ မြောက်ဘက်ကလေအေးတွေနဲ့ တောင်ဘက်က လေနွေးတွေ့တဲ့ဖြစ်စဉ်တွေဟာ ပုံမှန်အားဖြင့် ဘယ်အချိန်တွေမှာဖြစ်လည်းဆိုတော့ တိုက်တိုက်ဆိုင်ဆိုင်ပေါ့ သင်္ကြန်ကာလမှာဖြစ်တယ်။ နည်းနည်းအပူချိန်ပြင်းတယ်ဆိုရင်တော့ သင်္ကြန်မတိုင်ခင် တစ်ကြိမ်ရွာတယ်၊ သင်္ကြန်အလယ်လောက်မှာ တစ်ကြိမ်ရွာတယ်၊ သင်္ကြန်ပြီးမှာ တစ်ကြိမ်ရွာတယ်။ ဆိုလိုတဲ့သဘောက ဧပြီလ ပထမဆက်ရက်ပတ် ငါးရက်နဲ့ ၁၀ ရက်ကြားမှာ တစ်ကြိမ်ရွာတယ်။ ဧပြီလ ဒုတိယဆယ်ရက်ပတ် ၁၅ ရက်နဲ့ ၂၀ ရက်ကြားမှာတစ်ကြိမ်ရွာတယ်။ ပြီးရင် ဧပြီ ၂၅ ရက်နဲ့ ၃၀ ရက်ကြားမှာ တစ်ကြိမ်ရွာတယ်။ အဲ့ဒါကို ကျွန်တော်တို့မြန်မာပြည်သူလူထုတွေကတော့ သင်္ကြန်လက်ဆေးမိုး၊ သင်္ကြန်မိုးစသည်ဖြင့်ခေါ်ဆိုပါတယ်။ အခုနှစ်မှာတော့ ဧပြီ ၁၂ ရက်နဲ့ ၁၃ ရက်ဝန်းကျင်မှာ အလယ်ပိုင်းဒေသတွေဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေတွေမှာ သင်္ကြန်မိုးရွာနိုင်ပါတယ်။ အလားတူပဲ ဧပြီ ၁၂ ရက်နဲ့ ၁၃ ရက်ဝန်းကျင်မှာ ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ နေရာကွက်ကျားမိုးရွာနိုင်တယ်လို့ တင်ပြလိုပါတယ်။

ဘန်ဆာမိုရို ကျယ်ပြန့်သည့် သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်မှုအပေါ် အာဆီယံကြေညာချက်

၁။ အာဆီယံအနေဖြင့် ဖိလစ်ပိုင်သမ္မတနိုင်ငံအစိုးရနှင့် မိုရိုအစ္စလာမ်မစ်လွတ်မြောက်ရေး တပ်ဦးတို့အကြား ဘန်ဆာမိုရိုကျယ်ပြန့်သည့် သဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် မနီလာမြို့၌ လက်မှတ်ရေးထိုးနိုင်မှုကို ကြိုဆိုပါသည်။

၂။ အာဆီယံအနေဖြင့် ငြိမ်းချမ်းရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အထောက်အပံ့ ပြုပေးခဲ့သော မလေးရှားနိုင်ငံ၏ အပြုသဘောဆောင်သည့် အခန်းကဏ္ဍကို ချီးကျူးဂုဏ်ပြုလျက် ဘရူနိုင်းဒါရူဆလမ်နိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့၏ အဆိုပါ ငြိမ်းချမ်းရေးသဘောတူစာချုပ်အတွက် ပံ့ပိုးကူညီပေးမှုတို့ကိုလည်း အသိအမှတ်ပြုပါသည်။

၃။ အာဆီယံအနေဖြင့် သဘောတူစာချုပ်တွင် အကျုံးဝင်သည့် ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းရှိနယ်မြေများတွင် ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ဆက်လက်အားပေးထောက်ခံလျက်ရှိပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ကျောက်ပန်းတောင်းမြို့နယ် စက်ရေတွင်းတူးဖော်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၆

တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားလွင်အုပ်စု ချိုင်းကျေးရွာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း၌ ချိုင်းကျေးရွာ၊ ကံဇက်ကုန်းကျေးရွာ၊ ငါးရံ့ကုန်းကျေးရွာမှ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ ပိုမိုတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံးက တက်ညီလက်ညီ အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းသွားရန် ဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့်ပြောကြားသည်။

ထို့နောက် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာဆပ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမျိုးသမီးနှင့် ကလေးသူငယ်များအား စောင့်ရှောက်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျေးလက်ဒေသသောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော ကမ်းဖြူကျေးရွာအုပ်စု ကမ်းဖြူကျေးရွာတွင် အနက်ပေ ၉၀၀ ရှိသော လေးလက်မ စက်ရေတွင်းတူးဖော်ပြီးစီးမှုလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စိတ္တိန်းကျေးရွာ ကျေးလက်ဒေသမီးလင်းရေးအတွက် ဆိုလာမီးတပ်ဆင်ထားရှိမှုများကို လည်းကောင်း၊ တံငါ့ကန်ကျေးရွာအုပ်စု ကန်နီကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အနက်ပေ ၈၀၀ ရှိသော လေးလက်မစက်ရေတွင်း တူးဖော်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးဦး၊ လေဦးကာလ သတိပေးနှိုးဆော်

နေပြည်တော် ဧပြီ ၆

မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံ ရာသီမကျရောက်မီ မိုးဦး၊ လေဦးကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသ ဖြစ်စဉ်များဖြစ်ပေါ်နိုင်ပြီး လေပြင်းတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီ မကျရောက်မီ မိုးဦး၊ လေဦးကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြု နေထိုင်သွားကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လုံခြုံရေးမီးမှ ဝါယာရှော့ခ်ဖြစ်၍ ဆန်စက်ဟောင်း မီးလောင်

ကျောင်းကုန်း ဧပြီ ၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက်ရှိ ဆန်စက်ဟောင်းတစ်လုံးတွင် ဧပြီ ၆ ရက် နံနက် ၁ နာရီခန့်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးစီး၍ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ သန္ဓေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်သောဆန်စက်သည် ဆန်စက်ဟောင်းတစ်လုံးဖြစ်ပြီး ဆန်စက်၏ အနောက်ဘက်တွင်ရှိသော လုံခြုံရေးမီးမှ ဝါယာရှော့ခ်ဖြစ်ကာ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဆန်စက်ပိုင်ရှင်အား ကျောင်းကုန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းက ပ-၃၅/၂၀၁၄၊ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

မြန်မာမင်္ဂလာနှစ်သစ်

စန်းနီလာဝင်း

သက်ရှိသတ္တဝါတို့၏ အသက်ရှင်သန်ရပ်တည်နေထိုင်ခြင်း၏အကြောင်းရင်းမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားတို့ပေါ်တွင် တည်မှီနေသည်။ ဇရာဆိုသည်မှာ ရင့်ရော်ခြင်းသဘောကိုဆောင်ပါသည်။ ဘဝဆည်းဆာချိန်ရောက်သောအခါမှ အသက်တွေညောင်းလာပြီး ဇရာထောင်းလာရခြင်းမဟုတ်ရပါ။ အချိန်နှင့်အမျှ ရုပ်တရားသည် ဇရာသဘောသို့စဉ်ဆက်မပြတ်ရွေ့လျားပြောင်းလဲမြဲဖြစ်သည်။ ဇရာဟူသော အိုမင်းရင့်ရော်မှု သဘောသဘာဝသည် ရုပ်၊ နာမ်ဖြစ်တည်ကတည်းက ဇရာတရားသည် အမြဲတွယ်ကပ်၍ပါလာသည်။ ထို့ကြောင့် နှစ်သစ်တစ်နှစ်ကူးပြောင်းခါမှ အသက်တစ်နှစ်ကြီးပြီး ဇရာနှင့်ရင်ဆိုင်ရခြင်းမဟုတ်ပါ။ မွေးဖွားခြင်းဟူသော ဇာတိတရားရရှိလာကတည်းက ဇရာတရားသည်အမြဲကပ်၍ပါလာမြဲဖြစ်သဖြင့် အမြဲတမ်းအိုနေသည်ဟု ဆိုရမည်ဖြစ်သည်။

ယခုလိုနှစ်သစ်ကူးပြောင်းချိန်တွင် စာရေးသူသည် မိုးကုတ်တရားစခန်းဝင်ရင်းက မိမိဖြတ်သန်းရင်ဆိုင်ကြုံတွေ့ခဲ့ရသော အသက်အပိုင်းအခြားကာလများအတွင်း မိမိ၏အတ္တ ဘဝအကျိုး၊ မိမိပတ်ဝန်းကျင်၏ပရဟိတကောင်းကျိုး၊ မိမိပါဝင်ခဲ့သော အဖွဲ့အစည်းအသင်းအပင်း၊ မိမိတာဝန်ထမ်းဆောင်ခဲ့သောဌာန၏အကျိုးမှသည် နိုင်ငံတော်၏အကျိုးအတွက် မည်ရွေ့မည်မျှ မည်သည့်နေရာက ဆောင်ရွက်ခဲ့ပါသနည်းဟု မိမိကိုယ်မိမိ ပြန်လည်မေးမြန်းဆန်းစစ်ကြည့်မိသည်။

ထိုသို့တိုင်းတာသော ဘဝပေတံသည်သာ လောကီလူသားတစ်ယောက်အတွက် စစ်မှန်သောပြဒါးတိုင်တစ်ခုဖြစ်ပါလိမ့်မည်။ တမြန်နှစ်ကစာရေးသူ၏ဆေးပင်စင်စားဇနီးဖြစ်သူသည် လေဖြန်းသွားခဲ့ရာ ဆေးပညာဗဟုသုတအခံဖြင့် ဆေးကုသမှုဦးသွား၍သာ ကံကောင်းထောက်မစွာဖြင့် ဒုက္ခိတဝေဒနာရှင်ဘဝသို့ ရောက်ရှိမသွားခဲ့ပေ။ လူတိုင်းလူတိုင်းသည် အနေအထိုင်၊ အစားအသောက်တိမ်းချော်သွားပါက ဗျာဓိဟူသောနာခြင်းရောဂါကရုတ်တရက် ဝင်ရောက်နှိပ်စက်တတ်သည်။

မြန်မာစကားတစ်ခုတွင် "အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း" ဟူသောစကားသည် အနေအထိုင်၊ အသွားအလာ၊ အစားအသောက်ကို ကျန်းမာရေးအသိ၊ သတိနှင့်ယှဉ်၍ နေထိုင်သွားလာစားသောက်ကြစေရန် ညွှန်းဆိုထားသော ဆိုစကားတစ်ရပ်ပင်ဖြစ်သည်။ ယခုလိုပူပြင်းခြောက်သွေ့လွန်းလှသော ဂိမှာန်နွေကာလအခါသမယဝယ် အပူဒဏ်ကိုခေတ္တပြေပျောက်စေခြင်းငှာနေပူပူထဲကပြန်အလာနားနေခြင်းမပြုဘဲ ရုတ်တရက်ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ ရေခဲရေသောက်ခြင်း၊ လေအေးပေးစက်၊ ပန်ကာတို့ဖွင့်၍ အချိန်ကြာမြင့်စွာအိပ်စက်ခြင်းများပြုလုပ်မိပါက အခန့်မသင့်လျှင် ဦးနှောက်ထဲရှိသွေးကြောမျှင်ကလေးများပေါက်ကာ ရုတ်တရက်အချိန်မဆိုင်းဘဲ လေဖြတ်ဝေဒနာရှင်ဘဝသို့ အလိုအလျောက်ရောက်ရှိသွားတတ်သည်။ ဂျပန်နိုင်ငံကဲ့သို့ အအေးလွန်ကဲသောနိုင်ငံ၌ အဆင့်မြင့်ဓာတုအင်ဂျင်နီယာပညာတော်သင် သွားရောက်သင်ကြားလျက်ရှိသော စာရေးသူ၏သမီးသည် အာသီးရောင်တတ်သူဖြစ်၍ ရေနွေးနှင့်ရေချိုးရန်မကြာခဏသတိပေးမှာကြားနေရသည်။ တကယ်တော့ ဥစ္စာကိုကံစောင့်သလိုအသက်ကိုဉာဏ်စောင့်ကာ အသက်ရှည်ရာ အနာမဲ့ကြောင်းနည်းလမ်းကောင်းများနှင့် လူတိုင်းလူတိုင်း လူဖြစ်ရကျိုးနပ်ပြီး မိမိဘဝအကျိုး၊ လောကအကျိုးကို ကောင်းမွန်စွာရွက်ဆောင်ကြစေလိုပါသည်။

စာရေးသူငယ်စဉ် အတိတ်မှအရိပ်တို့သည် ပစ္စုပ္ပန်ကြေးမုံပြင်ပေါ်၌ လာရောက်ထင်ဟပ်သလို ပစ္စုပ္ပန်ဒိဋ္ဌဓမ္မဘဝအခြေအနေမှသည် လာမည့်အနာဂတ်ကိုလည်း မျှော်မှန်းကြည့်မြင်မိပါသည်။ လောကဟူသောဝေါဟာရ၏မူရင်းအဓိပ္ပာယ်မှာ ဖြစ်ခြင်း၊ ပျက်ခြင်းဟူသော သဘောပင်ဖြစ်၍ အဖြစ်ရှိလျှင် အပျက်လည်းရှိနေမည်သာ။ ချီးမွမ်းခြင်းရှိနေလျှင် ကဲ့ရဲ့ခြင်းလည်းရှိနေမည်။ လိုအပ်သည်ကိုရသည်လည်းရှိမည်၊ မရသည်လည်းရှိနေမည်။ ရွံ့မုန်းသူတို့နှင့် အတူတကွနေထိုင်ကြရသည်လည်းရှိမည်။ ချစ်သောသူတို့နှင့် ကွေကွင်းခွဲခွာနေကြရသည်လည်း ရှိနေမည်သာ။ ဤသည်တို့မှာ လောကဓံ၏သဘောသဘာဝများပင်ဖြစ်ကြသည်။

ရတောင့်ရခဲလှသော လူ့ဘဝ၏ အသက်ရှင်သန်နေထိုင်မှုအခြေအနေကို အကျိုးရှိစွာအသုံးချတတ်ရန် အထူးလိုအပ်လှသည်။ တစ်ဆက်တည်းမှာပင် မိမိတို့၏ ဘဝကို တန်ဖိုးရှိရှိ လူဖြစ်ရကျိုးနပ်မည်။ ပြန်လည်ဆန်းစစ်သုံးသပ်ရန် အမြဲလိုအပ်နေမည်သာဖြစ်။

ထို့ကြောင့် လောကဓံ၏အနိမ့်အမြင့်၊ အတက်အကျဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာ ကျမ်းကြီးတွင် "နေကားထွက်ဝင် ပေါ်ချုပ်သင့်၏၊ လလျှင်ပြည့်ကွယ် ကြီး၍ငယ်၏၊ ထိုနှယ်မလွဲ၊ အမြဲချမ်းသာ၊ မရှိစွာရှင်း၊ အာဏာတန်ခိုးအမျိုးစည်းစိမ်၊ ဘုန်းဂုဏ်သိန်လည်း၊ ထင်တိမ်ပေါ်ငုပ်၊ ဖြစ်ချုပ်တတ်စွာ၊ ဓမ္မတာတည်း၊ ခေါက်ရှာငှက်ပျံ၊ ခင်ပုပ်ပျံနှင့်၊ ဘုတ်ပျံရှူးပျံ၊ လောကဓံဟု၊ ထုံးစံတရား၊ ဤရှစ်ပါးကား၊ ပိုင်ခြားလူမှာ၊ မမြဲစွာတည့်" ဟု ရေးစပ်ညွှန်ပြတော်မူခဲ့သည်။

ရတောင့်ရခဲလှသော လူ့ဘဝ၏ အသက်ရှင်သန်နေထိုင်မှုအခြေအနေကို အကျိုးရှိစွာ အသုံးချတတ်ရန် အထူးလိုအပ်လှသည်။ တစ်ဆက်တည်းမှာပင် မိမိတို့၏ဘဝကိုတန်ဖိုးရှိရှိ လူဖြစ်ရကျိုးနပ်မည်။ ပြန်လည်ဆန်းစစ်သုံးသပ်ရန် အမြဲလိုအပ်နေမည်သာဖြစ်ပါသည်။ သို့ဖြစ်၍ အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်က တိကနိပါတ်တော်၊ အန္ဓသုတ္တန်ဒေသနာတော်တွင် လူ့လောကကြီး၌ အမြင်သုံးမျိုးရှိသည်။ လူသုံးမျိုးသုံးစားရှိကြောင်း ခွဲခြားဟောဖော်ညွှန်ပြတော်မူခဲ့ရာတွင်-

(၁) လောက၌ အချို့သော လူတို့ကား ဤအရာသည် အပြစ်ရှိလျှင် ထိုအရာကား အပြစ်မရှိ၊ ဤအရာကား ယုတ်နိမ့်၍ ထိုအရာကား မြင့်မြတ်၏။ ဤအရာသည်ကား အကြောင်းတရားဖြစ်၏ ထိုအရာသည်ကား အကျိုးတရားဖြစ်၏ ဟူ၍ အကြောင်းအကျိုး၊ အကောင်းအဆိုးနှစ်မျိုးနှစ်စားကိုပိုင်းခြားမသိမြင်တတ်ကြပေ။ ထိုလူစားမျိုးကို "မျက်စိစုံလုံးကန်းသူ"နှင့် ခိုင်းနှိုင်းဥပမာပြုရမည်။

(၂) လောက၌ အချို့သောလူတို့ကား ဤအရာသည် အပြစ်ရှိ၍ ထိုအရာသည်ကား အပြစ်မရှိ၊ ဤအရာကား ယုတ်နိမ့်၍ ထိုအရာကားမြင့်မြတ်၏။ ဤအရာကား အကြောင်းတရားဖြစ်၏။ ထိုအရာကား အကျိုးတရားဖြစ်၏ဟူ၍ အကြောင်းအကျိုး၊ အကောင်းအဆိုးနှစ်မျိုးနှစ်စားကို အနည်းငယ်သိမြင်၏၊ ထိုလူစားမျိုးကို "မျက်စိတစ်ဖက်မြင်သူ" ဟူ၍ ခိုင်းနှိုင်းပုံဆောင်ရပေမည်။

(၃) လောက၌ အချို့သောသူတို့ကား ဤအရာသည် အပြစ်ရှိ၍ ထိုအရာသည်ကား အပြစ်မရှိ၊ ဤအရာကား ယုတ်နိမ့်၍ ထိုအရာကားမြင့်မြတ်၏။ ဤအရာသည်ကား အကြောင်းတရားဖြစ်၏၊ ထိုအရာသည်ကား အကျိုးတရားဖြစ်၏ ဟူ၍ အကြောင်းအကျိုး၊ အကောင်းအဆိုး နှစ်မျိုးနှစ်စားကို ပိုင်းခြား၍ သိမြင်တတ်ကြသည်။ ထိုလူစားမျိုးကို "မျက်စိနှစ်ဖက်စလုံး အမြင်ရှိသူ"ဟူ၍ ခိုင်းနှိုင်းရမည်ဟု ဟောကြားတော်မူခဲ့သည်။

စာရေးသူသည် နေ့စဉ်နံနက်စောစောလမ်းလျှောက်ထွက်သည့်အခါမျိုး၌ဖြစ်စေ၊ တစ်ခါတစ်ရံလုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများနှင့် ဝေါက်သီးရိုက်သည့်အခါတွင်ဖြစ်စေ လူကြီးသူမများ၊ အပေါင်းအသင်းမိတ်ဆွေများနှင့် စကားလက်ဆုံကျလေ့ရှိသည်။ အချို့လူကြီးများကလည်း မည်သည့်ပဋိဇီဝအားဆေးများ၊ ဟိုမုန်းဆေးဝါးများ၊ မည်သည့်အာယုဝပုန သက်စောင့်ဆေးက မည်ရွေ့မည်မျှကောင်းမွန်လှကြောင်းစသည်ဖြင့်ပြောသူတို့ကလည်း ပြောကြသည်။ နက္ခတ်ဗေဒင်၊ လက္ခဏာပညာကို လက်ခံယုံကြည်သူအချို့ကလည်း စနေ၊ ရာဟု၊ အင်္ဂါစသည့် ပါပဂြိုဟ်များလောကတစ်ခွင်ရှိလာဘ်၊ စန်းတို့နှင့် အစီးအနင်း၊ အမြင်ကင်းရှင်းနေသဖြင့် အသက်အန္တရာယ်ကို ထိခိုက်လောက်အောင် ကျန်းမာရေးကို မစိုးရိမ်ရသောကြောင့် အချို့ကလည်း ထိုပါပဂြိုဟ်များ၏ အစီးအနင်းအမြင်များနှင့်ကြုံဆုံနေသဖြင့် ယတြာကိုသာ အားထားနေရကြောင်း စသည်ဖြင့် ဆိုသူက ဆိုကြသည်။ ဗေဒင်နက္ခတ်ပညာကိုလေးစားပါသည်။ သို့ရာတွင် ဗေဒင်သည် ယာယီသစ္စာတရား (သမ္မုတိသစ္စာတရား)မျှသာဖြစ်၍ အခါခပ်သိမ်းရာနှုန်းပြည့်မမှန်နိုင်ပါ။ "အယူသီးမှု' လွန်ကဲ၍ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တတ်ပါသည်။ အချို့သော ဗေဒင်ပညာရှင်တို့က မြန်မာနိုင်ငံ၏ဇာတာခွင် ဗြိစ္ဆာလာဘ်၏ဗျာယအိမ်၌ စနေ၊ ရာဟု၊ ပါပဂြိုဟ်ကြီးနှစ်လုံးပူးယှဉ်နေသည်ကို အခြေခံ၍ အနိဋ္ဌာရုံဆိုးကျိုးများကိုသာ ဟောပြောနေကြပြီး လာမည့်ဇွန် ၁၅ ရက်မှစ၍ ကောဇာကြာသပတေးဂြိုဟ်ကြီးလာလာဘ်ကိုင်းတန်းဖြင့် တွေ့မြင်နေခြင်းကိုတော့ ချန်လှပ်ထားပြီး အကောင်းကိုမဟောဘဲ အဆိုးသက်သက်ကို ဟောပြောနေကြသဖြင့် ပြည်သူများချောက်ချားကာ နေကြရသည်ကို စိတ်မကောင်းဖြစ်ရပါသည်။ ဓမ္မဓိဋ္ဌာန်ကျကျမဟောပြောဘဲ ပုဂ္ဂိုလ်ရေးပုဂ္ဂလဓိဋ္ဌာန်ဖြင့် လိုလားသူကို တအားမြှောက်ဟော၊ အာဃာတရှိသူကို မတရားနှိမ့်ချဟောပြောကြ သူများပညာရှိ သတိဖြစ်ခဲဖြစ်နေကြပုံရပါသည်။ ပညာရှင်ဆိုသူများက ကောင်းသောနှလုံးသွင်းခြင်းဟူသော ယောနိသော မနသိကာရ စိတ်ထား (Good Mindset) စိတ်ကောင်းနှလုံးကောင်းပိုမိုမွေးမြူသင့်ပါသည်။

အချို့လူကြီးများကလည်း ဆံပင်ဖြူသည်ကိုဆိုးဆေးများဖြင့် အလှခြယ်သမိကာမှ ဆံပင်အားလုံးကျွတ်ထွက်သွားပြီး ထိပ်ပြောင်ဖြစ်နေရသူများ၊ ဆံပင်ကွက်တိကွက်ကျားဖြစ်၍ ကျန်ရစ်ခဲ့သူများ၊ ထိုဆံပင်ဆိုးဆေးများ၏ ဘေးထွက်ဆိုးကျိုးများကြောင့် ဦးခေါင်းအရေပြားပေါ်တွင် အနာအဆာဖြစ်နေသူများ၏ ညည်းတွားသံများကိုလည်း တွေ့ရ သိရကြုံနေရသည်။ အချို့လူရွယ်လူကြီးများကမူ သေလျှင်မြေကြီး၊ ရှင်လျှင် ရွှေထီးမသေခင်ပျော်သလို နေသွားမည်ဆိုသော အယူအဆတစ်မျိုးနှင့် အရက်သေစာ၊ လောင်းကစား၊ ကာမဂုဏ်လိုက်စားကြသူများကိုလည်း ကြုံ တွေ့ရသည်။ အချို့ကမူ ရုပ်အနိစ္စ၊ နာမ်အနိစ္စ၊ ရုပ်ဒုက္ခ၊ နာမ်ဒုက္ခ၊ ရုပ်အနတ္တ၊ နာမ်အနတ္တဟူသော "ဥပဒ်၊ ဌီ၊ ဘင်"ဖြစ်၊ တည်၊ ပျက်" တရားကိုရှုပွားကာ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းရင်း အနေမြတ်၊ အသေမြတ်အောင် ကြိုးစားအားထုတ်နေကြသည်။ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်များနှင့်လည်း အားရဖွယ်တွေ့ကြုံရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပြည်တွင်းရေးရာ

၂၀၁၄ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများ နိုင်ငံတစ်ဝန်း၌ ဖွင့်လှစ်

ကျောင်းကုန်းမြို့နယ်

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ယနေ့နံနက် ၉ နာရီက တံခွန်တိုင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဖွင့်ပွဲအခမ်းအနားပြုလုပ်သည်။

ထိုမြို့နယ်အတွင်း ကျေးရွာများတွင် စာသင်ဝိုင်း ၁၂၄ ဝိုင်းဖွင့်၍ သင်ယူသူ ၁၄၉၇ ဦးတို့ကို မအူပင်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၅၆ ဦး၊ ကြီးကြပ်သူ ဆရာ ဆရာမ ၁၆ ဦးတို့က ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ သင်ကြားပေးကြမည်ဖြစ်သည်။

ယခုဆောင်ရွက်ချက်သည် စာမတတ်သူ ပပျောက်ရေးအတွက် အလွန်အရေးပါလှသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပြီး အကျိုးရှိလှသော အစီအစဉ်မျိုးဖြစ်ကြောင်း အစိုးရအဖွဲ့၏ လူမှုရေးဝန်ကြီးကဆိုသည်။ စာမတတ်သည့်လူဦးရေအရေအတွက်ကို ကော်မတီတစ်ရပ်ဖွဲ့စည်း၍ လုပ်ဆောင်ရာတွင် စုစုပေါင်း ၁၄၉၇ ဦး အနက် အသက် (၂၅) နှစ်မှ (၄၄) နှစ်အရွယ် ၁၄၂ ဦး၊ အသက် (၄၅)နှစ်နှင့်အထက် အရွယ် ၁၃၅၅ ဦးရှိကြောင်း တွေ့ရှိရကာ တစ်ရွာလျှင် အနည်းဆုံးစာသင်ဝိုင်းနှစ်ဝိုင်းမှ အများဆုံး ၁၅ ဝိုင်းလောက်အထိ ဖွင့်လှစ်ဆောင်ရွက်နေခြင်းဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်ကိုပင် အနားမယူဘဲ မအူပင်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်သူ ဆရာ ဆရာမများ၊ ပံ့ပိုးအထောက်အကူပြုအဖွဲ့များ၏ ကူညီမှုဖြင့် ဒေသခံ ၁၄၉၇ ဦးတို့ကို ၎င်းတို့၏ အားလပ်ချိန်ကိုလိုက်၍ သင်ယူကူညီနေလျက်ရှိကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

ရေတာရှည်မြို့နယ်

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် တိုင်းဒေသကြီး /ပြည်နယ်များရှိ မြို့နယ် ၂၉ မြို့နယ်တွင် တစ်ပြိုင်တည်းကျင်းပရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၏ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ၆ မိုင် သစ်တောကျေးရွာရှိ ဂုံမင်းကွင်း၌ကျင်းပသည်။

အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးက အဖွင့်အမှာစကားပြောကြားသည်။ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစောစံယဉ်က အဖွင့်အမှာစကားပြောကြားကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သက်က လုပ်အားပေး ကျောင်းသား ကျောင်းသူများအား အမှတ်တရဦးထုပ်နှင့် အင်္ကျီများကိုလက်ဆောင်ပေးအပ်သည်။

ထို့နောက် တောင်ငူတက္ကသိုလ်နှင့်မိတ္ထီလာတက္ကသိုလ်တို့မှ ကြီးကြပ်သူဆရာ ဆရာမများနှင့် လုပ်အားပေးကျောင်းသား ကျောင်းသူများသည် ဖွင့်ပွဲအခမ်းအနားစုရပ်မှ စာသင်ကြားကြမည့် ကျေးလက်စာသင်ဝိုင်းများသို့သွားရောက်ကာ တပျော်တပါးပါဝင်လုပ်အားပေးကြသည်။ **အောင်ကျော်ဦး(ကြေးမုံ)**

ရွှေကျင်မြို့နယ်

ကျေးလက်နေပြည်သူတို့၏ လူမှုဘဝတိုးတက်မြင့်မားလာစေရေး ဆောင်ရွက်ချက်တစ်ခုဖြစ်သော စာတတ်မြောက်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာ အမကကျောင်း၌ ဧပြီ ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသက်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး (ပညာ/စစ်ဆေး) ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ် စာတတ်မြောက်ရေး လုပ်ငန်းဆောင်ရွက်မှုများအား မြို့နယ်ပညာရေးမှူး ဦးတင်ဦးက ရှင်းလင်းတင်ပြသည်။

ရွှေကျင်မြို့နယ်အတွင်း သက်ကြီးစာမတတ်သူ (၁၅)နှစ်အထက် ၅၃၄ ဦးရှိနေသေးကြောင်း၊ ကျောင်းလုံးဝ မနေဖူးသူ၊ စာလုံးဝမသင်ဖူးသူများရှိသလို စာသင်ဖူးသော်လည်း အသုံးမချ၍ မေ့သွားသူ၊တစ်ပိုင်းတစ်စစာတတ်သူများလည်း ပါဝင်နေကြောင်း၊ ထို့ကြောင့် ရွှေကျင်မြို့နယ်အတွင်း စာသင်ဝိုင်း ၆၄ ဝိုင်းဖွင့်လှစ်၍ စာသင်ဝိုင်းတစ်ဝိုင်းလျှင် ရပ်ဝေးတက္ကသိုလ်ကျောင်းသားတစ်ဦး၊ ဒေသခံလုပ်အားပေးတစ်ဦး စုစုပေါင်းနှစ်ဦးဖြင့် သင်ကြားမည်ဖြစ်ပြီး ပဲခူးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၆၄ ဦး၊ ဆရာ ဆရာမခြောက်ဦးတို့က လုပ်အားပေး ပညာဒါနပြုကြမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် လုပ်အားပေးကျောင်းသား မောင်မယ်များ၊ ဆရာ ဆရာမများက မိမိတို့ တာဝန်ကျရာ ကျေးလက်ဒေသများရှိ စာတတ်မြောက်မှုမှ ကင်းလွတ်ချို့တဲ့သူ ကျေးလက်ပြည်သူများအား ပညာအလင်းပေးဝေရန် ထွက်ခွာသွားကြကြောင်း သိရသည်။ **ကိုကိုနေ**

ထန်းတပင်မြို့နယ်

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမဆောင်၌ ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က တိုင်းဒေသကြီးဝန်ကြီးချုပ်ထံမှ ပေးပို့သော စာတတ်မြောက်ရေးလှုပ်ရှားမှုသဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် မြို့နယ်အတွင်း စာတတ်မြောက်မှု၊ စာပေသင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၁၄ ခုနှစ် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၂၉ မြို့နယ်တွင် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်ထိ လူထုလှုပ်ရှားမှုအသွင်ဖြင့် သင်ယူမည့်သူပေါင်း ၄၆၀၀၀ ကျော်တို့အား တက္ကသိုလ်၊ ကောလိပ် ၃၀ မှ ဆရာ ဆရာမ ၄၀၃ ဦးကြီးကြပ်ကာ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၂၆၀ နှင့် ဒေသခံလုပ်အားပေး ဆရာ ဆရာမများက သင်ကြားပေးကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆိပ်ကြီးခနောင်တိုမြို့နယ်

၂၀၁၄ ခုနှစ် စာတတ်မြောက်ရေး လှုပ်ရှားမှုကို မြို့နယ် ၂၉ မြို့နယ်တွင် ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး အခြေခံစာတတ်မြောက်ရေးအခမ်းအနားကို ယနေ့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဆိပ်ကြီးခနောင်တိုမြို့နယ်၌ စာသင်ဝိုင်း ၁၇ ဝိုင်းတွင်စာသင်သားဦးရေ ၁၃၂ ဦးနှင့်သင်ကြားကာ လာရောက်သင်ကြားသူများမှာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှ တက္ကသိုလ်ကျောင်းသားများဖြစ်ပြီး ဒေသခံတက္ကသိုလ်ကျောင်းသား ကျောင်းသူ ၁၃ ဦးနှင့် ဒလမြို့နယ်မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူ နှစ်ဦးပါသည်။ အဆိုပါ အခမ်းအနားသို့ တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြပြီး တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အောင်မင်း(ဒလ)

ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာမှ ပညာအလင်းမျှဝေသူများ

အသက်အရွယ်မျိုးစုံတွင် ကျား၊မ အားလုံးပါဝင်ပြီး (၁၃) နှစ်၊ (၁၄) နှစ်အရွယ်များမှ အသက် (၅၀) ဝန်းကျင်အရွယ်များအထိ လာရောက်သင်ကြားနေကြသည်။ ဘဝအကြောင်းအမျိုးမျိုးကြောင့် စာတတ်မြောက်မှုကင်းလွတ်ခဲ့ရပြီး ၎င်းတို့ဘဝဆင်းရဲကြသည်။ ကိုင်းလုပ်သားဖြစ်သွားသူ၊ ရော်ဘာစေးခြစ်ရသူ၊ ရွှေစက်အလုပ်သမားများ၊ သပြေပန်းချိုးသူများအဖြစ် ဝမ်းရေးအတွက်ရှာဖွေလုပ်ကိုင်ကြရသည်။ ၂၀၁၄ ခုနှစ်အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို လူထုလှုပ်ရှားမှုအသွင်အဖြစ် ယနေ့စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ စာသင်ဝိုင်းများမှာ ကျေးရွာများတွင် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစတင်ကာ 'ဝ ထ က လ သ' အသံများနှင့် အသက်ဝင်နေပြီဖြစ်သည်။ စာတတ်မြောက်မှုကင်းလွတ်ခဲ့ရသူများကို စာတတ်မြောက်စေရန် စေတနာဖြင့်လုပ်အားပေးလှူ၍ သင်ကြားပြသပေးသောဆရာ ဆရာမငယ်များမှာ နုနယ်လှသေးသော တက္ကသိုလ်ပညာသင်ကြားနေဆဲ သားငယ်၊ သမီးငယ်ကလေးများသာဖြစ်သည်။ ၎င်းတို့၏ ဆရာ ဆရာမများက ကြီးကြပ်သူများအဖြစ် လိုက်ပါဆောင်ရွက်လျက် နွေရာသီအပူဒဏ်ကိုအန်တုကာ ဖုန်ထူထပ်သော လမ်းကြမ်းခရီးများကိုကျော်ဖြတ်၍ အိမ်တိုင်ရာရောက် လုပ်ငန်းခွင်မှပြန်လာချိန်အထိစောင့်ဆိုင်းကာ ဉာဏ်မျက်စိ ဖွင့်ပေးကြသည်။ နွေရာသီ၏ညဦးပိုင်းအချိန်တွင် ပညာပေးသူနှင့် ယူသူတို့ အတိုင်အဖောက်ညီညီ တက်ကြွစွာ ဖြတ်သန်းလျက်ရှိကြသည်။

ဆရာဦးထွန်းမြင့်
ကထိက(ရူပဗေဒဌာန)
ပဲခူးတက္ကသိုလ်

"ရွှေကျင်မြို့နယ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုမှာ သင်တန်းဆရာအဖြစ် ဆောင်ရွက်မယ့်၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူ စေတနာရှင်မောင်မယ်များရဲ့ ကြီးကြပ်သူအဖြစ် တာဝန်ယူဆောင်ရွက်နေပါတယ်။ ဒီဒေသမှာလမ်းတွေကတော်တော်ကြမ်းတော့ ဆိုင်ကယ်နဲ့တစ်မျိုးသွားရတာလည်းရှိသလို လမ်းလျှောက်သွားရတာလည်း ရှိပါတယ်။ စစ်တောင်းမြစ်ကိုဖောင်နဲ့ကူးပြီး တစ်ရွာမှာ တစ်ယောက်ရှိနေတဲ့ လုပ်အားပေးဆရာများရဲ့ လိုအပ်ချက်ကိုဖြည့်ဆည်းရတာပါပဲ။ ဒီနေ့ဒီရွာ နောက်ညဟိုဘက်ရွာ ခရီးကြမ်းကူးသန်းသွားလာနေရတာပါပဲ။ ရွာခံဒေသခံတွေကတော့ ဖော်ရွေပျူငှာစွာနဲ့ ပူးပေါင်းပံ့ပိုးပေးကြပါတယ်" ဟုပြောကြားသည်။

ဆရာကြီးဦးတင်ဦး
မြို့နယ်ပညာရေးမှူး
ရွှေကျင်မြို့နယ်

" မူလတန်းပြဆရာ လူငယ်ဘဝနဲ့ ပဲခူးတိုင်းဒေသကြီးအနောက် နတ်တလင်းမြို့နယ် ဆောင်းဝှက်ရွာ အ မ က ကျောင်းမှာ တာဝန်ထမ်းဆောင်ရင်းနဲ့ 'အ'သုံးလုံး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူးအဖြစ်နဲ့ စာတတ်မြောက်ရေး လုပ်အားပေးခဲ့ဖူးတယ်။ အခု ၂၀၁၄ ခုနှစ်အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုမှာလည်း ပါဝင်ခွင့်ရလို့ဝမ်းသာပီတိဖြစ်ရတယ်။ ရွှေကျင်မြို့နယ်ရဲ့အဝေးဆုံးကျေးရွာတွေပေ့ါဗျာ။ ရဲသောင်ရွာတို့၊ ဟသ်ာစဲရွာတို့ဆိုတာ ဆိုင်ကယ်ခရီးကြမ်း လေးနာရီလောက်စီးရတယ်။ ကျိုက်ထီးရိုးတောင်ခြေမှာရှိတဲ့ ရွာတွေအထိကို ငါးနာရီလောက်တောလမ်းခရီးသွားရတယ်" ဟုဆိုသည်။

ဆရာမဒေါ်ဇင်မာလွင်

"ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့နယ် ထန်းတောကြီးအပိုင် ဝါးပိုင် အ မ က ကျောင်းမှာ တာဝန်ထမ်းဆောင်ရင်း ဒုတိယနှစ် သမိုင်းဘာသာရပ်ကိုသင်ယူနေပါတယ်။ အသက်က (၂၂)နှစ်ပါ။ စာတတ်မြောက်ရေး လုပ်အားပေးရတာ ပျော်ပါတယ်။ သူတို့ကဆင်းရဲကြပါတယ်။ ဒါကြောင့် ပိုပြီးစေတနာထား၊ လုံ့လစိုက်ပြီး သူတို့ပတ်ဝန်းကျင်နဲ့ ရင်းနှီးတဲ့ သင်္ကေတမျိုးတွေနဲ့သင်ပေးတယ်။ သချ်ာအပေါင်းအနုတ်ကတော့ အတတ်မြန်ကြတယ်"ဟု ဆိုသည်။

မငြိမ်းအိဖြူ

"သမီးအသက်က (၁၇) နှစ်ပါ။ ပထမနှစ်ဒဿနိကဗေဒဘာသာကို ပဲခူးတက္ကသိုလ်မှာ တက်ရောက်သင်ကြားနေပါတယ်။ပဲခူးမြို့ပေါ်က ကျောက်ကြီးရပ်ကွက်မှာနေပါတယ်။ အခုလို ပညာဒါနလုပ်အား ပေးလှူရတာ အရမ်းပီတိဖြစ်မိပါတယ်။ သူတို့တွေကို စာသင်ပေးရတာ ပင်ပန်းတယ်လို့ မထင်ပါဘူး။ ကိုရီးယားကားတွေ ဒီတိုင်းကြည့်လို့မကောင်းဘူး။ စာတတ်မှ စာဖတ်ပြီးကြည့်ရင်ပိုအရသာရှိမှာလို့ သူတို့ကိုပြောထားသေးတယ်" ဟုပြောသည်။

ခြေတော်ရာကျေးရွာမှ ဒေါ်ခင်တင့်က " ဒီကိုစာလာသင်တာ ထမင်းအိုးကမကျက်သေးဘူး၊ ဘေးအိမ်ကတစ်ယောက်နဲ့ထားပစ်ခဲ့လိုက်တယ်။ ဒီနေ့စာလုံးအသစ်သင်ပေးမယ်ဆိုလို့ပါ " ဟုပြောကြားပြီး အခြားကျေးရွာမှ မဝင်းက "အလုပ်လုပ်ရတာပင်ပန်းပေမယ့် သေစာရှင်စာလောက်တောင် မတတ်ဘူးလို့ အပြောမခံချင်တော့လို့ အခုအရွယ်မှ စာလာသင်ရတာပါ" ဟုပြောကြားသည်။

စာမတတ်သူသည် အကန်းကဲ့သို့ဟု ပြောကြရိုးရှိသည်။ စာပေအမှောင်ဖုံးလွှမ်းသောဘဝမှ ကင်းလွတ်ကြတော့မည့်သူများနှင့် အမှောင်ကိုဖယ်၍ အလင်းကိုမျှဝေပေးနေသော တက္ကသိုလ်အသီးသီးမှ ကျောင်းသားကျောင်းသူ လူငယ်စေတနာရှင်များနှင့် ဆရာ ဆရာမများ၊ ပံ့ပိုးကူညီကြသူများ၊ လိုလားတက်ကြွစွာ သင်ယူကြသူများ အားလုံးတို့သည်လည်း တူညီသော ပညာအလင်းဒါန၏အကျိုးကို ခံစားကြရမည်ဖြစ်ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ဆရာဦးထွန်းမြင့်။

ဆရာကြီးဦးတင်ဦး။

သတင်း - ကိုကိုနေ
ဓာတ်ပုံ -၀၀၇

စာတတ်မြောက်ရေးလုပ်အားပေးနေသည့် ဆရာမဒေါ်ဇင်မာလွင်။

☆ ရှေ့ဖုံးမှ

ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် လုံးဝအမှီသဟဲပြုနေသည့်အတွက် ပညာရေးအဆင့်အတန်းနှင့် အရည်အသွေး မြင့်မားလာစေရန် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မသင်မနေရ အခမဲ့မူလတန်းပညာရေးကို အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းထားပြီး ယင်းသို့အကောင်အထည်ဖော်ရာတွင် လူတိုင်းအခြေခံစာတတ်မြောက်ရေး လုပ်ငန်းသည် တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် စာမတတ်သူဦးရေ စာရင်းကောက်ယူပြီး အပိုင်း နှစ်ပိုင်းခွဲခြားဆောင်ရွက်လျက်ရှိရာ အသက်(၁၅)နှစ်အောက် မူလတန်းကျောင်းနေအရွယ် ကလေးများအနက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေခွင့်မရရှိခဲ့သူများအတွက် မူလတန်းပညာပြီးမြောက်အောင် သင်ယူခွင့် လမ်းဖွင့်ပေးထားသည့် ကျောင်းပြင်ပမူလတန်းပညာရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းပြင်ပမူလတန်း Furnivall ၏ ၁၉၃၁ ခုနှစ် အစီရင်ခံစာတွင် တွေ့ရှိရပါကြောင်း၊ သို့သော် လွတ်လပ်ရေး ပြန်လည်ရရှိသည့် အချိန်အခါတွင်မူ နိုင်ငံ၏စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်း အထိလျော့ကျသွားသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးသည့် အချိန်မှစတင်၍ စာတတ်မြောက်ရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်တွင် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ အခြေခံစာတတ်မြောက်ရေးဖြစ်သည့် အရေး၊ အဖတ်၊ အတွက်ကို လူတိုင်းတတ်မြောက်အောင် သင်ကြားပေးနိုင်ရန်စတင်စမ်းသပ်ခဲ့သည့်နေရာမှာ မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာပင်ဖြစ်ပါကြောင်း၊ ၁၉၆၄ ခုနှစ် နွေရာသီတွင် ရန်ကုန်ဆရာအတတ်သင် သိပ္ပံကျောင်းမှ ကျောင်းသားလေးဦးက ယင်းကျေးရွာတွင်ရှိသည့် ကျောင်းနေအရွယ်လွန် စာမတတ်သူများအား အခြေခံစာတတ်မြောက်မှုဖြစ်သည့် အရေး၊ အဖတ်၊ အတွက်ကို တတ်

ရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် တက်တက်ကြွကြွအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ် အကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးကြသူများဖြစ်သဖြင့် ဂုဏ်ပြုထိုက်သူများ၊ ဂုဏ်ယူထိုက်သူများ ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က တိုင်းဒေသကြီးအတွင်း စာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက စဉ့်ကိုင်မြို့နယ်အတွင်းရှိ စာသင်ဝိုင်းများနှင့် ကျောင်းများအတွက် ထောက်ပံ့ပေးအပ်သည့် စာသင်ဝိုင်း ၂၀၀ အတွက် ဆိုလာမီးအိမ် အလုံး ၂၀၀ နှင့် Family Kit အစုံ ၂၀၀၊ စာသင်ကျောင်းများအတွက် စာသင်ခုံအကြီးအစုံ ၂၅၀၊ စာသင်ခုံအသေးအစုံ ၇၅၀နှင့် ဆရာ ဆရာမ ထိုင်ခုံအလုံး ၅၅၀၊ မိုးကောင်းကျေးရွာအုပ်စုရှိ မူလတန်းကျောင်း သုံးကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ ၃၇၀ နှင့် ဗလာစာအုပ်ဒါဇင် ၃၇၀ တို့အား ပြည်ထောင်စုဝန်ကြီးများက ပေးအပ်ကြသည်။

ဆက်လက်၍ စာသင်ဝိုင်းများတွင် လုပ်အားဒါနပြုနေသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကိုယ်စား ကျောက်ဆည်တက္ကသိုလ်မှ မြန်မာစာ ပထမနှစ်ဂုဏ်ထူးတန်း ကျောင်းသူ မအေးအေးမြင့်နှင့် ဒေသခံပြည်သူများ ကိုယ်စား စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံရွာမှ မောင်တင်အောင်ချစ်က စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြောကြားကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းနှီးခင်မင်စွာနှုတ်ဆက်ပြီး ဝန်ကြီးဌာနအသီးသီးမှ ဦးစီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် အခြေခံ စာတတ်မြောက် ရေး လှုပ်ရှားမှု ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဆိုင်ရာ ပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည် ။

အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ၂၀၁၃ ခုနှစ်တွင် တက္ကသိုလ် ၁၀ ခုမှ လုပ်အားပေး ကျောင်းသား ကျောင်းသူ ၁၉၈၅ ဦး၏ လုပ်အားဒါနပါဝင်မှုဖြင့် မြို့နယ် ကိုးမြို့နယ်တွင် စာမတတ်သူဦးရေ ၂၂၄၁၇ ဦးအား အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ယခု ၂၀၁၄ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ မြို့နယ်ပေါင်း ၂၉ မြို့နယ်ကို ရွေးချယ်ပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ယခုဖွင့်ပွဲအခမ်းအနား ကျင်းပသည့် မိုးကောင်းကျေးရွာအုပ်စု စံပြကျေးရွာလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၂၉ မြို့နယ်မှ စာမတတ်သူပေါင်း ၄၆၄၇၉ ဦးကို စာသင်ဝိုင်းပေါင်း ၄၄၄၇ ဝိုင်းဖွဲ့စည်း၍ လုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၂၆၀ ဦး၊ တက္ကသိုလ်ဆရာ ဆရာမ ၄၀၃ ဦး စုစုပေါင်းလုပ်အားပေး ၄၆၆၄ ဦး တို့နှင့်အတူ ဒေသခံလုပ်အားပေးများကလည်း တစ်တပ်တစ်အား ပါဝင်ပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဖြစ်သည်။

စာသင်ဝိုင်းများ ဖွဲ့စည်းရာတွင် စာသင်သား ၁၀ ဦးလျှင် စာသင်ဝိုင်း တစ်ဝိုင်းနှုန်းဖြင့် ဖွဲ့စည်းထားပြီး တစ်ဝိုင်းလျှင် ဒေသခံလုပ်အားပေး တစ်ဦးနှင့် လုပ်အားပေးတစ်ဦး စုစုပေါင်းနှစ်ဦးတို့က တာဝန်ယူ သင်ပြပေးမည်ဖြစ်သည်။ တစ်ရက်လျှင် စာသင်ချိန် သုံးနာရီဖြင့် ရက် ၄၀ ကြာ စုစုပေါင်း စာသင်ချိန် နာရီ ၁၂၀ သင်ကြားပေးမည်ဖြစ်ပြီး စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ဧပြီ ၁ရက်မှ မေ ၁၅အထိ ဆောင်ရွက်သွားမည်ဖြစ်သည် ။

မြန်မာနိုင်ငံသက်ကြီး စာတတ်မြောက်ရေးလုပ်ငန်းစဉ်များကို ၂၀၀၄ ခုနှစ်နောက်ပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီမံချက်ရေးဆွဲကာ အကောင်အထည်ဖော်သောစနစ်ကို ၂၀၁၂ ခုနှစ်အထိ ကျင့်သုံးခဲ့သည်။ ၂၀၁၃ ခုနှစ်မှ စတင်၍ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ပါဝင်လုပ်အားပေးမှုဖြင့် သတ်မှတ်ထားသော မြို့နယ်များအတွင်း စာတတ်မြောက်ရေး လုပ်ငန်းများဆောင်ရွက်ပြီး အမှန်တကယ် စာတတ်မြောက်သူများအဖြစ် တာဝန်ခံနိုင်သည့် စာတတ်မြောက်ရေးအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စဉ့်ကိုင်မြို့နယ်ရှိ စာသင်ကျောင်းများအတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လှူဒါန်းသည့် စာသင်ခုံများနှင့် ထိုင်ခုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးအုပ်စု ရွှေမှန်တင်ဘုန်းကြီးကျောင်းအတွင်း အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် စာသင်ဝိုင်းဖွဲ့သင်ကြားနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပညာရေး အစီအစဉ်ဖြင့် မူလတန်းပညာပြီးမြောက်အောင်မြင်သူများကိုလည်း မူလတန်း တန်းညှိအစီအစဉ်ဖြင့် ပေါင်းကူးဆက်သွယ်ပေးလျက်ရှိပါကြောင်း၊ ကျောင်းနေအရွယ်လွန် စာမတတ်သူများအတွက် ကျောင်းပြင်ပ ပညာရေးအစီအစဉ်ဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏စာတတ်မြောက်မှုသမိုင်းကို ပြန်လည်လေ့လာရာတွင် ကိုယ့်မင်းကိုယ့်ချင်း အချိန်အခါက မြန်မာနိုင်ငံ၏ စာရေးစာဖတ်တတ်မြောက်မှုသည် ဝင့်ကြွားဂုဏ်ယူဖွယ်ကောင်းအောင် မြင့်မားခဲ့သည့် အခြေအနေကို အင်္ဂလိပ်ကော်မရှင်နာတစ်ဦးဖြစ်သည့် Mr. J. S. မြောက်ကျွမ်းကျင်အောင် သင်ကြားပေးနိုင်ခဲ့သဖြင့် 'အ'သုံးလုံးအစ မိတ္ထီလာကဟု သမိုင်းဝင်ပြောစမှတ်ပြုခဲ့ရပါကြောင်း။

၁၉၆၆ခုနှစ်တွင် စာတတ်မြောက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ တစ်နိုင်ငံလုံးက အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သဖြင့် ၁၉၇၁ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီးက ချီးမြှင့်သည့် မိုဟာမက်ရီဇာပါလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီးကပင် ချီးမြှင့်သည့် နိုမာဆုကြီးများကိုလည်း ထိုက်ထိုက်တန်တန် ရရှိခဲ့ပါကြောင်း။

ယနေ့ကာလတွင်လည်း စာတတ်မြောက်ရေးလှုပ်ရှားမှုကို အမျိုးသား သည်နှင့်အညီ အမျိုးသားပညာရေးအဆင့်အတန်း မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် တိုင်းရင်းသား လူမျိုးအသီးသီး၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာစကားများကိုပါ မှုဟန်မယွင်း ဖွံ့ဖြိုးတိုးတက်ခြင်း ဖြစ်ထွန်းလာအောင် အားပေးမြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စာတတ်မြောက်ရေးလှုပ်ရှားမှုသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် အခြေခံအကျဆုံးနှင့် အရေးပါဆုံးအဖြစ် အလေးထား အားပေးမြှင့်တင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်လုပ်အားပေးကြသူများနှင့် ပံ့ပိုးကူညီသူများသည် အမျိုးသားရေး

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာတွင် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် စာသင်ဝိုင်းဖွဲ့ သင်ကြားနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-၀၀၇)

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၃) ရပ်ကွက် လွမ်းစေတီ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အရိပ်အာဝါသကောင်းလှသော သစ်ပင်ကြီးအောက်တွင် စားပွဲဝိုင်းဖြင့် စာသင်ကြားနေသော မြင်ကွင်းတစ်ခု။
(ဓာတ်ပုံ-မင်းသစ်)

မြို့နယ်အလိုက် လုပ်အားပေးဆောင်ရွက်ကြမည့် တက္ကသိုလ်များ

စဉ်	တိုင်းဒေသကြီး	မြို့နယ်	တက္ကသိုလ်များ
၁	ကချင်	တနိုင်း	မြစ်ကြီးနားတက္ကသိုလ်
၂	ကယား	လွိုင်ကော်	လွိုင်ကော်တက္ကသိုလ်
၃	ကရင်	ကော့ကရိတ်	ဘားအံတက္ကသိုလ်
၄	ချင်း	ဟားခါး	ကလေးတက္ကသိုလ်
၅	စစ်ကိုင်း	ဘုတလင်	မုံရွာတက္ကသိုလ်
၆		ဝန်းသို	ရွှေဘိုတက္ကသိုလ်
၇	တနင်္သာရီ	ဘုတ်ပြင်း	ထားဝယ်တက္ကသိုလ်
၈		ကော့သောင်း	မြိတ်တက္ကသိုလ်
၉	ပဲခူး	ရွှေကျင်	ပဲခူးတက္ကသိုလ်
၁၀		ရေတာရှည်	တောင်ငူတက္ကသိုလ် မိတ္ထီလာတက္ကသိုလ်
၁၁		လက်ပံတန်း	ပြည်တက္ကသိုလ်
၁၂	မန္တလေး	မဟာအောင်မြေ	မန္တလေးတက္ကသိုလ် ရတနာပုံတက္ကသိုလ်
၁၃		စဉ့်ကိုင်	ကျောက်ဆည်တက္ကသိုလ်
၁၄	မကွေး	နတ်မောက်	မကွေးတက္ကသိုလ်
၁၅		မင်းဘူး	မကွေးတက္ကသိုလ်
၁၆	မွန်	ချောင်းဆုံ	မော်လမြိုင်တက္ကသိုလ်
၁၇		ကျိုက်မရော	မော်လမြိုင်တက္ကသိုလ်
၁၈	ရခိုင်	ဂွ	တောင်ကုတ်တက္ကသိုလ်
၁၉		အမ်း	တောင်ကုတ်တက္ကသိုလ် စစ်တွေတက္ကသိုလ်
၂၀	ရန်ကုန်	ဆိပ်ကြီးခနောင်တို	ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
၂၁		လှည်းကူး	ရန်ကုန်တက္ကသိုလ် ဒဂုံတက္ကသိုလ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
၂၂		ထန်းတပင်	ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
၂၃	ရှမ်း(တောင်)	ဖယ်ခုံ	တောင်ကြီးတက္ကသိုလ်
၂၄	ရှမ်း(မြောက်)	ကျောက်မဲ	လားရှိုးတက္ကသိုလ်
၂၅	ရှမ်း(အရှေ့)	ကျိုင်းတုံ	ကျိုင်းတုံတက္ကသိုလ် တောင်ကြီးတက္ကသိုလ်
၂၆	ဧရာဝတီ	ငပုတော	ပုသိမ်တက္ကသိုလ် ဒဂုံတက္ကသိုလ်
၂၇		လပွတ္တာ	ပုသိမ်တက္ကသိုလ် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်
၂၈		လေးမျက်နှာ	ဟင်္သာတတက္ကသိုလ်
၂၉		ကျောင်းကုန်း	မအူပင်တက္ကသိုလ်

✪ အခြေခံစာတတ်မြောက်ရေးမှ ကြီးကြပ်သူ ဆရာ ဆရာမ ၁၇ ဦးနဲ့ လုပ်အားပေး ကျောင်းသား ကျောင်းသူ ၁၇၀ က ဒေသခံဆရာ ဆရာမတွေနဲ့အတူ လက်တွေ့စာဖတ်ခြင်းဖြင့် စာသွားနှုန်းပေါ်မူတည်ပြီး အသက်(၁၃)နှစ်မှ (၆၀) ခန့်အထိ စာသင်ဝိုင်း သင်ယူသူတွေကို ရွေးချယ်ကာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ဒေသအလိုက် လက်တွေ့ကွင်းဆင်း သင်ကြားပေးနေပါတယ်။ သင်ကြားမှုကာလ ရက် ၄၀ အတွင်းမှာ အခြေခံသုံးသင်္ချာနဲ့ အခြေခံသုံးမြန်မာစာကို ရေးတတ်၊ ဖတ်တတ်အောင် သင်ကြားပေးမှာပါ။ ဒါကိုလည်း အရင်ဆုံး

လှည်းကူးမြို့နယ် စာတတ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဆရာဦးလွင်ပင်။

လေ့လာစမ်းသပ်မှုတွေ လုပ်ပြီးပါပြီ။ သင်ထောက်ကူပစ္စည်းတွေကိုလည်း အခမဲ့ ပေးပါတယ်" ဟု လှည်းကူးမြို့နယ် စာတတ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဆရာဦးလွင်ပင်က ပြောသည်။

"ကျေးရွာတွေမှာရှိတဲ့ စာမတတ်တဲ့ကလေးတွေနဲ့ အဘိုးအဘွားတွေကို စာတတ်မြောက်ခြင်းဖြင့် ဉာဏ်ရည်မြှင့်တင်ပြီး လူနေမှုဘဝတိုးတက်စေဖို့ ရည်ရွယ်ကာ လိုက်လံသင်ကြားပေး နေတာပါ။ တချို့ကျတော့ စာမတတ်တာကို ပြောရမှာရှက်လို့ စည်းရုံးရေးတွေဆင်းပြီး သင်ကြားပေးရတဲ့ အခါမျိုးလည်းရှိတယ်။ ပထမ တစ်ရက်နှစ်ရက်နဲ့တင် ကိုယ့်နာမည်လေးတွေကို ဖတ်တတ်သွားလို့ အရမ်းဝမ်းသာနေကြတယ်။ တကယ်လည်း ကြိုးစားသင်ယူကြတယ်။ စာသင်ချိန်ကို တစ်ရက် သုံးနာရီနှုန်းနဲ့ သင်ကြားပေးတာပါ။ အချိန်ကိုတော့ သင်ယူသူတွေနဲ့ ညှိနှိုင်းပြီး သင်ကြားပါတယ်။ အခုလို အခြေခံစာတတ်မြောက်ရေး လူထုလှုပ်ရှားမှုမှာ ကြီးကြပ်သူတစ်ယောက်အနေနဲ့ ပါဝင်ဆောင်ရွက်ခွင့်ရလို့ ဝမ်းသာ

လှည်းကူးမြို့နယ် ဒရယ်ဘိုကျေးရွာ စာသင်ဝိုင်းမှ အသက်(၆၂)နှစ်အရွယ် အဘွားဒေါ်အုန်းမေ။

ပါတယ်" ဟု ရန်ကုန်တက္ကသိုလ်မှ ဒေါက်တာ ဟန်စုယဉ်သက်က သူ၏အတွေ့အကြုံကိုရှင်းပြသည်။

"ဆရာမတွေက စာမတတ်တဲ့သူတွေကို စာသင်ပေးမယ်လို့ ပြောလို့ စာရင်းပေးပြီး လာတက်တာပါ။ အရင်တုန်းကတော့ ဒီလိုမျိုးစာသင်ပေးတာကို ကြုံခဲ့တယ်။ ဒါပေမယ့် ရှက်လို့ မတက်ခဲ့ဘူး။ အခုကျတော့ ဘုရားစာအုပ်တွေ ဖတ်ချင်တာရယ်၊ လမ်းမှာတွေ့တဲ့ ဆိုင်းဘုတ်တွေအပြင် မင်္ဂလာဆောင်ဖိတ်စာနဲ့ နာရေးဖိတ်စာတွေကိုလည်း ကိုယ်တိုင်ဖတ်တတ်ချင်လို့ပါ။ ဒါမှလည်းသူများကို ဖတ်ပြခိုင်းစရာ မလိုတော့ဘူး။ ငယ်ငယ်ကတော့ တစ်တန်းအထိ တက်ခဲ့တယ်။ ကြာတော့မေ့သွားပြီ။ အခုလည်း ကြိုးစားသင်ယူနေပါတယ်။ ဒီလိုစာသင်ရတော့လူငယ်တစ်ယောက်လိုခံစားရတယ်။ ပတ်ဝန်းကျင်က မိတ်ဆွေတွေကိုလည်း စာသင်ဖို့ ခေါ်လာခဲ့တယ်။ သူတို့လည်း ဝမ်းသာနေကြတယ်။ တချို့ကျတော့ အခုထက်ထိ ရှက်လို့လာမသင်တဲ့ သူတွေလည်းရှိသေးတယ်။ သူတို့ကိုလည်း ရအောင်ခေါ်လာခဲ့ဦးမယ်" ဟု လှည်းကူးမြို့နယ် ဒရယ်ဘိုကျေးရွာ စာသင်ဝိုင်းမှ အသက်(၆၂)နှစ်အရွယ် အဘွားဒေါ်အုန်းမေက သူ၏အတွေ့အကြုံနှင့် ခံစားချက်ကို ရှင်းပြသည်။

အဆိုပါ ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုကို မြို့နယ်ပေါင်း ၂၉ မြို့နယ်၌ ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ ကြီးကြပ်သူ ၄၀၃ ဦး၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူ (သင်တန်းနည်းပြ) ၄၂၆၀ က စာသင်ဝိုင်း ၄၄၄၇ ဝိုင်း၊ သင်ယူသူ ၄၆၄၇၉ ဦးတို့ကို သင်ကြားပေးလျက်ရှိသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း လှည်းကူးမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့ ပါဝင်ပြီး လှည်းကူးမြို့နယ်တွင် စာသင်ဝိုင်း ၂၀၉ ဝိုင်း၊ သင်ယူသူ ၁၉၇၉ ဦး၊ ထန်းတပင်မြို့နယ်တွင် စာသင်ဝိုင်း ၁၇၀၊ သင်ယူသူ ၁၃၂၈ ဦးနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် စာသင်ဝိုင်း ၁၇ ဝိုင်း၊ သင်ယူသူ ၁၃၂ ဦးရှိကြောင်း သိရသည်။

❁စာမျက်နှာ ၆ မှ

ထို့ကြောင့် နီတိစွယ်စုံကျမ်း၌ လူပုဂ္ဂိုလ်အမျိုးအစားကို ခွဲခြားပြဆိုရာ၌ -

(၁) မဟဇ္ဈာသယပုဂ္ဂိုလ် = မိမိ၏ လူနေမှုဘဝ ကောင်းကျိုး၊ မိမိပတ်ဝန်းကျင်၏ အကျိုး၊ မိမိနိုင်ငံနှင့် လူမျိုးအကျိုးကို လိုလားဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်။

(၂) ဟိနဇ္ဈာသယပုဂ္ဂိုလ် = မိမိ၏အတ္တ အကျိုးစီးပွားတစ်ခုတည်းကိုသာ လိုလားဆောင်ရွက်လုပ်ကိုင်တတ်ကြသည့် ယုတ်ညံ့သော ပုဂ္ဂိုလ်ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားပြဆိုထားသည်ကို တွေ့ရှိရသည်။

လူနေမှုလောကကြီးတစ်ခုလုံးကို ထိန်းသိမ်းကွပ်ကဲထားသော အခြေခံကိုယ်ကျင့်တရားနှစ်ပါးကို မြတ်ဗုဒ္ဓ၏ အဘိဓမ္မာသဘောအရ လောကပါလတရားဟုခေါ်သည်။ လောကပါလဆိုသည်မှာ လောကကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟု အဓိပ္ပာယ်ရရှိသည်။ ယင်းတို့မှာ -

(၁) မကောင်းမှုမှန်သမျှ ပြုလုပ်ရမည်ကို ရှက်ခြင်း (ဟိရီ)

(၂) မကောင်းမှုမှန်သမျှ ပြုလုပ်ရမည်ကို ကြောက်ရွံ့ခြင်း (ဩတ္တပ္ပ)တို့ဖြစ်ကြသည်။

မည်သူမဆို လူမျိုးမရွေး၊ ဘာသာမရွေး ထိုကျင့်ဝတ်နှစ်ပါးကို စောင့်ထိန်းကြလျှင် လူနေမှုလောကကြီးတစ်ခုလုံးကို ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်ပေသည်။ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပံ့ပိုးကူညီရာရောက်သည်။ နိုင်ငံရေးဝေါဟာရနှင့် ပြောရလျှင် ဒီမိုကရေစီကို မြတ်နိုးထိန်းသိမ်းစောင့်ရှောက်ရာ ရောက်ပေသည်။ လောကပါလတရားနှစ်ပါးသည် လူနေမှုလောက၏ အခြေခံအဓိကကျင့်ဝတ် (Basic Ethic) ပင်ဖြစ်သည်။

ဗုဒ္ဓ၏အဘိဓမ္မာသဘောအရ မကောင်းမှုကျူးလွန်ရမည်ကို မရှက်ကြောက်ခြင်းသဘောအား (အဟိရိက)ဟု ခေါ်ဝေါ်၍ မကောင်းမှုကျူးလွန်ရမည်ကို မကြောက်ရွံ့ခြင်းသဘောအား (အနောတ္တပ္ပ) ဟု ခေါ်ဝေါ် သတ်မှတ်ထားသည်။

ဥဒါဟရဏ်အားဖြင့် တင်ပြရလျှင် မကောင်းမှုမှန်သမျှတို့သည် မစင်နှင့်တူလှ၏။ အဟိရိကသည် ဝက်နှင့် တူပေသည်။ ဝက်သည် မစင်ကို မရွံ့ရှာ၊ မစင်လူးရမည်ကို မရှက်။ မစင်ထဲ၌ လူးလိမ့်နေရသည်ကို ဂုဏ်တစ်မျိုး ဟု ထင်မှတ်ကာ ပျော်ပိုက်နေလေသည်။ ဤသည်ကား အဟိရိက ဟူသော မကောင်းမှုမှ မရှက်ခြင်းသဘောပင် ဖြစ်သည်။

အနောတ္တပ္ပ၏ သဘောကိုရှင်းရလျှင် မကောင်းမှုဒုစရိုက် မှန်သမျှတို့သည် မီးတောက်မီးလျှံနှင့် တူလှပေသည်။ အနောတ္တပ္ပ ၏သဘောမှာ ပိုးဖလံကောင်နှင့် တူလှပေသည်။ ပိုးဖလံကောင်တို့မည်သည်မီးတောက်မီးလျှံထဲသို့ မကြောက်မရွံ့ဝင်၍ သေပွဲဝင်ရရှာသကဲ့သို့ပင်တည်း။ ဤသည်ကား အနောတ္တပ္ပဟူသော မကောင်းမှုမှမကြောက်မရွံ့ခြင်း သဘောပင်ဖြစ်ပါသည်။

မျက်စိရှိလျှင် အဆင်းဟူသမျှမြင်တွေ့ကြရပါလိမ့်မည်။ နားရှိလျှင်အသံဟူသမျှကိုကြားရပါလိမ့်မည်။ နှာခေါင်းရှိလျှင် အနံ့ဟူသမျှသိရှိပါလိမ့်မည်။ လျှာရှိလျှင် အရသာဟူသမျှကိုသိရှိရပါလိမ့်မည်။ ခန္ဓာကိုယ်ရှိလျှင် အထိအတွေ့ကိုခံစားသိရှိပါလိမ့်မည်။ ထိုသဘာဝတို့မှာ သက်ရှိသတ္တဝါတို့၌ရှိနေကြသည့် ကိုယ်ပိုင်မွေးရာပါ အရည်အချင်းများသာ ဖြစ်ပါသည်။

သို့တစေ အဆင်းကိုသာမန်မျက်စိနှင့်မြင်သည်ထက် ဉာဏ်ပညာအမြင်မျိုးဖြင့် ကြည့်မြင်တတ်သည့် အမြင်မျိုး ကသာပို၍မြင့်မြတ်ပါလိမ့်မည်။ သာမန်အသံကို နားဖြင့်ကြားသိရသည်ထက် ပညာများဖြင့် အသိပညာဗဟုသုတဖြစ်ထွန်းရာကို ကြားတတ်သော အကြားကသာပိုမြင့်မြတ်ပါလိမ့်မည်။ အနံ့ကိုသာမန်နှာခေါင်းဖြင့်သိသည်ထက် ပညာရှိသူတော်ကောင်းတို့၏ ကောင်းမြတ်သော ရနံ့ကို သိတတ်ခြင်းကသာ ပို၍မြင့်မြတ်ပါလိမ့်မည်။ အရသာကိုသာမန်လျှာဖြင့် သိခြင်းထက် အသိပညာအတတ်ပညာအရပ်ရပ်တို့၏ အရသာကို သိတတ်ခြင်းကသာ ပို၍မြင့်မြတ်ပါလိမ့်မည်။ ထို့အတူ မိမိအတ္တအကျိုးစီးပွားသက်သက်ကိုသာ ဆောင်ရွက်လုပ်ကိုင်ခြင်းထက် အများကောင်းကျိုး၊ လောကကောင်းကျိုးကို သယ်ပိုးဆောင်ရွက်တတ်ခြင်းကပို၍မြင့်မြတ်ပါလိမ့်မည်။

မြန်မာပြက္ခဒိန်အရ နှစ်စဉ်သင်္ကြန်အတက်နေ့ပြီးသည်နှင့် နောက်တစ်နေ့သည် နှစ်သစ်ကူးနေ့ပင်ဖြစ်သည်။ ထိုနေ့ကို မင်္ဂလာအပေါင်းခညောင်းစေသောနှစ်အဖြစ်ကြိုဆိုကာ ဗုဒ္ဓဘာသာဝင်တို့သည် လမ်း၊ ရပ်ကွက်အဆောက်အအုံအသီးသီးတွင် သံဃာတော်များကိုပင့်ဖိတ်လှူဒါန်း၍ ပရိတ်တရားတော်များကို နာယူကာ ကုသိုလ်ကောင်းမှုပြုကြမြဲဖြစ်သည်။ စတုဒိသာအလှူဒါနပြုကြသည်။ သက်ကြီးရွယ်အိုများကိုလည်း ကန်တော့ကြသည်။ ငါးလွှတ်ပွဲ၊ တိရစ္ဆာန် ဘေးမဲ့လွှတ်ပွဲများပြုလုပ်ကြသည်။ သင်္ကြန်ကာလအတွင်း ဒုလ္လဘရဟန်းခံ၊ ရှင်ပြုသူများနှင့်သီလရှင်ဝတ်သူများ၊ ဝိပဿနာတရားစခန်းဝင်သူများ 'တစ်နှစ်ကြီး၍ တစ်နည်းသာ'ဆိုသကဲ့သို့အသက်တစ်နှစ်ပိုကြီးလာ၍ ဇရာမရဏ တရားကိုသံဝေဂအသိတရားဖြင့်ဆင်ခြင်သူများက မြန်မာနှစ်သစ်၏ပုံရိပ်ကောင်းကို ဖော်ဆောင်ပေးလျက်ရှိသည်။ ခြုံ၍ဆိုရလျှင် အမိမြန်မာပြည်သည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ်ထွန်းကားသော ဘူမိနက်သန်အောင်မြေမှန်ရာ ဒေသဖြစ်၍ လောကပါလတရားနှစ်ပါးကို အခြေခံထားကာ နေ့စဉ်ရက်စဉ်၊ လစဉ်၊ နှစ်စဉ်၊နိစ္စဓူဝဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ပြုလျက်ရှိကြသော ဗုဒ္ဓဘာသာဝင်တို့၏ မြန်မာနှစ်ဆန်းတစ်ရက်နေ့သည် အစဉ်ထာဝရ နှစ်စဉ်မြန်မာမင်္ဂလာနှစ်သစ်ဖြစ်နေမည်ဟု ဆိုလိုက်ပါရစေ။ ။

စစ်တွေမြို့တွင် မေ ၅ ရက်က ကမ္ဘာလှည့်ခရီးသည် ဇနီးမောင်နှံတို့ ပျော်ရွှင်စွာ ဓာတ်ပုံလှည့်လည်ရိုက်နေကြသည်ကို တွေ့ရစဉ်။ (မြစ)

ယာဉ်ယန္တရားကြီးများ စနစ်တကျမောင်းနှင်ထိန်းသိမ်းကိုင်တွယ်အသုံးပြုရေး

နေပြည်တော် မေ ၆

ပြီးခဲ့သည့် မေ ၁ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့်ယန္တရားမောင်းသင်တန်း အမှတ်စဉ် (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပခဲ့ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွေးလှ တက်ရောက်အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းသင်တန်းသို့ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စစ်အင်ဂျင်နီယာ တပ်ရင်းငါးရင်းမှ အကြပ်/စစ်သည် ၃၆ ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၀ ဦး စုစုပေါင်း ၄၆ ဦးတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မေ ၁ ရက်မှ ၁၁ ရက်အထိဖြစ်သည်။ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးနိုင်ရန်အတွက် နတလ ယာဉ်/ယန္တရားကြီးများထားရှိသော ပျဉ်းမနားမြို့ မြောက်လွတ်ကုန်းရပ်ကွက်ရှိ သိုလှောင်ရုံဝင်းအတွင်း သင်တန်းခန်းမပြုလုပ်၍ တည်းခိုနေထိုင်စားသောက်ရေးကိစ္စများပါ အဆင်ပြေမှုရှိစေရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

သင်တန်းတွင် အသစ်ဝယ်ယူတင်သွင်းလာသော မြေထိုးစက်၊ မြေတူးစက်၊ မြေညှိစက်၊ မြေသယ်ယာဉ် စသည့် ယာဉ်ယန္တရားကြီးများအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းမောင်းနှင်နိုင်ရန်၊ ယာဉ်ကြွံခိုင်ရေးကို သေချာနားလည်တတ်ကျွမ်းစွာ ပြုလုပ်တတ်စေရန် ရည်ရွယ်၍ သက်ဆိုင်ရာကုမ္ပဏီများမှ ကျွမ်းကျင်သူ နည်းပြများက လာရောက်သင်ကြားပြသပေးခဲ့သည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ယခင်မှာယူအသုံးပြုခဲ့သော ယန္တရားကြီးများနှင့် ယခုထပ်မံရောက်ရှိလာသော ယန္တရားကြီးများသည် ယာဉ်တစ်စီးချင်း ဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဌာန်၊ ကိုင်တွယ်အသုံးပြုပုံ နည်းစနစ်မှအစ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာများပါ မတူတော့ဘဲ နည်းစနစ်ပိုင်းဆိုင်ရာများ ပိုမိုမြင့်မားလာပြီဖြစ်သည်။ သို့ဖြစ်၍ ထုတ်လုပ်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ စက်မောင်းနှင်အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာများကို စာတွေ့လက်တွေ့ပြန်လည်သင်ကြားပြသပေးခဲ့သည်။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက်ကိုလည်း သင်ခန်းစာတစ်ခုအနေဖြင့် ပို့ချပေးခဲ့သည်။

စစ်အင်ဂျင်နီယာတပ်ရင်းငါးရင်းမှ အကြပ်/စစ်သည်များအနေဖြင့် ယန္တရားဆိုင်ရာသင်တန်းအမျိုးမျိုးတက်ရောက်ပြီးသူများ၊ လက်တွေ့လုပ်ငန်းခွင်၌ တာဝန်ထမ်းဆောင်နေသူများ ပါဝင်သည်။ ယန္တရားများနှင့် မစိမ်းပါ၊ နည်းစနစ်ပိုင်းဆိုင်ရာ မြင့်မားလာမှုများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရေးအတွက် ထပ်မံသင်ကြားပို့ချပေးခြင်းဖြစ်သည်။

နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဝယ်ယူ၍ နယ်စပ်ဒေသအသီးသီးရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနေသော ယာဉ်ယန္တရားကြီးများသည် တန်ဖိုးကြီးမားပါသည်။ စနစ်တကျကိုင်တွယ်ထိန်းသိမ်းအသုံးပြုရန် လိုအပ်ပါသည်။ ဒေသအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်ရင်းတစ်ဖက်ကလည်း မိမိတို့လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်နိုင်ရပါမည်။ စက်များကို စွမ်းအားပြည့်အသုံးပြုနိုင်ရပါမည်။ ယင်းအတွက် အဆိုပါ ယန္တရားမောင်းသင်တန်းများ ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်စိုး(နတလ)

လက်ရာမြောက်လှသော ယွန်းဆွမ်းအုပ်များ

ရမည်းသင်း မေ ၆

ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လက်ရာမြောက်စွာ ပြုလုပ်ထားသော ရှေးဟောင်းယဉ်ကျေးမှုလက်ရာယွန်းဆွမ်းအုပ်များကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သရက်ပင်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် တွေ့ရသည်။**(ယာပုံ)**

ယင်းဆွမ်းအုပ်များမှာ အမြင့် ၂၈လက်မ၊ အဝအကျယ် (ဆွမ်းအုပ်အပေါ်ပိုင်းနှင့် အောက်ပိုင်းဆက်စပ်နေရာ) ၁၉ လက်မရှိသည်။ မှန်စီရွှေချထားသော ဆွမ်းအုပ်များ၊ ဆေးအနီသုတ်ထားသော ဆွမ်းအုပ်များ မူကွဲစွာ တွေ့ရသည်။

မှန်စီရွှေချ ပြုလုပ်ထားသော ဆွမ်းအုပ်များတွင် သစ်စေး၊ သရိုးပန်း၊ မှန်ကူကွက်၊ အပြောက်အမွမ်းအစရှိသည်တို့ဖြင့် အနုပညာရသပေါ်လွင်အောင် လက်ရာမြောက်စွာ ပြုလုပ်ထားသည်။ ဆေးအနီသုတ်ထားသော ဆွမ်းအုပ်များကိုလည်း အချိုးအဆစ်ကျနပြီး လက်ရာမြောက်စွာ ပြုလုပ်ထားသည့်အတွက် ရင်သပ်ရှုမောဖွယ်ရာပင် တွေ့မြင်ရသည်။

ခေတ်အဆက်ဆက်က ပြုလုပ်ခဲ့သော လက်ရာမြောက်လှသည့် ရှေးဟောင်း ယဉ်ကျေးမှုလက်ရာ ဆွမ်းအုပ်များကို သရက်ပင်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုမာရက နောင်လာနောက်သားများ သိရှိလေ့လာနိုင်ရန်အလို့ငှာ ဘုရားဆောင်(ခန်း)၌ ရှေးဟောင်းယဉ်ကျေးမှုအနုပညာအမွေအဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားသည်။

လှိုင်သန်းတင့် (ရမည်းသင်း)

❑ ❑

သုံးခွမြို့၌ ပါဠိပထမပြန်စာမေးပွဲကျင်းပ

သုံးခွ မေ ၆

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မဟာအတုလဝေယံ သာသနာ့ဗိမာန်တော်ကြီး၌ ပါဠိပထမပြန်စာမေးပွဲကို မေ ၃ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ စတင်ကျင်းပလျက်ရှိရာ မေ ၆ ရက်၌ ပထမကြီး တန်း ၁၈ ပါး၊ ပထမလတ် ၁၆ ပါး၊ ပထမငယ်တန်း ၂၅ ပါး စုစုပေါင်း ၅၉ ပါး ဖြေဆိုကြကြောင်း သိရသည်။ စာမေးပွဲဖြေဆိုရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ သာသနာရေးဦးစီးမှူး ဦးသူရိန်မြင့်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ညိုခဲ့ကြောင်း သိရသည်။

(သာသနာရေး)

အသိပေးနှိုးဆော်ချက်

၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ လုပ်ငန်းခွင်သုံးယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား ရာဇသင်္ဂဟလမ်း ရွှေကြာပင်လမ်းဆုံ(ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှူးရုံး)မှ အမရဟိုတယ် လမ်းဆုံအထိ လမ်းလွှဲလမ်းပိတ် ဆောင်ရွက်ထားရှိပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၊ နေပြည်တော်

ပြည်တွင်းရေးရာ

ပျော်ရွှင်စွာဆင်နွှဲ မဟာအတာသင်္ကြန်ပွဲ

မကြာမတင်သောကာလအတွင်း မဟာသင်္ကြန်ပွဲတော်ကြီးကို နွှဲပျော်ကြရန်အတွက် စိုင်းပြင်းလျက်ရှိနေကြသည်ကို မိမိတို့နိုင်ငံ နေရာဒေသအနှံ့အပြားတွင် မြင်တွေ့နေကြရပြီဖြစ်သည်။ သင်္ကြန်မဏ္ဍပ်များ အပြိုင်အဆိုင်ဆောက်လုပ်နေကြခြင်း၊ သင်္ကြန်ကာလအတွင်း ရေပက်ခံထွက်၊ ရေကစားကြရန်ရည်သန်လျက် ကားများကို အပြိုင်အဆိုင် မွမ်းမံပြင်ဆင်နေခြင်းများသည် သင်္ကြန်အကြိုမြင်ကွင်းများဟု ဆိုထိုက်ပေသည်။ ထိုသို့ အပျော်အပါးကိစ္စအတွက် ရည်သန်ပြင်ဆင်နေကြသည့်နည်းတူ အခြားတစ်ဖက်တွင်လည်း ကုသိုလ်ရေး လက်မနှေးကြသူများက ရှင်ပြုနားသ ဒုလ္လဘပွဲများပြုလုပ်ကာ နှစ်သစ်ကို ကုသိုလ်ဖြင့်ကြိုဆိုရန် လုပ်ဆောင်နေကြသည်။ မည်သို့ဆိုစေ မဟာသင်္ကြန်ကာလ နီးကပ်လာသည်နှင့်အမျှ အချိန်အခါရာသီမှာလည်း ပိုမိုပူပြင်းလာလျက်ရှိနေခြင်းကြောင့် သတိပြုဆင်ခြင်ဖွယ်ရာများကို အလေးအနက်ထားမိနိုင်ကြစေရန် စေတနာရှေ့ထား ရေးသားတင်ပြအပ်ပါသည်။

အတာသင်္ကြန်ဟူသည် နှစ်တစ်နှစ်ကုန်ဆုံးခြင်းကို အကြောင်းပြု၍ အဆိုပါနှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေအေးဖြင့် ဆေးကြောသန့်စင်ခြင်းဖြစ်သည်။ ယခင်သင်္ကြန်ကာလများက ငွေဖလားမှ ရေများကို သပြေခက်ဖြင့် တစ်ဦးနှင့်တစ်ဦး ငြိမ်းချမ်းစွာရေပက်ဖျန်းခဲ့ကြသည့် မြန်မာတို့၏ ချစ်စဖွယ် ဓလေ့လေးတစ်ခုအဖြစ် ရှုမြင်နိုင်ခဲ့ကြသည်။ မျက်မှောက် ပစ္စက္ခသင်္ကြန်ပွဲတော်များတွင်မူ ယင်းသို့သော အလေ့အထများပါးလျားလာသည်ကို အထင်အရှား မြင်တွေ့လာရပြီဖြစ်သည်။ သပြေခက်နှင့် ငွေဖလားများနေရာတွင် အမျိုးမျိုးအစုံစုံသော သင်္ကြန်ရေကစားပစ္စည်းများ၊ ရေပက်ကစားနိုင်သည့် အရွယ်အစားအမျိုးစုံလှသော ပိုက်မျိုးစုံတို့ကလည်း နေရာဝင်ယူလာကြသည်။ ထို့အတူ တစ်ချိန်တစ်ခါက မောင်ရင်းနှမပမာ ချစ်ခင်ရင်းနှီးစွာ တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြသည့် အလေ့အထများမှာလည်း တစ်စတစ်စ ပါးလျားလာကာ ခွက်စောင်းခုတ်ခြင်းကဲ့သို့သော တစ်ဖက်သားစိတ်အနှောင့်အယှက်ဖြစ်စေရန် တမင်ရည်ရွယ်လုပ်ဆောင် ရေကစားခြင်းများသည်သာ ခေတ်သစ်လူငယ်ထုအကြား ပေါ်ပြူလာဖြစ်ကာ ခေတ်စားလာလျက်ရှိသည်။

တစ်ချိန်တစ်ခါက ဝတ်စားဆင်ယင်မှုတွင် ရိုးရိုးယဉ်ယဉ် အပြင်အဆင်လေးများဖြင့် လှပခဲ့သော အတာသင်္ကြန်မြင်ကွင်းသည်ကား ယနေ့ကာလတွင် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ရပြီဖြစ်သည်။ ဒူးပေါ်ပေါင်ပေါ်တို၊ ပြတ်၊ ဟိုက် အဆင်အပြင်များဖြင့် ခေတ်သစ်သင်္ကြန်ပွဲတော်ကို နွှဲပျော်နေကြသည်။ မူးယစ်သောက်စား ပျော်မြူးကြသူများနှင့် အပျော်လွန်ကဲရာမှတစ်ဆင့် ခိုက်ရန်ဖြစ်ပွားမှုမြင်ကွင်းများမှာလည်း တစ်နှစ်တစ်မျိုး မရိုးနိုင်အောင်ဖြစ်ပွားလျက်ရှိသည်။ သောက်စားလွန်ကြူး ယစ်မူးပြီး မော်တော်ယာဉ်မောင်းနှင်မှုများကြောင့် မဖြစ်သင့် မဖြစ်ထိုက်သော ယာဉ်တိုက်မှု အမှုအခင်းများဖြစ်ပွားကာ ထိခိုက်ဒဏ်ရာရ သေကျေမှုဖြစ်ရပ်များလည်း နေရာဒေသအလိုက် ဆိုသလို ဖြစ်ပွားလျက်ရှိသည်။

နည်းပညာများတစ်နေ့ထက်တစ်နေ့ တိုးတက်ထွန်းကားလာနေသော အချိန်အခါသမယသို့ရောက်ရှိနေချိန်ဖြစ်ရာ သင်္ကြန်ကို အရုပ်ဆိုးအကျည်းတန်စေသည့် ဖြစ်စဉ်ဖြစ်ရပ်များကို မှတ်တမ်းတင်ထားရှိသော ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များ ယမန်နှစ်သင်္ကြန်ကိုအကြောင်းပြု၍ အင်တာနက်ပေါ်တွင် နေရာယူခဲ့သည်။ တမင်ရည်ရွယ်၍ ဖြစ်စေ၊ မရည်ရွယ်ပါဘဲ အမှုမဲ့ အမှတ်မဲ့ဖြစ်စေ ပြုမူခဲ့ကြသော်လည်း ဗွီစီဒီအခွေများ၊ အင်တာနက် လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် တွင်ကျယ်ပျံ့နှံ့ခဲ့ခြင်းကြောင့် ကာယကံရှင်များ၏ ပုဂ္ဂိုလ်ရေးနှင့် မိသားစုအသိုင်းအဝိုင်းများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

သို့ဖြစ်ခြင်းကြောင့် ယခုနှစ်တွင်လည်း ထိုထိုသောဖြစ်စဉ်ဖြစ်ရပ်များ အလားတူဖြစ်ပွားမလာစေရန်အတွက် မိဘများအနေဖြင့် မိမိတို့၏သားသမီးများ အပျော်လွန်ယစ်မူးသောက်စားခြင်း၊ အများအမြင်မတင့်တယ်သည့် ဝတ်စားဆင်ယင်သွားလာမှုများ၊ ပြောဆိုနေထိုင်မှုများကို ဆိုဆုံးမ သတိပေးပြောဆိုခြင်း အချိန်မီမပြုလုပ်ခဲ့ပါမူ တစ်ခဏတာအပျော်ကြူးမိရာမှ တစ်ဘဝစာ အမည်းစက်အစွန်းအထင်းများ ထင်ကျန်သွားနိုင်ခြင်းကြောင့် အချိန်မီထိန်းသိမ်းပြုပြင်ဆိုဆုံးမရန် လိုအပ်ပေသည်။

အချို့သောမိဘများအနေဖြင့်လည်း ၎င်းတို့၏သားသမီးများ အတာသင်္ကြန်ကာလအတွင်း တစ်စုံတစ်ရာဖြစ်ပွားလာမည့်အရေးကို ကြိုတွေးကာ ရင်တမမဖြစ်နေကြရသည်။ သင်္ကြန်ကာလအတွင်း ဥပုသ်သီလဆောက်တည်ရန်အတွက် မစဉ်းစားနိုင်ဘဲ သားသမီးများ သင်္ကြန်တွင်းလည်ပတ်ပျော်ပါးမည့်အရေးကို တွေးတောရင်မောနေကြရသည်။

၂၀၁၄ ခုနှစ် အတာသင်္ကြန်ပွဲတော်ကို အေးချမ်းစွာဖြတ်သန်းနိုင်ကြပြီး နှစ်သစ်အဖွင့်နိဒါန်းကို ပျော်ရွှင်မှုအတိဖြင့် ဖွင့်လှစ်လှမ်းကြိုနိုင်ရန်နှင့် သင်္ကြန်ပြယုဂ်ကို အရုပ်ဆိုးအကျည်းတန်စေသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ ယာဉ်အန္တရာယ်ကြောင့် ထိခိုက်သေဆုံးမှုများ မဖြစ်ပွားစေရန်အတွက် သင်္ကြန်ပွဲတော်ကို ပါဝင်နွှဲပျော်ကြမည့် လူငယ်လူရွယ်များအနေဖြင့်လည်းကောင်း၊ ပြည်သူ့အချစ်တော် အနုပညာရှင်များအနေဖြင့်လည်းကောင်း၊ တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း ကိုယ်စီကျရာအခန်းကဏ္ဍမှပါဝင်၍ ဝိုင်းဝန်းထိန်းသိမ်းလုပ်ဆောင်ခြင်းအားဖြင့် ပျော်ရွှင်စရာမဟာသင်္ကြန်ရက်မြတ်များကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်း၍ နှစ်သစ်ကို မင်္ဂလာအပေါင်းဖြင့် ကြိုဆိုနိုင်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

(ရာမည)

ရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပပြီးစီး

သုံးခွ ဧပြီ ၆

ရန်ကုန်(တောင်ပိုင်းခရိုင်) သုံးခွမြို့နယ်တွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကို သုံးခွမြို့နယ်အားကစားခန်းမ၌ မတ် ၂၃ ရက်က စတင်ကျင်းပခဲ့ရာ အသင်းပေါင်း ၃၉ သင်းပါဝင်ယှဉ်ပြိုင်ပြီး နောက်ဆုံးဗိုလ်လုပွဲကို ဧပြီ ၅ ရက် နံနက် ၈ နာရီခွဲတွင် အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၁၂) ရပ်ကွက် အသင်းတို့ယှဉ်ပြိုင်ကစားကြပြီး ပထမဆုရရှိသော အမှတ်(၂) ရပ်ကွက်အသင်းအား ငွေကျပ်ငါးသိန်းနှင့် တံခွန်စိုက်ဆုဖလားကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းက ချီးမြှင့်ကြောင်းသိရသည်။ ဒုတိယဆုရရှိသော အမှတ်(၁၂) ရပ်ကွက်အသင်းအား ငွေကျပ်သုံးသိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော အမှတ်(၁၁)ရပ်ကွက်အသင်းအား ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသော ဘုရားကြီးကျေးရွာအသင်းအား ငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ နေရာအလိုက်အကောင်းဆုံးဆုများကို ကိုနိုင်လင်း (ဘုရားကြီးကျေးရွာ)၊ အောင်မြင့်ဦး(၁၂)ရပ်ကွက်၊ နိုင်လင်းထွန်း(၂)ရပ်ကွက်တို့အား သုံးသောင်းစီနှင့်ဆုတံဆိပ်များကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **ကိုကျော်(သုံးခွ)**

ဆဋ္ဌမအကြိမ် ဒုလ္လဘရဟန်းခံရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ

နေပြည်တော် ဧပြီ ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဆဋ္ဌမအကြိမ် ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာအခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ရှိ တေဇစက္ကိကမ္မဋ္ဌာန်းရိပ်သာကျောင်း၌ ဧပြီ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမှူးပြုသော တရားနာပရိသတ်အပေါင်းက တေဇစက္ကိကမ္မဋ္ဌာန်းကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူကာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ယနေ့ကျင်းပသော ဒုလ္လဘရဟန်းခံရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမှုထမ်းနှင့်မိသားစုဝင်များမှ ၁၉၅ ပါး ပါဝင်ပြီး ဒုလ္လဘရဟန်းခံရှင်ပြု၊ သာဓုအနုမောဒနာပြီးမြောက်ကြောင်း သိရသည်။

သူဇာလှိုင်(စက်မှု)

APR 13 09 4210 14940
09 2540 67565
APR 12
Apr 12
708342, 373275, 0949219404
ရခိုင်ပြည်နယ်ဘုရားဖူး
(120000/-) Ph: 09 448003431
APR-4/12/17/25/30, MAY-2/9/12/16/23/30
Ph : 241863, 380141, 09-43043109
0931815390, 0931815395
Special Discount
Apr 12
COSMOPOLITAN TRAVEL
09-5155108, 549138

စေ့စပ်ကြောင်းလမ်းခြင်းအားဖျက်သိမ်းခြင်း

ဦးစိုးလွင်၏သမီး ကျွန်မ အိသူသူလွင်[၁၂/သလန(နိုင်)၀၉၇၄၅၄]နှင့် သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ်(၈/၄၆)နေ ဦးသန်းဟုတ်၏သား မောင်ဖြိုးကျော်ကျော်[၁၂/သလန(နိုင်)၁၀၆၅၆၀]တို့၏ ၂၄-၁၁-၂၀၁၃ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းခြင်းအား နှစ်ဖက်အကြောင်းမညီညွတ်ပါသဖြင့် ယင်းစေ့စပ်ကြောင်းလမ်းခြင်းအား ၂၈-၃-၂၀၁၄ ရက်မှစ၍ ဖျက်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အိသူသူလွင်
[၁၂/သလန(နိုင်)၀၉၇၄၅၄]

Miss World ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည့် အိန္ဒိယအလှမယ်(၂၀၁၄) Koyal Rana

၂၀၁၄ ခုနှစ် အိန္ဒိယအလှမယ် Miss India 2014 ရွေးချယ်ပွဲကို ဧပြီ ၅ ရက်က အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ Yash Raj စတူဒီယို၌ ကျင်းပရာ နယူးဒေလီမှ အသက်(၂၁)နှစ်အရွယ် အလှမယ် Koyal Rana က နိုင်ငံအနှံ့အပြားမှ ပြိုင်ပွဲဝင် ၂၄ ဦးကို ကျော်လွန်ကာ Femina Miss India 2014 သရဖူကို ရရှိဆွတ်ခူးနိုင်ခဲ့ပြီး Miss World အလှမယ်ပြိုင်ပွဲသို့ အိန္ဒိယနိုင်ငံ ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါဆုပေးပွဲတွင် မွမ်ဘိုင်းမြို့မှ ပါဝင်ယှဉ်ပြိုင်သည့် Jhataleka Malhotra က first runner-up ဆုကို ရရှိခဲ့ပြီး Miss Earth အလှမယ်ပြိုင်ပွဲတွင် အိန္ဒိယနိုင်ငံကိုယ်စားပြု အဖြစ်လည်းကောင်း၊ ဂိုယာမြို့မှ အလှမယ် Gail Nicole Da Silva က second runner-up ဆုကို ရရှိခဲ့ပြီး Miss Supranational ပြိုင်ပွဲကို အိန္ဒိယနိုင်ငံ ကိုယ်စားပြုအလှမယ်အဖြစ် အသီးသီး ဆက်လက်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြမည်ဖြစ်သည်။

ယင်းဆုပေးပွဲတွင် ယမန်နှစ်က Miss World 2013 သရဖူပိုင်ရှင် မီဂန်ယောင်းက Koyal Rana အား Femina Miss India 2014 သရဖူကို ချီးမြှင့်အပ်နှင်းပေးခဲ့ကြောင်း သိရသည်။

မျိုးစန္ဒာမောင်
စုစည်းရေးသားသည်

ပြင်သစ်အလှကုန်၏ ပထမဆုံး လူမည်းအမျိုးသမီး သံတမန်ဖြစ်လာသည့် Lupita

၂၀၁၄ ခုနှစ်သည် ကင်ညာ-မက္ကဆီကို မင်းသမီး Lupita Nyong အတွက် ကံကောင်းမှုများ ဆက်တိုက်ဖြစ်စေခဲ့သော နှစ်တစ်နှစ်ဖြစ်စေခဲ့သည်။ ၎င်းသည် မတ်လ လဆန်းပိုင်းက ကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ်အတွင်း ပြသခဲ့သော အကောင်းဆုံးရုပ်ရှင်ဇာတ်ကားများကို ရွေးချယ်ချီးမြှင့်ခဲ့သည့် ရုပ်ရှင်လောက၏ အထင်ကရ အော်စကာဆုပေးပွဲတွင် 12 Years a Slave ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရရှိခဲ့သလို ယခုတစ်ဖန်လည်း ပြင်သစ်အလှကုန် Lancome ၏ ပထမဆုံးသော လူမည်းအလှကုန်သံတမန်တစ်ဦးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း သိရသည်။

အနုပညာအောင်မြင်မှုများအားလုံးကို ဟယ်ရီပေါ်တာမှ အစပျိုးပေးခဲ့ဟု ဆိုလာသူ ဒန်နီယယ်ရက်ကလစ်ဖ်

ဟယ်ရီပေါ်တာဇာတ်လမ်းတွဲအားလုံးတွင် ပင်တိုင်ပါဝင်သရုပ်ဆောင်ခဲ့သူ မင်းသားဒန်နီယယ်ရက်ကလစ်ဖ်က ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများသည် ၎င်း၏အနုပညာအောင်မြင်မှုများအတွက် မယုံနိုင်ဖွယ်ရာအထောက်အပံ့များပေးစွမ်းပါကြောင်း ရုပ်သံအစီအစဉ်တစ်ခု၏ အင်တာဗျူးကဏ္ဍတစ်ခုတွင် ပြောကြားခဲ့သည်။

"အခုနောက်ပိုင်းတင်ဆက်လာကြတဲ့ ဇာတ်လမ်းတွဲသစ်တွေက တစ်ခါတလေမှာ လူတွေရဲ့စိတ်ကို အနှောင့်အယှက်တောင်ဖြစ်စေပါတယ်။ ဒါပေမယ့်အဲဒါဟာလည်း သူတို့ရဲ့တင်ပြပုံ၊ ဇာတ်ကားရဲ့အဓိကပြောချင်တာဘာလဲဆိုတာတွေအပေါ်မှာ မူတည်ပါတယ်"ဟု မင်းသားဒန်နီယယ်က ဆိုသည်။

ဆက်လက်ပြီး "အခုချိန်မှာ ကျွန်တော်တခြားဇာတ်ရုပ်တွေကို စမ်းကြည့်ချင်ပါတယ်၊ ဒါတွေအားလုံးရဲ့ အံ့အားသင့်ဖွယ်တွေကလည်း ဟယ်ရီပေါ်တာကနေ အစပျိုးပေးလိုက်တာပါပဲ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် မင်းသား ဒန်နီယယ်သည် နယူးယောက်ရှိ Cort ပြဇာတ်ရုံတွင် ကပြမည့် The Cripple of Inishmaan တွင် ပါဝင်ထားပြီး ယင်းပြဇာတ်ကို ဘရော့ဒ်ဝေး၌ ဧပြီ ၂၀ ရက် တွင် စတင်ပြသသွားမည်ဖြစ်သည်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၇-၄-၂၀၁၄ (တနင်္လာနေ့)

MRTV

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၆း၄၅	"ကြည်ညိုဖူးမြော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်"
၁၂း၂၅	ဆေးရောင်စုံရုပ်ရှင် "မွေး" (ကျော်သူ၊ ဇင်ဝိုင်း၊မင်းဦး၊မေဆွိ) (ဒါရိုက်တာ-သက်သက်မောင်)
၄း၂၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သချ်ာအထူးပြု) (သချ်ာ)
၆း၂၀	မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၈း၄၅	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ

MRTV-4

၅း၀၀	ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅း၄၀	"ကောင်းကင်ယံကတရားသံ" တရားတော် (ဆရာတော်အရှင်ပညာနန္ဒ)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၀း၄၅	အနုပညာမိုးကောင်းကင်
၁၁း၃၀	MRTV-4 Stage
၁၁း၅၀	နောင်ဖ မန်တောင်းရေအားလျှပ်စစ် စီမံကိန်းရှင်းလင်းတင်ပြခြင်း အခမ်းအနား
၃း၅၅	ရန်ကုန်မြင်ကွင်းကျယ်
၄း၀၅	Cartoon Series (Welcome to Skyville)
၄း၅၀	Cartoon Series (Go Torara Go)
၅း၁၀	Minute to Win It
၆း၀၀	MRTV-4 သတင်း
၉း၅၀	Golbal Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၁း၁၅	World Of Knowledge (Ancient X Files:The Great Flood)
၁၂း၀၀	"ကောင်းကင်ယံက တရားသံ" တရားတော် (ဆရာတော်အရှင်ပညာနန္ဒ)
၁း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သားတို့အိမ်ကလေး" (အပိုင်း-၁၁)
၁း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော်ရဲ့ဗီးနပ်စ်" (အပိုင်း-၃၅)

MWD

၆း၀၃	တရားတော်
၆း၁၆	မေတ္တာပို့
၆း၂၅	ဓမ္မပူဇာတေး
၅း၀၅	မြန်မာသကြ်န်
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းပန်လျက်ပါ (အပိုင်း-၁၉)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -ဒို့တာဝန်အရေးသုံးပါး -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -မေးမြန်းစူးစမ်း -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အာဂလူ" (အပိုင်း-၃၃) မြဝတီရုပ်မြင်သံကြားသတင်း တရားတော်







အဓိကတိုက်စစ်မှူးများမပါဝင်ဘဲ နယူးကာဆယ်ကို မန်ယူ ဂိုးပြတ်နိုင်

မောင်မောင်ဇော်

ပရီမီယာလိဂ် ပွဲစဉ်(၃၃)၏ နယူးကာဆယ်နှင့် မန်ချက်စတာယူနိုက်တက်တို့ ပွဲစဉ်တွင် ဧည့်သည် မန်ယူအသင်းက အိမ်ရှင်နယူးကာဆယ်အသင်းအား လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ နယူးကာဆယ်အသင်းသည် အိမ်ကွင်းတွင် အနိုင်ရလဒ် ပုံဖော်နိုင်ရေးအတွက် အီလီယော့၊ ဆန်တန်၊ ဝီလျံဆန်၊ ကိုလိုချီနီ၊ ဟိုင်ဒါရာ၊ အန်နီတာ၊ ဂေါ်စလင်၊ တီယော့တီ၊ ဂူဖရန်၊ ဒီဂျောင်၊ ဆစ်ဆီတို့ကို ပွဲထွက်ပါဝင်ကစားစေခဲ့သည်။

ထို့အတူ ဧည့်သည်မန်ယူအသင်းသည်လည်းအဝေးကွင်းတွင် အောင်ပွဲခံနိုင်ရေးအတွက် လင်ဒီဂတ်၊ ဗလန်စီယာ၊ ဖီးဂျုံးစ်၊ စမောလင်း၊ အီဗရာ၊ အက်ရှ်လေယန်း၊ မာတာ၊ ဖလက်ချာ၊ ဖယ်လိုင်နီ၊ ကာဂါဝါ၊ ဟာနန်ဒက်ဇ်တို့ကို ပါဝင်ကစားစေခဲ့သည်။

ပထမပိုင်းတွင် နယူးကာဆယ်အသင်းသည် အိမ်ရှင်ပီပီအကောင်းဆုံး ပုံစံဖြင့် ကစားနိုင်ခဲ့သော်လည်း ဦးဆောင်ဂိုး ရရှိသောအသင်းမှာ ဧည့်သည် မန်ယူအသင်းပင်ဖြစ်သည်။ ယင်းဂိုးကို ပွဲချိန်တွင် ၃၉ မိနစ်တွင် မာတာက အလွတ်တည်ကန်ဘောမှ တစ်ဆင့် တိုက်ရိုက်သွင်းယူခဲ့သည်။ ပွဲကစားချိန် ၄၄ မိနစ်တွင် ကွင်းလယ်လူ ကာဂါဝါပေးပို့သည့် ဘောလုံးကို ဟာနန်ဒက်ဇ် အပိုင်ကန်သွင်းသော်လည်း ဂိုးတိုင်ထိမှန်၍ ဂိုးမရဖြစ်ခဲ့သည်။

ဒုတိယပိုင်းတွင် မန်ယူအသင်းအနေဖြင့် ဂိုးထပ်မံရရှိရန် ကြိုးပမ်းလာခဲ့ပြီး မိနစ် ၅၀ တွင် မာတာကပင် ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့သည်။ ပွဲကစားချိန် မိနစ် ၆၀ တွင် ယာဘက်ခြမ်းမှ ကာဂါဝါ ဖန်တီးပေးပို့သည့် ဘောလုံးကို ဟာနန်ဒက်ဇ် ကန်သွင်းရာ ဂိုးမရရှိဘဲ ဘောလုံးမှာ ဂိုးဘားပေါ်ကျော်သွားခဲ့သည်။ ပွဲချိန် ၆၅ မိနစ်တွင် မန်ယူအသင်းက တတိယဂိုး ရရှိသွားခဲ့ပြီး အဆိုပါဂိုးကို မာတာ၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် ဟာနန်ဒက်ဇ်က အလျင်အမြန်ပိတ်သွင်းရယူခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၈၄ မိနစ်တွင် နယူးကာဆယ်မှ ဟိုင်ဒါရာ၏ ပေးပို့မှုမှတစ်ဆင့် ဆစ်ဆီ မြေမကျကန်သွင်းသော်လည်း မန်ယူဂိုးသမား လင်ဒီဂတ် အကောင်းဆုံးလက်စွမ်းပြ ပုတ်ထုတ်ကာကွယ်ခဲ့သည်။ မန်ယူအသင်းအတွက် စတုတ္ထဂိုးကိုမူ မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို သုံးမိနစ်တွင် ဂျာနူဇက်က သွင်းယူပေးခဲ့သည်။ ထို့ကြောင့် ဧည့်သည်မန်ယူအသင်းသည် နယူးကာဆယ်အသင်း၏ အိမ်ကွင်းတွင်သွားရောက်ကစားခဲ့ရသော်လည်း ၄-၀ ရလဒ်ဖြင့် အနိုင်ပုံဖော်ကာ အိမ်အပြန်လက်ဆောင်အဖြစ် သုံးမှတ်ရယူနိုင်ခဲ့သည်။

အခြားပွဲရလဒ်များ

မန်စီးတီး	၄ - ၁	ဆောက်သမ်တန်
အက်စတွန်ဗီလာ	၁ - ၂	ဖူလ်ဟမ်
ကာဒစ်ဖ်	၀ - ၃	ခရစ္စတယ်ပဲလေ့စ်
ဟားလ်စီးတီး	၁ - ၀	ဆွမ်ဆီး
နယူးကာဆယ်	၀ - ၄	မန်ယူ
နော့ဝှစ်ချ်	၀ - ၁	ဝက်စ်ဘရွန်း
ချယ်လ်ဆီး	၃ - ၀	စတုတ်စီးတီး
အဲဗာတန်	၃ - ၀	အာဆင်နယ်

တပ်ကုန်းမြို့နယ် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၆

မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဖူဆယ်ဘောလုံးဆပ်ကော်မတီအဖွဲ့တို့က ပူးပေါင်းကျင်းပသော ပထမအကြိမ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် တပ်ကုန်းမြို့နယ်ရှိ မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဗိုလ်လုပွဲပွဲစဉ်အဖြစ် Shart အသင်းနှင့် Flamango အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ Shart အသင်းက Flamango အသင်းကို ခြောက်ဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယရရှိသော Flamango အသင်းကို ငွေသားဆုနှင့် ဆုတံဆိပ်တို့ကိုလည်းကောင်း၊ ပထမရရှိသော Shart အသင်းကို ငွေသားဆုနှင့် ဆုဖလားတို့ကို တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဇင်ဘို)**

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်

၂၀၁၃ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၁၀၃ မှုဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၇၂၂ ဦး၊ သေဆုံး ၈၀ ရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်းမပြုရ။

၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊အရှိန်ပြင်းမောင်းခြင်း မပြုရ။

၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။

၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။

၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲ ယာဉ်များအား မောင်းနှင်ခြင်း မပြုရ။

၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်း မပြုရ။

၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကို အသုံးပြု၍ ရေကစားခြင်း မပြုရ။

၈။ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲစီးခြင်းများ မပြုရ။

၉။ သံစုံဟွန်းများ တပ်ဆင်ကာအသုံးမပြုရ။

၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

ယာဉ်ထိန်းရဲတပ်ဖွဲ့

ရောဝတီနှင့် မနောမြေတို့ သရေကျပြီး ကမ္ဘောဇနိုင်ပွဲဆက်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(အောင်ဆန်းကွင်း)

ရောဝတီ-ဂိုးမရှိ၊ မနောမြေ- ဂိုးမရှိ

(သုဝဏ္ဏကွင်း)

ကမ္ဘောဇ -လေးဂိုး

(ဇီကိုဗစ်-နှစ်ဂိုး၊သိန်းသန်းဝင်းနှင့် ဂျူနီယာ-တစ်ဂိုးစီ)

Southern -တစ်ဂိုး (စိုးကျော်သူ)

MNL အမှတ်ပေးပြိုင်ပွဲကို ယခုပွဲစဉ်များအပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ဇွန် ၂ ရက်တွင် ပြန်လည်ကျင်းပမည် ဖြစ်သည်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးသန်းထိုက် (ဌာနမှူး၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)- (ဒေါက်တာဒေါ်ခိုင်စိုးမြင့်) (ကထိက၊ ဌာနမှူး၊ ဓာတုဗေဒဌာန၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်)တို့၏သား

မောင်ကောင်းထိုက်ဦး

B.A(Eng)

Swagger Outfits

နှင့်

ရန်ကုန်မြို့နေ

ဦးစိုးသန်း(Fitness Centre Supervisor Cum Instructor, Park Royal Hotel)-ဒေါ်အေးအေးနွယ်(ဦးစီးအရာရှိ စီးပွား/ကူးသန်းဝန်ကြီးဌာန)တို့၏သမီး

မခိုင်ဆုပိုင်

B.Sc (Maths) Dip in IDCS

Public Relation (Loi Hein Co.,Ltd.)

တို့၏ ၂-၄-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် မင်္ဂလာမော်ကွန်တင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းဆွေအားလည်းကောင်း၊ ၅-၄-၂၀၁၄ ရက် (စနေနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးလှမြင့်နှင့် ဇနီး ဒေါ်ခင်အေးနွယ်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် (မဟာသရေစည်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း)၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဆရာသမားများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများကို ဆင်မြန်းပေးပါသော ဒေါ် Sခေါင်နန်း (May and Mark Gems)အားလည်းကောင်း၊ မေတ္တာဖြင့် မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံ ဖန်တီးချုပ်လုပ်ပေးပါသော Designer မမဥ္ဇူ (Zu Zu Collection)၊ Designer ပြည်စိုးအောင်၊ မိတ်ကပ်ခင်စန်းဝင်းတို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော တေးသံရှင်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဧည့်ခံပေးပါသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲ မဆုမြတ်ဝေ၊ မင်္ဂလာပန်းကုံးဗန်းကိုင် မသီရိစံ၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်းကိုင် မနှင်းဝတ်ရည်ထွဋ်၊ မင်္ဂလာသတို့သားအရံ မောင်ကောင်းမြတ်ကျော်နှင့် မောင်ရဲမာန်၊ မင်္ဂလာသတို့သမီးအရံ မစုမြတ်ဖူးနှင့် မရတီပွင့်ဖြိုး၊ ဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတင်ပေးပါသော စိုင်းဘုန်းထူး၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Yuzana Garden Hotel မှ ဝန်ထမ်းများနှင့် ဤမင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ကောင်းထိုက်ဦး-မခိုင်ဆုပိုင်

ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

၂၀၁၄ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို လုပ်ငန်းစဉ်(၄)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပထမဆင့်ဖြစ်သော ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းသည် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၉ ရက်တွင် ပြီးဆုံးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒုတိယဆင့်ဖြစ်သော မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခြင်းလုပ်ငန်းအား မတ်လ ၃၀ ရက်မှစ၍ နိုင်ငံတစ်ဝန်းတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ပထမဆင့်ကြိုတင်ပြင်ဆင်မှုအပိုင်းတွင် ပြည်သူလူထုသို့ အသိပညာပေးခြင်းကဏ္ဍအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ စေတနာရှင်လုပ်အားပေးများနှင့်အတူ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော အောက်ပါအဖွဲ့ အစည်းများအား လှိုက်လှဲစွာကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်-

- မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာအဖွဲ့ချုပ်
- မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
- မြန်မာနိုင်ငံစာရေးဆရာများအသင်း
- သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)
- မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(ဗဟို)
- မြန်မာနိုင်ငံဂီတအစည်းအရုံး
- သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီဝင်များ
- ဦးကျော်ဝင်း ဥက္ကဋ္ဌနှင့်ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်၊ Sky Net TV Channel နှင့် Sky Net Channel 9 မှ ဝန်ထမ်းများ
- ဒေါက်တာသိုက်ထွန်း၊ မန်နေဂျာနှင့် Sky Net up to Date Channel မှဝန်ထမ်းများ

  ဦးဝင်းမော်၊ အမှုဆောင်အရာရှိချုပ် (CEO) နှင့် Forever Group ကုမ္ပဏီလီမိတက်၊ MRTV-4 Channel မှဝန်ထမ်းများ
- Bill board နှင့် Banners အလှူရှင်များဖြစ်ကြသော Europe and Asia Commercial Company Limited, ကမ္ဘောဇဘဏ်လီမိတက်၊ F & N Foods Pte Ltd. Branch office(Myanmar)၊ Unilever(Myanmar)၊ Xenon Company Limited၊ တောင်ပြာတန်းကုမ္ပဏီလီမိတက်၊ The Sky Company Limited၊ Delicious Food Company Limited နှင့် Bill Board နှင့်ပတ်သက်သောအတတ်ပညာရှင်များ
- ပစ္စည်းအလှူရှင်များဖြစ်ကြသော Alpine ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၊ တော်ဝင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေး၊ မြန်မာ့ရှေ့ဆောင်ဘဏ် ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ မန်နေဂျာဦးအောင်မြင့်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်ဒေါ်သီရိ
- နိုင်ငံတကာအလှူရှင်များ
- "သန်းခေါင်ယံအလှများ"သီချင်း ရေးစပ်သီကုံးပေးသော ဗိုလ်မှူးချုပ်လှမြင့်(ငြိမ်း)၊ မောကိန္နရီတေးဂီတအဖွဲ့နှင့် ယင်းသီချင်းတွင်ပါဝင်ကြသော အနုပညာရှင်များ
- "သင်ဘာတွေသိဖို့လိုအပ်သလဲ" ရုပ်မြင်သံကြားအစီအစဉ်ကိုရိုက်ကူးတင်ဆက်ပေးသော Hello Madam Media Group နှင့်ပါဝင်တင်ဆက်ပေးသော အနုပညာရှင်များ၊ ဦးဘိုဘိုဆန်း၏ Bo Bo Entertainment ဖန်တီးရှင်မိသားစုဝင်များ
- အကယ်ဒမီဒေါ်ဆွေဇင်ထိုက်နှင့် ဦးသူရ(ခေါ်)ဦးဇာဂနာတို့ ဦးဆောင်သောဇာတ်လမ်းတို၊ Talk show တွေ့ဆုံမေးမြန်းခန်းနှင့် တစ်ခန်းရပ်ဇာတ်လမ်းတိုများတွင် ပါဝင်ခဲ့ကြသော အနုပညာရှင်များနှင့် မြန်မာနိုင်ငံတစ်ဝန်း လှုံ့ဆော်ရေးယာဉ်ခရီးစဉ်တွင် ပါဝင်ပေးခဲ့ကြသော အနုပညာရှင်/အတတ်ပညာရှင်များ
- "ဘာတွေကောက်မှာလဲဟင်"သီချင်းနှင့် သန်းခေါင်စာရင်းကောက်ယူရေးလှုံ့ဆော်ရေးအစီအစဉ်ကို ဖန်တီးတင်ဆက်သူအနုပညာရှင်သားစိုးနှင့် ပါဝင်ခဲ့ကြသော အနုပညာရှင်များ
- "ကျေးဇူးပြု၍ အဖြေပေးပါ"သီချင်းကို ရိုက်ကူးတင်ဆက်သော ဒါရိုက်တာ အကယ်ဒမီ စင်ရော်မောင်မောင်နှင့် ပါဝင်ခဲ့ကြသော အနုပညာရှင်များ
- "မကြောက်ကြပါနဲ့"ဇာတ်လမ်းနှင့် "ဇာတ်ပေါင်းခန်း" ဇာတ်လမ်းကိုရိုက်ကူးတင်ဆက်သော ဒါရိုက်တာဇော်မြင့်ဦးနှင့်အဖွဲ့၊ ပါဝင်ခဲ့ကြသော အနုပညာရှင်များ
- "သန်းခေါင်စာရင်းပြည့်စုံဖို့ မသန်စွမ်းသူတွေလည်းပါဝင်စို့"ဂုဏ်ပြုဇာတ်လမ်းတိုကို ရိုက်ကူးတင်ဆက်သောဒါရိုက်တာ NOEL နှင့် ပါဝင်ခဲ့ကြသော ပုဂ္ဂိုလ်များ
- "ပြည်လုံးကျွတ်သန်းခေါင်စာရင်းအချိန်" သန်းခေါင်စာရင်းလှုံ့ဆော်ရေးသီချင်း ရေးသားသီဆိုရိုက်ကူးရာတွင် လမ်းညွှန်မှုပြုခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီနှင့်ပါဝင်ခဲ့ကြသော အနုပညာရှင်များ
- မြန်မာနိုင်ငံဂီတအစည်းအရုံးမှတင်ဆက်သော "ပြည်သူညီတူကူညီပါ"၊ "သန်းခေါင်စာရင်းကောက်ကြစို့"၊ "မေးခွန်းတွေကိုဖြေပါစို့" နှင့် "ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ကြစို့" သီချင်း(၄)ပုဒ်တွင် ပါဝင်ကြသော အနုပညာရှင်များ
- Theme Song ရွေးချယ်ဖန်တီးရေးတွင် ပါဝင်ကူညီကြသော ဦးမြင့်မိုးအောင်၊ ဦးကေတုဝင်းထွဋ်၊ ဒေါ်အယ်လ်ခွန်းရီ၊ ဦးရွှေဂျော်ဂျော်၊ ဦးဇဝါ၊ ဦးမိုးနိုင်(ဂီတမိတ်)၊ ဦးမိရာမိုရ်၊ ဦးသန်းမြတ်စိုး၊ ဒေါ်နွဲ့ယဉ်ဝင်း၊ ဒေါ်ခင်မြတ်မွန်၊ DJ-Y နှင့် မြန်မာပြည်ကျောက်စိမ်း
- "တို့အားလုံးမှာတာဝန်ရှိတယ်" "သန်းခေါင်စာရင်းကောက်မဲ့နေ့"၊ "အုတ်အုတ်ကျက်ကျက်ရွာလေး"၊ "ကောက်ပြီရောက်ပြီ"၊ "စိတ်ချလက်ချဖြေကြမယ်"သီချင်းများကို ရေးသားစပ်ဆိုရိုက်ကူးသည့် ဂီတပညာရှင်များ၊ ဒါရိုက်တာများနှင့် ပါဝင်သည့် အနုပညာရှင်များ
- "သမိုင်းမှတ်တိုင်စိုက်ထူနိုင်ပြီ"၊ "လှည်းနေလှေအောင်းမြင်းဇောင်းထဲထိ"၊ "သန်းခေါင်ယံအတွေး"၊ "သန်းခေါင်စာရင်းကောက်ပါမည်"၊ "မိနစ်သုံးဆယ်"၊ "၂၀၁၄ သန်းခေါင်စာရင်း"၊ "မတ်လ ၂၉ သန်းခေါင်ယံ"၊ "ပြည်သူ့အတွက် သန်းခေါင်စာရင်း"၊ "သန်းခေါင်စာရင်းလာကောက်မည်"၊ "သန်းခေါင်စာရင်းနှင့်ကိုယ့်ဝန်တာ"၊ "၂၀၁၄ ပြည်လုံးကျွတ်သန်းခေါင်စာရင်းအောင်ရမည်"၊ "ဖြေဆိုပေးပါ"၊ "နွေးနွေးထွေးထွေးမေးမေးဖြေဖြေ"စသည့် သန်းခေါင်စာရင်းလှုံ့ဆော်ရေးတေးသီချင်း(၁၃)ပုဒ်အား ရိုက်ကူးတင်ဆက်သော အနုပညာရှင် ဦးမောင်မောင်အေး၊ အလင်္ကာဝတ်ရည်၊ မြန်မာမှုတေးဂီတအဖွဲ့နှင့် ပါဝင်ခဲ့ကြသော အနုပညာရှင်များ
- "သန်းခေါင်စာရင်းဆိုသည်မှာ. . "နှင့် "အလှဆုံးသောအချိန်"သီချင်းများအား ရိုက်ကူးတင်ဆက်သော ဒါရိုက်တာသျှန်ထွန်း(မြန်မာစာ)နှင့် ပါဝင်ခဲ့ကြသောအနုပညာရှင်များ
- "အမှောင်ခွင်းလို့အရောက်လာပြီ"နှင့် "တို့အင်အားတွေရယူဖို့အချိန်တန်" သီချင်း(၂)ပုဒ်အား ရေးသားသီကုံးသည့် ဂီတမှူး မြတ်မင်းနှင့် ပါဝင်ခဲ့ကြသည့် အနုပညာရှင်များ
- "သန်းခေါင်စာရင်း ကောက်ယူရာဝိုင်းဝန်းကူညီပါ"သီချင်းအားရေးသားသည့် ပျိုညို(The Fish)၊ "နိုင်ငံ့စွမ်းပကားပြည်သူ့အင်အား"သီချင်းအား ရေးသားသည့် ကျောက်ဖြူအောင်တင်ထွန်း၊ စီစဉ်တင်ဆက်သူ ဂီတမှူး မြန်မာပြည်မင်းသန့်ခိုင်နှင့် ပါဝင်ခဲ့ကြသော အနုပညာရှင်များ
- "သန်းခေါင်စာရင်းကောက်မယ်"သီချင်းအား ရေးသားသီဆိုပါဝင်သော အနုပညာရှင်များ
- သန်းခေါင်စာရင်းအထိမ်းအမှတ်တံဆိပ်၊ ဆောင်ပုဒ်နှင့် ဝတ္ထုတိုဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော စာပေ၊ ပန်းချီဒီဇိုင်းပညာရှင်များ
- ကဏ္ဍစုံမှ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော လူမှုအဖွဲ့အစည်းများ
- သန်းခေါင်စာရင်းနေ့စဉ်သတင်းလွှာထုတ်ဝေရေးတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော အယ်ဒီတာချုပ်ဦးခင်မောင်အေးနှင့် The Trade Times ဂျာနယ်မှ ပုဂ္ဂိုလ်များ

ဗဟိုသန်းခေါင်စာရင်းကော်မရှင်
၂၀၁၄ ခုနှစ် ဧပြီလ ၄ ရက်

တာချီလိတ်၌ ပထမပြန်စာမေးပွဲ(ကြီး၊ လတ်၊ ငယ်)တန်းကျင်းပ

တာချီလိတ်၊ မေ ၆

တာချီလိတ်မြို့နယ်၊ သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၁၃၇၅ ခုနှစ် ပထမပြန် စာမေးပွဲ (ကြီး၊ လတ်၊ ငယ်တန်း)ကို ရှမ်းပြည်နယ်၊ အရှေ့ပိုင်းဒေသ တာချီလိတ်မြို့၊ မကာဟိုခမ်း ရပ်ကွက်ရှိ မြို့နယ်ဓမ္မာရုံ၊ မြို့ပေါ်စာသင်တိုက်များတွင် မေ ၃ ရက်၊ မွန်းတည့် ၁၂ နာရီအချိန်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပထမပြန်စာမေးပွဲအား နဂါးနှစ်ကောင်ဆရာတော် ဘဒ္ဒန္တ ဓမ္မသိရိ ဦးဆောင်သည့် စာမေးပွဲကြီးကြပ်ရေးဆရာတော် ရှစ်ပါးနှင့် မြို့နယ်သာသနာရေးဦးစီးမှူး ဦးရင်မောင်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်ကာ ပထမငယ်တန်း၌ သံဃာတော် ၂၉ ပါး၊ သီလရှင် ခုနစ်ပါးတို့မှ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှ ဗာလဝဂ်အဆုံးထိ)၊ ပထမလတ်တန်း၌ သံဃာတော် ၁၂ ပါး၊ သီလရှင်တစ်ပါးတို့မှ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးထိ) ပထမကြီးတန်းတွင် သံဃာတော် ကိုးပါး၊ သီလရှင်တစ်ပါးတို့မှ ဝိနည်းဘာသာအစား ဓမ္မပဒပါဠိအဋ္ဌကထာ ဖြေဆိုပြီး စာမေးပွဲကာလမှာ မေ ၃ ရက်မှ မေ ၉ ရက်အထိဖြစ်ကြောင်း သိရသည်။

မြို့နယ်ဓမ္မာရုံ၌ သံဃာတော်များ ပထမပြန်စာမေးပွဲဖြေဆိုနေသည်ကို တွေ့ရစဉ်။

မော်ကြီး(တြိဂံနယ်မြေ)

မကွေးမြို့ အခြေခံပညာကျောင်းအဆင့် ကင်းထောက်အဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်း သင်တန်းဖွင့်

မကွေး၊ မေ ၆

အခြေခံပညာကျောင်းအဆင့် ကင်းထောက်အဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်း သင်တန်းဖွင့်ပွဲကို မကွေးမြို့ အ-ထ-က(၂) ကျောင်း၌ ဧပြီလ ၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ကင်းထောက်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် ကင်းထောက်လူငယ်များသည် သူတပါးအားကူညီခြင်း၊ အမိန့်နှင့်သွန်သင်မှုကို နာခံတတ်ခြင်း၊ စုပေါင်းဆောင်ရွက်တတ်ခြင်း စသည့် အလေ့အကျင့်ကောင်းများရရှိ၍ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တကောင်းမွန်သော သားကောင်းရတနာများ ပေါ်ထွန်းလာပြီး တိုင်းပြည်အတွက် အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

တိုင်းပညာရေးညွှန်ကြားရေးမှူးဦးလှသိန်းက ကင်းထောက်အဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်မှ ကင်းထောက်ဝတ်စုံနှင့် သင်တန်းစရိတ်ထောက်ပံ့ငွေကျပ် ၅၁ သိန်းကို ကင်းထောက်သင်တန်းမှူး အ-ထ-က(၂) ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မွန်ဦးသို့ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ကင်းထောက်သင်တန်းမှူး အ-ထ-က(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မွန်ဦးမှကြီးကြပ်၍ ဆင့်ပွားသင်တန်းဆရာဆရာမ ၁၆ ဦးတို့မှ သင်တန်းပို့ချမည်ဖြစ်ရာ မြို့ပေါ်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၂၀၀ ဦး တက်ရောက်ပြီး သင်တန်းကို မေ ၄ ရက်မှ မေ ၁၀ ရက်ထိ ၇ ရက်ကြာ ဖွင့်လှစ်မည် ဖြစ်ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ ပြည်သူ့ဆေးရုံတွင် သံဃာဆေးကုသဆောင်သစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

လဲချား၊ မေ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ လဲချားမြို့နယ် ဆေးရုံဝင်းအတွင်း၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့လှူဒါန်းသည့် သံဃာဆေးကုသဆောင် ဆောက်လုပ်ရေး မြေသန့်၊ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီလ ၄ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အစီအစဉ်အရ ရှေးဦးစွာ မြေသန့်မင်္ဂလာအခမ်းအနားကို ဆရာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူကြသည်။

ယင်းနောက် မြေသန့်မင်္ဂလာအတွက် ဆရာတော်ကြီးများကလိုအပ်သည့် အစီအမံများဆောင်ရွက်ကြပြီးနောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှဝေခြင်းများဆောင်ရွက်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ လဲချားမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

မိုးလွင်ဦး(လွိုင်လင်)

မြန်မာ–အိန္ဒိယ နယ်စပ် တမူးမြို့ နန့်ဖာလုံဈေးတွင် ရူပီးဈေးမြင့်တက်နေမှုကြောင့် ကုန်သွယ်မှုအဆင်ပြေ

တမူး၊ မေ ၆

မြန်မာ-အိန္ဒိယနယ်စပ်တမူးမြို့ နန့်ဖာလုံဈေးတွင်အရောင်းအဝယ် ပြုလုပ်နေကြသော မြန်မာကုန်သည်များနှင့် ဈေးရောင်းချနေသူများ အနေဖြင့် ယခုရက်ပိုင်း ရူပီးဈေး မြင့်တက်နေမှုကြောင့် ကုန်သွယ်မှု ပြုရာတွင် ပိုမို အဆင်ပြေနေကြကြောင်း သိရသည်။

တမူးနယ်စပ် နန့်ဖာလုံဈေးတွင် ရူပီးဈေးမြင့်ခြင်းကို ငွေဈေးမြင့်လာသည်ဟုခေါ်ဆိုပြီး မြန်မာကျပ်ငွေမှာမူ ဈေးနိမ့်သွားခြင်းဖြစ်ကြောင်း၊ ဈေးရောင်းချသူအများစုမှာ အိန္ဒိယရူပီးငွေ ကိုင်ဆောင်ကာ အရောင်းအဝယ်ပြုလုပ်ကြရသဖြင့် ဈေးရောင်းချမှုမှာ ရူပီးဈေးအနိမ့်အမြင့်ပေါ် မူတည်နေကြောင်း တမူးဒေသခံတစ်ဦးက ဆိုသည်။

> ဈေးရောင်းချမှုမှာ ရူပီးဈေး အနိမ့်အမြင့်ပေါ် မူတည်. . .

"အရင်လတုန်းကဆိုရင် ရူပီးဈေးက ရူပီး ၁၀၀ မှာ မြန်မာငွေကျပ် ၁၄၇၀ ဝန်းကျင်မှာဈေးရှိခဲ့တယ်။ နန့်ဖာလုံဈေးမှာက ငွေကြေး ဈေးတက်တယ်ဆိုရင် အရောင်းအဝယ်က အဆင်ပြေတယ်။ ယခင်နှစ်တုန်းကဆိုရင် ရူပီးဈေးက ၁၀၀ ကိုကျပ် ၁၆၀၀ အထိဈေးရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ အများဆုံး ကျပ် ၁၅၀၀ အထိပဲရှိသေးတယ်။ အခုလောလောဆယ် ရူပီး ၁၀၀ မှာ မြန်မာငွေကျပ် ၁၄၉၀ ကနေ ကျပ် ၁၄၉၂၊ ကျပ် ၁၄၉၃ အထိဈေးရှိနေပါတယ်" ဟု တမူးမြို့ အရောင်းအဝယ်ပြုလုပ်နေသူ တစ်ဦးထံမှ သိရသည်။

ယခု လက်တလောတွင် နန့်ဖာလုံဈေးမှာ မတ်လအတွင်းက ပြုလုပ်ခဲ့သော ကသည်းလူမျိုးတို့၏ သင်္ကြန်ပွဲတော်အပြီး မြန်မာ-အိန္ဒိယ နယ်စပ်တွင် ဈေးအရောင်းအဝယ် အေးလာကာ အိန္ဒိယရူပီးဈေး မြင့်တက်လာကြောင်း အဆိုပါဒေသရှိ ဈေးသည်များနှင့် ငွေလဲလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

အရောင်းအဝယ်လည်း ပါးသည့်အပြင် လက်ဝယ်ရှိရူပီးများပြန်ထုတ်ရောင်းရန် အခက်အခဲဖြစ်လျက်ရှိပြီး နယ်စပ်ဈေး အရောင်းအဝယ်မှာလည်း မြန်မာသင်္ကြန်ကာလအပြီးမှသာ အရောင်းအဝယ်ပြန်လည် မြင့်တက်ဖွယ်ရှိနေသည်ဟု နန့်ဖာလုံဈေးရှိ ဈေးသည်များက သုံးသပ်ထားသည်။

လင်းလက်ကြယ်စင်



ရန်ပုံငွေကျပ်သိန်း၃၀ဖြင့်ကျန်းမာရေး ဌာနခွဲအသစ်ဆောက်လုပ်ပြီးစီး

ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးဇော်လင်းဦးဆောင်သော ကျန်းမာရေးကော်မတီအဖွဲ့ဝင်များသည် မေ ၄ ရက် နံနက် ၉ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၁) Golden Spirit Co.,Ltd ကုမ္ပဏီမှ ထုတ်လုပ်ရောင်းချမည့် Sailors (တံဆိပ်ပါ)အရက်ချက်စက်ရုံနှင့် ပူးတွဲရေသန့်စက်ရုံဝန်းအတွင်းသို့ရောက်ရှိပြီး စက်လည်ပတ်ထုတ်လုပ်နေသည့် စက်ပစ္စည်းကိရိယာများ သတ်မှတ်ထားသော အရည်အသွေးအမျိုးအစား၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ကျန်းမာရေးနှင့်ဆိုင်ရာ ညီညွတ်မှုရှိ မရှိကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများကို လမ်းညွှန်မှာကြားကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- ကျင်မောင်

မိတ္ထီလာ၊ မေ ၆

မိတ္ထီလာတွင် နိုင်ငံတော်ခွင့်ပြုသည့် ရန်ပုံငွေကျပ်သိန်းတစ်ထောင်ဖြင့် ပညာရေးကဏ္ဍလုပ်ငန်း ၄၂ ခု၊ လမ်းတံတားကဏ္ဍလုပ်ငန်း သုံးခု၊ သောက်သုံးရေကဏ္ဍလုပ်ငန်း သုံးခုနှင့် ကျန်းမာရေးကဏ္ဍလုပ်ငန်း လေးခု စသည့် တည်ဆောက်ပြုပြင်ဆောင်ရွက်သည့်လုပ်ငန်း ၅၂ ခု အနက် ရေချိုကျေးရွာကျန်းမာရေးဌာနခွဲ အဆောက်အအုံကို ရန်ပုံငွေကျပ်သိန်း ၃၀ဖြင့် ဆောက်လုပ်ပြီးစီးခဲ့ကြောင်းသိရသည်။

ထို့ပြင် ယခင် ရေချိုကျေးရွာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံမှာ ဝါးကပ်မိုး၊ထရံကာအဆောက်အအုံငယ်ဖြစ်ကာ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က ဆောက်လုပ်ခဲ့သည့် အဆောက်အအုံဖြစ်၍ ဟောင်းနွမ်းပျက်စီးယိုယွင်းနေခဲ့ရာမှ ယခုကဲ့သို့ သွပ်မိုး ၊ အုတ်ကာ အလျား ၂၂ ပေခွဲ၊ အနံ ၁၄ပေ၊ အမြင့် ၁၂ ပေရှိ အဆောက်အအုံသစ် တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့်အတွက် ဒေသခံ ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တာဝန်များထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများသည်လည်း စိတ်ချမ်းမြေ့စွာဖြင့် ဂရုတစိုက် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ရာ ဒေသခံများနှင့် ကျန်းမာရေးဝန်ထမ်းများမှ သက်ဆိုင်ရာ တာဝန်ရှိသူများကို ကျေးဇူးတင်ကာ ဝမ်းပန်းတသာဖြစ်လျက်ရှိကြောင်း သိရသည်။

> နှစ်ပေါင်း ၃၀ကျော်က ဆောက်လုပ်ခဲ့သည့် အဆောက်. .

ရန်ပုံငွေ သိန်းတစ်ထောင်ကျပ်ဖြင့် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်း ၅၂ ခု အနက်မှ တစ်ခုအပါအဝင်ဖြစ်သည့် မိတ္ထီလာမြို့နယ်ရေချိုကျေးရွာ ကျန်းမာရေးဌာနခွဲ အဆောက်အအုံအား မိတ္ထီလာနှင့် မလှိုင်မဲဆန္ဒနယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ မိတ္ထီလာမဲဆန္ဒနယ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစောဌေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဦးမြင့်အောင်၊ မြို့နယ်ဖွံ့ဖြိုးရေးထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင်သာယာရေး အကြံပေးအဖွဲ့ဝင် ဦးသန်းဝင်းနှင့် တခြား တာဝန်ရှိသူများ ပူးပေါင်းပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် မေ ၆ ရက် နံနက် ၇ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

သတင်းတို

ကျန်းမာရေး အခမဲ့ စောင့်ရှောက်ပေး

ဝက်လက်မြို့နယ်ရှိ အသက် (၆၀) နှင့်အထက် အဘိုးအဘွားများအား မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရှေ့တွင် အပတ်စဉ် သောကြာနေ့တိုင်း အခမဲ့ ကျန်းမာရေး စောင့်ရှောက်ကုသ ပေးလျက်ရှိသည်။ကျန်းမာရေးစောင့်ရှောက်ပေးမှုကို ပြည်သူ့ ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မျိုးနိုင်နှင့် ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတမာန် လူမှုကူညီရေး အသင်းများက ဆောင်ရွက်ပေးလျက်ရှိသည်။ **နန်းမြင့်(ပြန်/ဆက်)**

မကွေးမြို့ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သင်ကြား

မကွေး၊ မေ ၆

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းကို မေ ၃ ရက် နံနက် ၈ နာရီမှစ၍ လာဘဗလယောဂီဆောင်၌ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၆၀၀ ကျော် တက်ရောက်ပြီး သင်တန်းမှူး ဆရာတော်ဦးဇေယသိဒ္ဓိနှင့် သင်တန်းနည်းပြဆရာတော်များ၊ ဆရာ၊ ဆရာမများက မျိုးဆက်သစ်လူငယ်များအား တရားထိုင်လေ့ကျင့်ပေးခြင်း၊ ဘုရားရှိခိုး၊ သရဏဂုံ၊ သီလ-အာနာပါနကျင့်စဉ်နှင့် သမာဓိမေတ္တာပို့များ၊ မင်္ဂလာတရားတော်၊ မဟာဗုဒ္ဓဝင်၊ လောကနီတိ၊ ဓမ္မတေးကဗျာများစသည့် ဗုဒ္ဓဘာသာအခြေခံသတ်မှတ်ဖွယ်ရာများ အထွေထွေဗဟုသုတများကို သင်ကြားပို့ချပေးကြောင်း သိရသည်။

"သင်တန်းက တစ်ပတ်ပေါ့ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ နေ့လယ်စာထမင်းနဲ့ အာဟာရမုန့် ကျွေးတယ်၊ စာအုပ်၊ ဘောလ်ပင်၊ ဓမ္မစကူးလ်ပုံနှိပ်စာအုပ်တွေ အခမဲ့ဖြန့်ဝေပေးတယ်။ အလှူရှင်တွေကတော့ မကွေးမြို့ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ ပဲခွဲစက်လုပ်ငန်းရှင်များ၊ အောင်ရတနာ၊ အောင်ချမ်းသာ၊ အောင်မင်္ဂလာ ရပ်ကွက်များက ရပ်မိရပ်ဖအလှူရှင်များ ပေါင်းစုပြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းက ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလ၊ မဟာထေရ်ဆရာတော်ကြီးရဲ့ ဩဝါဒလမ်းညွှန်မှုကိုခံယူပြီး သင်တန်းကို ဖွင့်ခဲ့တာပါ"ဟု သင်တန်းမှူး ဆရာတော်ဦးဇေယသိဒ္ဓိက အမိန့်ရှိပါသည်။

မကွေးလှမြင့်

ပေါင်းတလည်မြို့နယ်တွင် ကွန်ကရစ်ဓာတ်တိုင်များ လဲလှယ်တပ်ဆင်

ပေါင်းတလည်၊ မေ ၆

ပြည်ခရိုင်၊ ပေါင်းတလည်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မေ ၃ ရက်က ဟောင်းနွမ်းဆွေးမြည့်နေသော သစ်သားလက်တန်းများအား ကွန်ကရစ်တိုင်များတွင် နှစ်ထပ်သိုင်းအသွင် သံလက်တန်း တပ်ဆင်၍ သွယ်တန်းရွှေ့ပြောင်း တပ်ဆင်ခြင်းနှင့် ပေါင်းတလည်မြို့ ဆင်မြီးဆွဲလမ်းတွင် ထရန်စဖော်မာတိုးချဲ့ တပ်ဆင်ပေးလျက်ရှိသည်။

မိုးဦးကာလ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်အားကြိုးများပြတ်ခြင်း၊ ပြုတ်ခြင်း၊ သစ်ပင်သစ်ကိုင်းများကြောင့် ဓာတ်အားဆုံးရှုံးခြင်းစသည့် ရပ်ကွက်နေပြည်သူများအတွက် မလိုလားအပ်သော ဖြစ်စဉ်များ မဖြစ်ပွားစေရန် ကြိုတင်ပြင်ဆင်သောအားဖြင့် ယခုကဲ့သို့ လဲလှယ်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ကွန်ကရစ်ဓာတ်တိုင်များပေါ်သို့ ရွှေ့ပြောင်း သွယ်တန်းပေးသည့်အတွက် လေပြင်းတိုက်ခတ်သည့်အခါ ဓာတ်တိုင်လဲခြင်း၊ ဓာတ်အားကြိုးများပြတ်ခြင်း၊ ပြုတ်ခြင်း အန္တရာယ်မှ ကင်းဝေးမည်ဖြစ်ပြီး လိုင်းကြိုးထိနေသော သစ်ကိုင်းများကို ခုတ်ပေးသဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းကာ ဒေသခံပြည်သူများက ကျေးဇူးတင်ရှိကြောင်း သိရသည်။

ဝ၄၃

Virgin Land
Express Bus Ticket
01-8610252, 09-5282643, 09-5123793
Ph:09-5418126
(Chef and Food Writer)
(SCC) SCHOOL OF CATERING & COOKERY

ယခုနှစ်တွင် ခရမ်းချဉ်သီးအထွက်နှုန်းတိုးလာ ယခင်နှစ်ကထက် ပေါက်ဈေး ရှစ်ဆခန့်လျော့ကျ

ချောင်းဦး၊ ဧပြီ ၆

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်သင်္ကြန် မတိုင်ခင်ကာလက ဖြစ်တည် ရောင်းဝယ်ခဲ့ကြသော ခရမ်းချဉ်သီး တစ်ပိဿာပေါက်ဈေး ကျပ် ၈၀၀ နှင့် နှိုင်းစာလျှင် ယခု ၂၀၁၄ ခုနှစ် သင်္ကြန် မတိုင်ခင်ဝန်းကျင် ရောင်းဝယ်မှု ပြုနေသော ခရမ်းချဉ်ပေါက်ဈေးမှာ ရှစ်ဆခန့်ကျ၍ ရောင်းချနေရပြီး ခရမ်းချဉ်သီးအထွက်နှုန်းမှာ ယခင်နှစ်ကထက် ထွက်အားကောင်းလျက်ရှိကြောင်း ချောင်းဦးမြို့ ခရမ်းချဉ်ပွဲရုံ ပိုင်ရှင် ကိုမြင့်တင်ထံမှ သိရသည်။

ချောင်းဦးမြို့နယ်အတွင်းရှိ ခရမ်းချဉ်သီးပွဲရုံတစ်ခုကို တွေ့ရစဉ်။

နှစ်စဉ်နိုဝင်ဘာလမှ ဧပြီလအထိ ဆောင်းရာသီနှင့် နွေအစကာလများတွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် ထိုင်ဝမ်ဟုခေါ်သော ဒေသအခေါ် ဘော်လုံးသီး ခရမ်းချဉ်များကို စိုက်ပျိုးလာကြရာမှ ယခုခါတွင် မြန်မာနိုင်ငံနေရာ အတော်များများတွင် တစ်ပြိုင်တည်း စိုက်ပျိုးလာသောကြောင့် ခရမ်းချဉ်သီးထွက်နှုန်းမှာ အထူးများခဲ့သော်လည်း ဈေးနှုန်းမှာ စတင်ထွက်ချိန် နိုဝင်ဘာလမှစတင်၍ ရှစ်ဆခန့်ကျဆင်းလျက်ရှိရာ အချို့သော စိုက်ပျိုးသူများ တွက်ခြေမကိုက်၍ ရပ်နားမှုများ၊ စိုက်ပျိုးသီးနှံပြောင်းရွှေ့စိုက်ပျိုးခြင်းများ ရှိလာကြောင်း သိရသည်။

ချောင်းဦးမြို့နယ်ကျေးရွာများတွင် ယခုနှစ်ခရမ်းချဉ် အထွက်နှုန်းမှာ မျှော်မှန်းချက်ထက် ပိုမိုသောကြောင့် ချောင်းဦးမြို့ ခရမ်းချဉ်ပွဲရုံသို့ ဝင်ရောက်မှုမှာနေ့စဉ် ထော်လာဂျီကားများ၊ နွားလှည်းများဖြင့် အလုံးအရင်းလာရောက်တင်သွင်းကြလျက်ရှိသကဲ့သို့ ရန်ကုန်မြို့ ဈေးကွက်ကြီး နှင့်အတူ ညောင်လေးပင်၊ တောင်ငူ၊ နေပြည်တော်၊ ကျောက်မဲစသည့် မြန်မာနိုင်ငံအနှံ့သို့ နေ့စဉ် ၁၂ ဘီးကားကြီးများဖြင့် တင်ပို့ပေးနေရကြောင်း သိရသည်။

ထိုသို့ ကားကြီးများဖြင့် တင်ပို့ရာတွင် ၁၂ ဘီးတစ်စီးလျှင် ခရမ်းချဉ်သီး ပိဿာ ၂၀ ဆံ့သေတ္တာ အလုံး ၄၇၀ ကျော်တင်ပို့ပေးနေရကြောင်း သိရသည်။ ထိုသို့တင်ပို့ရာတွင် ရန်ကုန်ဈေးကွက်သို့ ခရမ်းချဉ်ပွဲရုံကြီးတစ်ရုံလျှင် ၁၂ ဘီးကား နှစ်စီးဖြင့် နေ့စဉ်တင်ပို့ရလျက်ရှိရာ ပွဲရုံ တစ်ရုံလျှင် ရန်ကုန်ဈေးကွက် သက်သက်ကိုပင် လျှင် ခရမ်းချဉ်သေတ္တာ ၉၅၀ တင်ပို့ပေးနေရကြောင်း သိရသည်။ တင်ပို့ရာတွင်လည်း တင်ပို့ကားခမှာ သေတ္တာ တစ်လုံးလျှင် ကျပ် ၁၃၀၀ ပေးရပြီး သင်္ကြန်ကာလ ကားပြေးဆွဲမှု ရှားပါးချိန်တွင် ကျပ် ၁၈၀၀ ထိပေးရလေ့ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယတွင်ဓနုတိုင်းရင်းသားများ ဆုံဆည်းရာနေ့ကျင်းပ

ပင်းတယ၊ ဧပြီ ၆

ရှမ်းပြည်နယ်တောင်ပိုင်းဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရွှေဥမင်သဘာဝလှိုင်ဂူဘုရားတပေါင်းပွဲတော်ကြီးတွင် စတုတ္ထအကြိမ်မြောက် ဓနုတိုင်းရင်းသားများဆုံဆည်းရာနေ့အခမ်းအနားကိုမတ် ၁၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်မှ ဖွင့်လှစ်ပေးခဲ့ပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ ဓနုစာပေယဉ်ကျေးမှုနှင့်ဒေသဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ်ဦးစိန်ဝင်းမှ စတုတ္ထအကြိမ် ဓနုတိုင်းရင်းသားများဆုံဆည်းရာနေ့အကြောင်းဆိုင်ရာ လုပ်ငန်းစဉ်များဆွေးနွေးတင်ပြခဲ့ကြသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစဝ်အောင်မြတ်က ဓနုစာပေယဉ်ကျေးမှုနှင့်ဒေသ ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုကလက်ခံယူခဲ့ပြီး ရှမ်းပြည်နယ်စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဦးခွန်သိန်းမောင်က အလှူငွေကျပ် ၁၀ သိန်း၊ ဓနုသော်တာဆောက်လုပ်ရေးကုမ္ပဏီက အလှူငွေကျပ် ၁၀ သိန်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက လှူဒါန်းငွေကျပ်သိန်း ၂၀ လှူဒါန်းခဲ့ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် နှစ်စဉ်ကျင်းပမြဲ ပင်းတယမြို့ ရွှေဥမင်သဘာဝလှိုင်ဂူတပေါင်းပွဲတော် အထိမ်းအမှတ် မြို့နယ်လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ သွားရောက်ဆက်ကပ်ခဲ့ကြသည်။

ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ်ဦးစဝ်အောင်မြတ် ပြည်နယ်စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဦးခွန်သိန်းမောင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဦးအောင်ကျော်ညွန့်၊ ပင်းတယမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးကိုကိုအောင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးထူးကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသအသီးသီးမှ ဓနုတိုင်းရင်းသားတိုင်းရင်းသူများနှင့် ပင်းတယမြို့ ရွှေဥမင်ဘုရားတပေါင်း ပွဲတော်လာဘုရားဖူးဧည့်သည်များတက်ရောက်အားပေးခဲ့ကြသည်။

ဇော်သိန်းရည်

ကလေးမြို့သီတဂူစက္ခုဒါနဆေးရုံတွင် မျက်စိဝေဒနာရှင်များကို နဝမအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသပေး

ကလေး၊ ဧပြီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် မျက်စိဝေဒနာရှင်များကို ဧပြီ ၁၈ ရက်၏မှ ဧပြီ ၂၄ ရက်အထိ မျက်စိအထူးကုဆရာဝန်ကြီးများမှ အခမဲ့စစ်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်စိအခမဲ့ ကုသပေးရာတွင် လူမျိုးဘာသာ မခွဲခြားဘဲ ကုသပေးသွားမည်ဖြစ်ပြီး မျက်စိစမ်းသပ် ကုသမှုခံယူမည့်သူများနှင့် ခွဲစိပ်ကုသမှုခံယူသူများအနေဖြင့် ဧပြီ ၁၀ ရက် နံနက် ၈ နာရီမှ ၁၀နာရီ အထိနှင့် ညနေ ၃ နာရီမှ ၅ နာရီအထိ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးတွင် စာရင်းပေးထားနိုင်ကြောင်း မဟာသန္တာရုံဆရာတော် ဦးပုညသေဠက မိန့်ကြားသည်။

ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံတော်ကြီးကို ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်ဉာဏိဿရမှ ဦးစီးပြီး ၂၀၀၉ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့ရာပြီးခဲ့သည့် အဋ္ဌမအကြိမ်မြောက်အထိ မျက်စိဝေဒနာရှင်ပေါင်း ၆၈၁၁ ဦးကို စစ်ဆေးပေးနိုင်ခဲ့ပြီး မျက်စိဝေဒနာရှင်လူနာ ၁၅၆၆ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

"မျက်စိခွဲစိတ်လာတဲ့လူနာထဲမှာ မိသားစုတစ်စုတည်း မျက်စိအလင်းချို့တဲ့သူ လေးဦးစလုံးကို ဘုန်းကြီးတို့ သီတဂူစက္ခုဒါနဆေးရုံက ခွဲစိတ်ပေးနိုင်ခဲ့ပါတယ်" ဟု ဆရာတော်က ဆိုသည်။

ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံသည် နှစ်စဉ် မျက်စိဝေဒနာရှင်များအားခွဲစိတ်ကုသပေးလျက်ရှိရာ ကလေး၊ ကလေးဝ၊ ဂန့်ဂေါ၊ ထီးလင်း စသောယောနယ်ဒေသများနှင့် ချင်းတွင်းအထက်ပိုင်း မော်လိုက်၊ ဟုမ္မလင်း၊ ခန္တီး၊ ဖောင်းပြင် စသောမြို့ကြီးများ၊ ချင်းပြည်နယ်မှ မြို့များမှလာရောက်ခွဲစိတ်ကုသကြကြောင်း သိရသည်။

လင်းလက်ကြယ်စင်

သတင်းတို

ရွှေဘိုခရိုင်တွင် ပါဠိပထမပြန်စာမေးပွဲကျင်းပ

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်တွင် ပါဠိပထမပြန်စာမေးပွဲကို ဝက်လက်မြို့ အမှတ်(၁) အထက်တန်းကျောင်းတွင် ဧပြီ ၃ ရက်မှစ၍ ကျင်းပလျက်ရှိသည်။ စာမေးပွဲ ကို ဧပြီလ ၃ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဧပြီ ၃ ရက်တွင် အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း၊ ပထမလတ်၊ ပထမငယ်တန်း ရဟန်း ၆၂ ပါးနှင့် သာမဏေ ၈၆ ပါး၊ စုစုပေါင်း ၁၄၈ ပါး ဖြေဆိုခဲ့ကြသည်။ ဒုတိယနေ့ ဧပြီ ၄ ရက်တွင် ပထမကြီး၊ ပထမလတ်၊ ပထမငယ်တန်း ရဟန်း ၆၀ပါး ၊ သာမဏေ ၈၆ ပါး စုစုပေါင်း ၁၄၆ ပါး ဖြေဆိုကြကြောင်း သိရသည်။ **နန်းမြင့်(ပြန်/ဆက်)**

မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကာဒါန ကျောင်းအလှူ နိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋိ (အဝိဗဟိတဌာန) နှင့် ... မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော် ... (SLAB) ...

၁။ ဆရာတော်ဘဒ္ဒန္တဒေါက်တာနန္ဒိန္ဒာဓိပတိ၊ မဟာဓမ္မဒူတကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ... unarinda08@gmail.com

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
09 31589922
09 31268183

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
09 - 73005053
09 - 5122010

သတင်းတိုများ

လှိုင်သာယာမြို့နယ်တွင် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်၊ ညောင်တုန်းလမ်းမဘေးရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးခန်းမတွင် မေ ၄ ရက် မွန်းလွဲ ၁၂ နာရီက ပါတီလုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ရန်ကုန် မြောက်ပိုင်းခရိုင် ပါတီကော်မတီဝင် ဦးလင်းထွန်း၊ မြို့နယ်ပါတီ(ခေတ္တ)အတွင်းရေးမှူး ဦးတင်အောင်၊မြို့နယ်နှင့် ရပ်/ကျေး ပါတီကော်မတီဝင်များနှင့် အမာခံပါတီဝင်များ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့သည်။ **M.H.P(လှိုင်သာယာ)**

စာကြည့်တိုက်တွင် Sky Net တပ်ဆင်ပေး

ဝက်လက်မြို့နယ်၊ တောကုန်းကျေးရွာ၊ ပညာတံခွန် စာကြည့်တိုက်တွင် တိုင်းဒေသကြီး ဆင်းရဲမှုလျှော့ချရေးမှ Sky Net တစ်စုံ တပ်ဆင်ပေးခဲ့ကြောင်းသိရသည်။ "ရွာစာကြည့်တိုက်မှာ Sky Net တပ်ဆင်ပေးလိုက်တော့ ကျွန်တော်တို့ရွာက ပြည်သူတွေ စာဖတ်လို့ အသိပညာဗဟုသုတရတဲ့အပြင် အခမဲ့ကြည့်ရလို့ ဝမ်းသာပါတယ်" ဟု ဘောလုံးပွဲအမြဲကြည့်သူ တောကုန်းရွာမှ ဦးသန်းစိန်က ပြောကြားသည်။စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် Sky Net များအား ကျေးရွာစာကြည့်တိုက်များတွင် တပ်ဆင်ပေးခြင်းကို ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက် ယခုအကြိမ်သည် ဒုတိယအကြိမ်အဖြစ် တပ်ဆင်ပေးကြောင်း သိရသည်။ **နန်းမြင့်(မြန်/ဆက်)**

ပြင်ဦးလွင် ဓာတ်တော်ချိုင့် ရေတံခွန်သို့ ပြည်ပခရီးသည်များ နေ့စဉ်လာရောက် အပန်းဖြေလေ့ရှိ

ပြင်ဦးလွင်၊ မေ ၆

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်းကျေးရွာအနီးတွင် သဘာဝအလျောက်တည်ရှိသော ဓာတ်တော်ချိုင့် ရေတံခွန်သို့ နေ့စဉ် ပြည်ပနိုင်ငံခြားသား ဧည့်သည်များ လာရောက် အပန်းဖြေလေ့ရှိကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"အခုရက်ပိုင်းတွေမှာ နိုင်ငံခြားသားတွေက နေ့စဉ်ဒီကို လာရောက်အပန်းဖြေကြတာများကြပါတယ်။ ရောက်ရင် သူတို့က နေပူစာလှုံကြပြီး ရေဆင်းချိုးကြပါတယ်။ တချို့ နိုင်ငံခြားသားတွေက အဖွဲ့လိုက်လာပြီး ပျော်ပွဲစား ထွက်ကြတာတွေလည်းရှိပါတယ်။ ဒီကိုလာရတာက တကယ့်သဘာဝတောလမ်းကနေ တောင်အောက် ကိုဆင်းပြီးလာရဆိုတော့ သူတို့တော်တော် သဘောကျကြပါတယ်" ဟု ဓာတ်တော်ချိုင့်ရေတံခွန်သို့သွားလာရာတွင် လမ်းညွှန်မှုပေးသော ဒေသခံတစ်ဦးက ပြောသည်။

ဓာတ်တော်ချိုင့် ရေတံခွန်သို့ လာရောက်အပန်းဖြေကြသည့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအား ဘေးကင်းလုံခြုံမှု ရှိစေရန်အတွက် တောင်အောက်သို့ ဆင်းရာလမ်းအစတွင် ဒေသခံလမ်းညွှန်များထားရှိပြီး တောင်အကွေ့လမ်းအချိုး ၂၃ ခုရှိကာ အဆင်းလျှင် မိနစ် ၃၀ ခန့်နှင့် ပြန်အတက် တစ်နာရီကျော်မျှအချိန် ကြာကာ အတက်အဆင်းလုပ်ရန် ခက်ခဲသောခရီးသည်များ အဆင်ပြေမှုရှိစေရန် မော်တော်ဆိုင်ကယ်များဖြင့် သယ်ယူပို့ဆောင်ပေးနေကြောင်းလည်း သိရသည်။

"ယဉ်ကျေးမှု ရှုထောင့်ကနေကြည့်ရင်တော့ ဒီလိုရေချိုးတာမျိုးတွေက မသင့်တော်ပါဘူး။ အန္တရာယ်ရှိပြီးရေနစ်နိုင်ပါတယ်။ဧည့်လမ်းညွှန်မပါတဲ့ FIT တွေလာတာ ပိုများပါတယ်။ဒေသခံတွေမှာ ဒီလိုပြောရဲတဲ့သူ သိပ်မရှိလို့ ပြောပေးနိုင်ရင် ပိုကောင်းပါတယ်။ ကျွန်တော်တို့ဆီက ဧည့်လမ်းညွှန်တွေကတော့ အဲဒီကိုသွားရင် ပြည်ပဧည့်သည်တွေကို ဒေသနဲ့ ကိုက်ညီမယ့် ဆောင်ရန်၊ ရှောင်ရန်တွေကို အမြဲသတိပေးပြောပေးပါတယ်" ဟု မန္တလေးမြို့မှ ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

လက်ရှိတွင် ဓာတ်တော်ချိုင့် ရေတံခွန်သို့ ကြားရက်များ၌ အနည်းဆုံး ပြည်ပခရီးသွား ဧည့်သည့် ၁၀ ဦးခန့်ပုံမှန်လာရောက်လေ့ရှိပြီး ရုံးပိတ်ရက်များတွင် ၂၀ ဦးကျော်လာရောက် အပန်းဖြေလေ့ရှိကာ ပြည်ပခရီးသွားအများစုမှာ ကုမ္ပဏီ အစီအစဉ်ဖြင့် လာရောက်သူများ (Package Tour) ထက်မိမိအစီအစဉ် ဖြင့် အလွတ်လည်ပတ်သူများ (FIT)က ပိုများကြောင်း ဒေသခံများနှင့် ဧည့်လမ်းညွှန်များ၏ ပြောကြားချက်များအရ သိရသည်။ **စိုးအောင်ဖေ**

အမျိုးသမီးငယ်များ ကိုယ်ပိုင် အလုပ်အကိုင် ရရှိစေမည့် အခြေခံ စက်ချုပ်သင်တန်း ဖွင့်လှစ်

မလှိုင်မြို့နယ်အတွင်း ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းတစ်ခုကို တွေ့ရစဉ်။

မလှိုင်၊ မေ ၆

မလှိုင်မြို့နယ်အတွင်းရှိ အမျိုးသမီးငယ်များ ကိုယ်ပိုင်အလုပ်အကိုင်ရရှိစေရေး ၊မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှရရှိစေရန်နှင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ အခြေခံ စက်ချုပ်သင်တန်းကို မေ ၃ ရက်က မလှိုင်မြို့ ရွှေမုဋ္ဌောဘုရားဝင်းအတွင်းရှိ လယ်/ဆည် ဓမ္မာရုံ၌ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်းသိရသည် ။

အဆိုပါသင်တန်းတွင် အခြေခံ စက်ချုပ်နည်းအပြင် ဇာထိုး၊ ပန်းထိုး၊ ဖန်စီအိတ်ထိုးနည်း၊ ပန်းအလှထိုးနည်း၊ သစ်သီးပန်း အလှပုံဖော်နည်းများကိုပါ သင်ကြားပေးသွားမည်ဖြစ်သည် ။

"ကျွန်မတို့သင်တန်းက သင်တန်းသူတစ်ဦးကို စက်တစ်လုံးနှုန်းနှင့် အတတ် သင်ကြားပေးပါတယ်။ ဒီအခြေခံသင်တန်းဆင်းပြီးလို့ အဆင့်မြင့် သင်တန်းတက်ပြီးရင် စက်ချုပ်ဆိုင်ဖွင့်နိုင်အောင် တစ်နည်းပြောရင် ကိုယ်ပိုင် အလုပ်အကိုင် ရရှိစေရန် ရည်ရွယ် ဖွင့်လှစ်ခြင်း ဖြစ်ပါတယ်။ စက်ချုပ်နည်းတင် မဟုတ်ပါဘူး အမျိုးသမီးများအတွက် အခြားလက်မှုပညာရပ်များကိုပါ သင်ကြားပေးပြီး သင်တန်းနားရက်မှာ ဗဟုသုတရစေမယ့် ပညာပေးဟောပြောပွဲများကိုလည်း ပြုလုပ်ပေးပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခြေခံ စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၅၀ ဦး တက်ရောက် လျက်ရှိပြီး သင်တန်းကာလမှာ ၄၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းကိုမြို့နယ် မိခင်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည် ။ **အောင်ဌေး(မလှိုင်)**

၂၀၁၄ ခုနှစ် ပထမပြန် စာမေးပွဲကျင်းပ

နေပြည်တော်၊ မေ ၆

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားပန်းခန်းလမ်းဆုံရှိ 'မင်္ဂလာဗျူဟာ' သာသနာ့ဗိမာန်တော်၌ ၂၀၁၄ ခုနှစ် ပထမပြန်(ကြီး၊ လတ်၊ ငယ်)စာမေးပွဲကျင်းပကြောင်း သိရသည်။

ပထမပြန်(ကြီး၊ လတ်၊ ငယ်)စာမေးပွဲဖြေဆိုရန် ပျဉ်းမနားမှ စာရင်းသွင်းထားသော သံဃာ၊ သီလရှင်ပေါင်း ၄၆၆ ပါးအနက် ၃၅၆ ပါး ဖြေဆိုပြီး လယ်ဝေးမြို့နယ်မှာ စာရင်းသွင်း ၃၃၈ ပါးအနက် ဖြေဆို သံဃာ၊ သီလရှင် ၂၈၄ ပါး၊ တပ်ကုန်းမြို့နယ်မှ စာရင်းသွင်း ၄၆၉ ပါးအနက် ၄၂ ပါး ဖြေဆိုကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ ပထမပြန် စာမေးပွဲကိုဖြေဆိုရန်သံဃာ/ သီလရှင်ပေါင်း ၆၃၉၃၃ ပါးစာရင်းသွင်းထားသော်လည်း ၅၁၀၉၆ ပါးသာ ဖြေဆိုကြောင်းသိရသည်။ **ကျော်သူရ(နေပြည်တော်)**

Yellow Earth

ရောင်းမည်

ထိုင်းစကားပြော

Ph-0973153668/ 0973241343

သတင်းတိုများ

ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းသို့ သင်ထောက်ကူပစ္စည်းများပေးအပ်

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်း နွေရာသီ ကျောင်းပိတ်ရက်ကာလတွင် ကျောင်းသား၊ ကျောင်းသူများအား အချိန်ကို အကျိုးရှိရှိ အသုံးချနိုင်စေရန်နှင့် အသိလိမ္မာတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်ကွက် ကျေးရွာများတွင် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ပုဗ္ဗသီရိမြို့နယ် အောင်သီရိဘုန်းတော်ကြီးကျောင်းရှိ ယဉ်ကျေးလိမ္မာသင်တန်းသို့ နေပြည်တော်ကောင် စီဝင် ပုဗ္ဗ သီရိမြို့နယ်တာဝန်ခံ ဦးသန်းဌေးဦးဆောင်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ဝင်များမှ မေ ၄ ရက် ၇ နံနက်ခွဲက သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သူဇာလှိုင်(စက်မှု)

ပုဗ္ဗသီရိမြို့နယ်တွင် စာပေဟောပြောပွဲ ကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အမှတ် (၁)ရပ်ကွက်ရှိ စေတနာလူမှုကူညီရေးအသင်း (၄)နှစ်ပြည့်အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားကို မေ ၃ ရက် ည ၇ နာရီက ကျည်တောင်ကန် ရပ်ကွက်(၁)ရှိ ဈေးကုန်းဘုန်းတော်ကြီးကျောင်းဝန်း၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် စာရေးဆရာ နွမ်ဂျာသိုင်းနှင့် စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ)တို့က “စာရေးသူမှ စာဖတ်သူသို့ ၂၀၁၄”ခေါင်းစဉ်ဖြင့် ဟောပြောရာ ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ဝန်းကျင်ဒေသများမှ စာပေချစ် ဒည့်ပရိသတ်ပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ကြည့်မြင်တိုင်တွင် သက်ကြီးပူဇော်ပွဲကျင်းပမည်

(၆၅)ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ အိုးဖို၊ ငါးကြော်ဖို၊ တလိုင်းပိုင်ရပ်ကွက်များ၏ သက်ကြီးပူဇော်ပွဲကို မေ ၁၇ ရက် နံနက်တွင် ကြည့်မြင်တိုင် မြို့နယ်၊ ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရ ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်သည်။ ယင်း(၆၅) ကြိမ်မြောက် မြန်မာနှစ်သစ်ကူး သက်ကြီးပူဇော်ပွဲတွင် ဈေးကြီး၊ အိုးဖို၊ ငါးကြော်ဖို၊ တလိုင်းပိုင်ရပ်ကွက်များ အတွင်း နေထိုင်လျက်ရှိကြသော သက်ကြီးဘိုးဘွား ၅၄၀ ကျော် တက်ရောက် ကန်တော့ခံကြမည်ဖြစ်သည်။ အဆိုပါ သက်ကြီး ဘိုးဘွားပူဇော်ကန်တော့ပွဲတွင် ကျပ်ငွေတစ်သိန်းဆုများနှင့် ကျပ်ငွေ ငါးသောင်းဆုများကိုပါ မဲဖောက်လှူဒါန်း သွားမည် ဖြစ်ကြောင်း သိရသည်။

အိုးဝေခင်မောင်ကွန့်(ခ)ရွှေတိုင်ဦးမြတ်ကို

လသာမြို့နယ် ဒုလ္လဘရဟန်းခံရှင်ပြုပွဲကျင်းပ

(၂၄)ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် ဒုလ္လဘရဟန်း ကိုရင်အပါး ၁၀၀ ကျော်ပါဝင်သော ရဟန်းခံရှင်ပြုပွဲကို လသာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ဥက္ကဋ္ဌဦးကျော်မင်း၊ (သီရိသဇင်ဆောက်လုပ်ရေး MD)နှင့် အတွင်းရေးမှူး ဦးသိန်းငွေတို့၏ စီစဉ်မှုဖြင့် မေ ၁၀ ရက်မှ မေ ၁၇ ရက်အထိ ဗဟန်းမြို့နယ်၊ ကြားတောရလမ်းရှိ ဓမ္မသုခကျောင်းတိုက်မှန်ကျောင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ရှပ်ရှင်ပညာရှင်များနှင့် ရုပ်ရှင်အနုပညာရှင်များအား သကြ်န်မတိုင်မီ ဆန်၊ ဆီလှူဒါန်းမည်ဖြစ်သည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များအား မေ ၁၀ ရက်တွင် ဆန် ငါးပြည်၊ ဆီတစ်ပုလင်းနှင့် အခြားလှူဖွယ် ပစ္စည်းများကို လှူဒါန်းမည်ဟု သိရသည်။

အိုဝေခင်မောင်ကွန့်(ခ)ရွှေတိုင်ဦးမြတ်ကို

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ကျည်တောက်ပေါက်ကျေးရွာ၊ မန္တလေး–မိုးကုတ်လမ်းဘေး၊ မုဒိတာ–ကန်တောင် စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်ရုံးရှေ့တွင် မေ ၄ ရက် နံနက်ပိုင်းက ရွှေလုပ်သားများ အေးချမ်း၊ လွတ်လပ်စွာ လုပ်ကိုင်နိုင်ရေးအတွက် ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်ကြကြောင်း သိရသည်။ အဆိုပါ ဆန္ဒဖော်ထုတ်ပွဲတွင် “အလုပ်သမားများ အေးချမ်းစွာနှင့် လွတ်လပ်စွာ လုပ်ကိုင်နိုင်ရေး’၊ ‘ရွှေလုပ်သားများအေးချမ်းစွာလုပ်ကိုင်နိုင်ရေး’စသည့် ဆိုင်းဘုတ်များကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် ငြိမ်းချမ်းစွာ ဆန္ဒဖေါ်ထုတ်ခဲ့ကြကြောင်း၊ နှင့်ဆန္ဒဖော်ထုတ်သူအင်အား လူတစ်ရာခန့်ရှိကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ထန်းပီလျံ

ဂန့်ဂေါ၌သန်းခေါင်စာရင်းကောက်ယူလျက်ရှိ

ဂန့်ဂေါ၊ မေ ၆

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဂန့်ဂေါမြို့နယ်၌ မေ ၄ ရက်က ဆဋ္ဌမနေ့အဖြစ် သက်ဆိုင်ရာ တာဝန်ရှိသူများက ကောက်ယူလျက်ရှိသည်။

ဂန့်ဂေါမြို့နယ်တွင် ရပ်ကွက် ၄ ခု၊ ကျေးရွာ ၇၁ အုပ်စု၌ ကျေးရွာပေါင်း ၁၁၃ ရွာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို စာရင်းကောက်အဖွဲ့ ၂၁၅ ဖွဲ့တို့က ကောက်ယူလျက်ရှိကြောင်းသိရသည်။

ထိုကဲ့သို့ ဂန့်ဂေါမြို့တွင် သန်းခေါင်စာရင်းများကို ဆဋ္ဌမနေ့အဖြစ် ကောက်ယူလျက်ရှိရာ လုပ်ငန်းပမာဏထက်ဝက်ကျော် ကောက်ယူနိုင်ပြီးဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မ တီမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

စိန်ကျော်(ဝါးဘိုးချောင်)

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးမူကြမ်းတစ်ခုရရှိရန် အဖွဲ့ပေါင်းစုံပါဝင်သည့် ဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ပြုလုပ်

ရန်ကုန်၊ မေ ၆

တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးတွင် ကွဲပြားသည့် မူဝါဒများအား ပေါင်းစပ်ညှိနှိုင်း၍ အားလုံးလက်ခံသဘောတူနိုင်မည့် မူကြမ်းတစ်ခုရရှိစေရန်အတွက် အစိုးရဘက်မှ တာဝန်ရှိသူများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှု ကော်မတီ(NCCT)မှ တာဝန်ရှိသူများအားလုံး ပထမဆုံးအကြိမ်ဖြစ် ပါဝင်သည့် ဆွေးနွေးပွဲတစ်ခုကို ရန်ကုန်မြို့ရှိ Myanmar Peace Center ၌ မေ ၅ ရက်က စတင်ခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့အနေနဲ့ ဒီနေ့မှာ တိုင်းရင်းသားလက်နက်ကိုင် ၁၂ ဖွဲ့ရယ် အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့နဲ့ ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့လုပ်ငန်း စဉ်တွေကိုလုပ်ဆောင်နိုင်ခြင်းဟာ ထူးခြားတဲ့အောင်မြင်မှုအဖြစ် မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးပါဝင်ပြီး တန်းတူရည်တူ ဆွေးနွေးခွင့်ရရှိရေး၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ရေးထိုးပြီးတာနဲ့ ထိရောက်စွာလက်တွေ့ အကောင်အထည်ဖော်ရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပနိုင်ရေး စတဲ့ ရည်မှန်းချက်တွေနဲ့ ကြိုးပမ်းနေခြင်း ဖြစ်ပါတယ်”ဟု ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောသည်။

အဆိုပါဆွေးနွေးပွဲကို မေ ၅ ရက်မှ ၇ ရက်နေ့အထိ ကျင်းပရန် စီစဉ်ထားသော်လည်း လုပ်ငန်းလိုအပ်ချက်များ ရှိလာ၍ ရက်တိုးရန် လိုအပ်လာပါက အဆင်သင့် ကြိုတင်စီမံထားကြောင်း သိရသည်။

နိုင်ငံအတွင်း ပြည်တွင်းစစ်ဒဏ်ကြောင့် ဖွံ့ဖြိုးတိုးတက်ရေးများ နောက်ကျလျက်ရှိနေပြီး လက်ရှိဖြစ်ပွားနေသည့် စစ်ပွဲများသည် မိမိတို့အားလုံး ပါဝင်ခဲ့သူများ ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးရရှိစေရန် မိမိတို့ကသာ နောင်လာနောင်သားများအတွက် ဖြေရှင်းဆောင်ရွက်ရမည်ဟု NCCT အဖွဲ့ခေါင်းဆောင်ဦးနိုင်ဟံသာက ပြောသည်။

ယနေ့ဆွေးနွေးပွဲသို့ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ စုံညီစွာတက်ရောက်သောကြောင့် မှတ်တမ်းတင်ထားသင့်ကြောင်း၊လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေးဆောင်ရွက်မှုများကို နှောင့်နှေးသည်ဟု ထင်မြင်နေမှုများရှိနေသော်လည်း မူကြမ်းတစ်စောင်ရရှိသည်အထိ အားလုံးပွင့်လင်းစွာ ဆွေးနွေး၍ ယခင်ချုပ်ဆိုခဲ့သော စာချုပ်များကို ပြန်လည်သုံးသပ်သင့်သည်ဟု NCCT ဒုအဖွဲ့ခေါင်းဆောင် KIO မှ ဗိုလ်ချုပ်ဂွမ်မော်က ပြောသည်။

တင်မောင်ဦး

(Open Tender)
Wire Binding (BRCO)
Model-Karo 40
Plastic Binding (GPC)
Model-Combind C-250
Document Scanner Image Formula
Canon DR 6030C
Computer Table

(Open Tender)
Air Con

Ph : 09 423740358
09 250173327

အတွေးအမြင်

ရတနာတန်းဝင်သစ်မွှေးပင်

vjSifmau,G

"သစ်မွှေးကို အရင်ကတော့ ကချင်ပြည်နယ်မှာ ပေါက်တယ်။ ခုတော့ ပဲခူးရိုးမနဲ့ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် နတ်ရေကန်တောင် အနီးတစ်ဝိုက်မှာ စိုက်ပျိုးအောင်မြင်နေပါပြီ။ သစ်မွှေးပင်မှာ မမြင်နိုင်တဲ့အားတွေရှိတယ်။ ကံကောင်းခြင်း၊ လာဘ်လာဘတွေကိုလည်း ယူဆောင်ပေးတယ်ဆိုတဲ့ အယူအဆအစွဲတွေလည်းရှိတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ သံတမန်တွေတွေ့ဆုံကြတဲ့အခါ သစ်မွှေးထွန်းညှိရင် ကောင်းကျိုးရလာဘ်တွေ ရှိတယ်လို့လည်း ယူဆကြတယ်။ ယခင်က သစ်မွှေးကို အမွှေးနံ့သာအဖြစ်သာသုံးစွဲကြပေမယ့် ယခုအခါ ဆေးဝါးထုတ်လုပ်မှုနယ်ပယ်၊ အလှကုန်နဲ့ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနယ်ပယ်၊ ရုပ်တုထုလုပ်မှုတန်ဖိုးမြင့်ပရိဘောဂထုတ်လုပ်မှုအထိ ကျယ်ပြန့်စွာသုံးစွဲလာကြပါတယ်" ဟု မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်လိုင်ကျေးရွာအနီး သစ်မွှေး ၁ ဒသမ ၆ ဧက စိုက်ပျိုးထားသော တာဝန်ခံတစ်ဦးက ပြောသည်။

သစ်မွှေးစိုက်ခင်းတည် ထောင်မည်ဆိုက မျိုးကောင်းမျိုးသန့်သစ်မွှေးမျိုးကို ရွေးချယ်စိုက်ပျိုးရန်လိုအပ်ကြောင်း နည်းစနစ်ကျနစွာ ပြုစုပျိုးထောင်ရန်လိုအပ်ကြောင်း၊ သို့မှသာ စိုက်ပျိုးပြီး ခြောက်နှစ်မှ ရှစ်နှစ်အတွင်း တန်ဖိုးမြင့် ရောင်းတန်းဝင် သစ်မွှေးအဆီအခဲများကို ရရှိမည်ဖြစ်ကြောင်း သူက ဆက်ပြောသည်။ သစ်မွှေးသည် အမြဲစိမ်းသစ်ပင်ကြီးမျိုး၊ အကြီးမြန်သစ်ပွမျိုး၊ သဘာဝတောများတွင် အမြင့်ပေ ၅၀ မှ ၁၀၀ အထိ လုံးပတ် ၅ ပေမှ ၈ ပေခန့်အထိ ကြီးထွားပြီး စိုထိုင်းစမှာ ၈၀ ဖြစ်သည်။ လေထုစိုထိုင်းစနည်းသောဒေသ၌ အရိပ်ပင်စိုက်ပေးခြင်း၊ ရေသွင်းပေးခြင်းဖြင့် စိုထိုင်းစရာခိုင်နှုန်းများ အောင်ဖန်တီးပေးရကြောင်း သိရသည်။

မြေအမျိုးအစားသည် သဲနှုန်းဆန်သောမြေ၊ တောင်မြေနီ၊ မြေဝါ၊ ကျောက်စရစ်ရောတောင်ကုန်းများနှင့် သဲ၊ ထုံး၊ ကျောက်များသော တောင်တန်းမြေများတွင် ဖြစ်ထွန်းသည်။ အအေးကြိုက်အပင်ဖြစ်၍ ရေလိုအပ်သော်လည်း ရေဝပ်ခြင်းကို မကြိုက်ဟု သိရသည်။

"သစ်မွှေးပင်ရဲ့ အသားဟာ လုံးဝမွှေးကြိုင်ခြင်းမရှိပါဘူး။ ပင်စည်မှာ အနာဒဏ်ရာ တစ်ခုခုရပြီး မှိုပိုးဝင်ရောက်ပြီး ပင်စည်အတွင်းက နံရံဆဲလ်များဆွေးမြေ့ပျက်စီးပြီးတော့၊ မှိုများအင်ဇိုင်းထွက်လာတယ်။ အတွင်းသားဆဲလ်များကို ခြေမှုန်းခတ်ပြုပြီး ဖြစ်ပေါ်လာတဲ့ အဆီအခဲများဟာ အချိန်ကြာလာတဲ့အခါ အညိုရောင်ကနေ အနက်ရောင်ထိ အဆင့် ဆင့်ပြောင်းလဲလာတယ်။ သစ်သားအတွင်းမှာ အနှစ်ခဲနှင့် အခင်းကြောင်းတွေပေါ်လာတယ်။ အဲဒီအနှစ်ခဲနဲ့အစင်း ကြောင်းများဟာ အဖိုးတန်သစ်မွှေးဖြစ်ပါတယ်။ အပင်သက်တမ်း လေးနှစ် ငါးနှစ်ရင်စို့လုံးပတ် ၁၈ လက်မခန့်ရှိရင် ပင်စည်ကိုဖောက်ပြီး မှိုသွင်း နှစ်နှစ်ကနေ သုံးနှစ်အတွင်းထုတ်လုပ်နိုင်ပါတယ်"ဟု တာဝန်ခံက ရှင်းပြသည်။

> အတွင်းသားဆဲလ်များကို ခြေမှုန်းခတ်ပြုပြီး ဖြစ်ပေါ်လာတဲ့အဆီအခဲများဟာ အချိန်ကြာလာတဲ့အခါ အညိုရောင်ကနေ အနက်. . .

သစ်မွှေးကိုမိုးဦးကျ ဇွန်လတွင် အပြီးစိုက်ပျိုးလျှင် အကောင်းဆုံးဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ဧပြီနှင့် မေလတွင် ပန္နက်ရိုက်၊ ကျင်းတူး၊ မြေဆွ၊ ရေစပ်မြေဖို့ခြင်းကိစ္စများအပြီးဆောင်ရွက်ရမည်ဟု သိရသည်။ ပန္နက်စိုက်လျှင် အကောင်းဆုံးဟု သူကပြောသည်။ ကျင်းကို တစ်ပေခွဲပတ်လည်တူး၍ အပေါ်ယံမြေသား ၆ လက်မခန့်မြေကို သီးခြားပုံ၊ အောက်လွှာ ၁၂ လက်မကို သီးခြားပုံ၊ အပေါ်ယံမြေလွှာအား ဖွဲပြာ သုံးပြည်၊ သဘာဝမြေဩဇာ နှစ်ပြည်၊ နွားချေး တစ်ပြည် N:P:K ၁၅း၁၅း၁၅ နို့ဆီဗူးတစ်ဝက်နှင့် ရောသမ၍ ကျင်းထဲပြန်ဖြည့်၊ သဘာဝမြေ ငါးဆ၊ အကူစပ်စာ တစ်ဆ(၅း၁)ရောစပ်သော စနစ်ဖြစ်သည်။ ထို့နောက် အောက်အလွှာမြေကို ကျင်းထဲသို့ လိုသလောက်ဖြန့် ကျင်းဖို့ပြီး မိုးရေထဲ၌ သုံးလေးရက်ခန့်နှပ်ထား၊ မိုးမရွာက မြေအစိုရရုံ ရေဖျန်းပေး စိုက်ဖို့ပျိုးပင်ကို ပျိုးသက် ၁၂၀ ရက်မှ ၁၅၀ ရှိပြီး အမြင့်တစ်ပေနှင့်အထက်ရှိသော ပျိုးပင်ကို ရွေးချယ်စိုက်ပျိုးရမည်ဟု သိရသည်။

"ပျိုးပင်စိုက်တဲ့အခါ ပလတ်စတစ်အိတ်ကို မြေလုံးမကွဲအောင် ဓားနဲ့ခွဲချွတ်ပါ။ ကျင်းရဲ့ အလယ်ဗဟိုတည့်တည့်မှာ ပျိုးအိတ်မြေလုံး မျက်နှာပြင်နဲ့ မြေပြင်ညီထည့်စိုက်၊ ပင်ခြေရေမဝင်အောင်ဖို့မြေအနည်းငယ်မောက်ထားပြီး ဖို့ စိုက်ပင် ပျိုးထုတ်မြေလုံးကို မမိမိအောင် ဘေးဖို့မြေသားကို လေမခိုအောင် ဖိသိပ်ဖို့လိုပါတယ်။ အပင်ပြုစုတဲ့အခါ ပထမနှစ် ပေါင်းသုံးကြိမ်၊ ဒုတိယနှစ်ပေါင်းနှစ်ကြိမ်၊ တတိယနှစ်ပေါင်း တစ်ကြိမ်ရှင်းလင်းဖို့လိုပါတယ် မိုးတွင်းမှာ တစ်လတစ်ကြိမ် မြေဆွခြင်း၊ သဘာဝမြေဩဇာကျွေးနိုင်ရင်အကောင်းဆုံး မြေဩဇာကျွေးတဲ့အခါ အစိုဓာတ်ရှိဖို့တော့လိုတယ်၊ ပထမနှစ်မှ တတိယနှစ်ထိ ရွက်အုပ်တံစက်မြိတ်အောက်မှာ အကျယ် ၁၀ လက်မ အနက် ၆ လက်မပတ်လည် မြောင်းအဝိုင်းတူး မြေဩဇာဖြူးပေးပြီးတော့ မြောင်းကျင်းကို ပြန်ဖို့ပေးရမယ်။ လေးနှစ်သားရောက်တဲ့အခါ ပင်ခြေမှ တစ်ပေ(သို့)နှစ်ပေခွာပြီး မြေကိုပေါက်ပြားနဲ့ဆွ ပတ်လည်ဖြူးပေးပါ ကျွေးပြီးတဲ့အခါ အစိုဓာတ်ထိန်းသိမ်းမြေကို ချက်ခြင်းဖုံးအုပ်ထားရပါတယ်"အပင်မြင့် ၅ ပေအထိ အရိပ်ကြိုက်တယ် အရိပ်ရတဲ့ မယ်ဇလီ၊ ဘောစကိုင်း၊ ပဲစင်းငုံစတဲ့အပင်တွေ ပင်ခြားတန်း ခြားစိုက်နိုင်ပါတယ်။ အရိပ်မရှိရင် တစ်ပင်ချင်းအမိုးပြုလုပ်ပေးရတယ်။ နွေရာသီမှာ ရေလောင်းပေးရမယ်။ ပင်ခြေ ၆ လက်မခန့်ခွာပြီး ၆ လက်မမှ ၈ လက်မအထူရအောင် သစ်ရွက်များမြက်များရှပ်ပြီး အဝိုင်းပုံပေးရမယ် ပြီးတော့ သစ်ရွက် ပေါ်မှာ မြေသားဖုံးပေးရမယ်။ အပင်သက်တမ်း လေးနှစ် ငါးနှစ်ရင်စို့ ၁၈ လက်မရှိရင် မှိုသွင်းရပါတယ်။ ပင်စည်လုံး ပတ်နဲ့သက်ဆိုင်ပါတယ်။ သက်တမ်းနဲ့မဆိုင်ဘူး မှိုသွင်းပြီး တစ်နှစ်ခွဲမှ နှစ်နှစ်ခန့်အကြာမှာ သစ်မွှေးထုတ်ယူနိုင်ပါတယ်။ မှိုမျှင်ပျံ့နှံ့တဲ့သစ်မွှေးတစ်ပင်ကို သစ်မွှေးဆီခဲကီလို ၂၀ မှ ၃၀ အထိ ထုတ်ယူနိုင်ပါတယ်။ သစ်မွှေးဆီကို မတ်လမှ ဧပြီလများမှာ ထုတ်ယူနိုင်ပါတယ်"ဟု ရှင်းပြသည်။

ယခုအချိန်တွင် ပြည်တွင်း၌ မှိုဆေးရည်ထုတ်လုပ်ရောင်းချလျက်ရှိသဖြင့် တစ်လီတာ ၂၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်သာရှိပြီး မှိုသွင်းသည့်နည်းပညာပွင့်လင်းလာခြင်း မှိုသွင်းသည့်နည်းပညာဝန်ဆောင်မှုသည် အပြိုင်အဆိုင်ဈေးလျှော့လာခြင်းကြောင့် အခက်အခဲမရှိတော့ပါ။ မှိုသွင်းကျွမ်းကျင်သူများက နည်းနစ်တကျ မှိုသွင်းပေးချိန်တွင် ဂရုတစိုက်လေ့ လာသင်ယူထားပါက မိမိကိုယ်တိုင် မှိုဆေးသွင်းနည်းပညာ တတ်မြောက်လာနိုင်ပါသည်။ သစ်မွှေးအပွင့်ခြောက်ကို ဓာတ်ဗူးထဲစိမ်သောက်လျှင် နှစ်ခြိုက်စွာအိပ်ပျော်ခြင်း၊ ဝမ်းမှန်ခြင်း၊ အစာအိမ်နှင့်အူရောင်ရောဂါများပျောက်ခြင်း၊ သွေး အတွင်းသကြားဓာတ်မြင့်မားမှုလျှော့ချပေးခြင်း၊ သွေးပေါင်မြင့်ခြင်းကိုနိမ့်ကျစေခြင်း၊ အရွက်ကို အခြောက်ခံပြီး ရေနွေး စိမ်သောက်လျှင် အာရုံကြောများကောင်းလာခြင်း၊ သွေးတွင်းအဆီကျခြင်း၊ အညောင်းအကိုက်ပျောက်ခြင်းများအပြင် အသည်းခြောက်၊ အသည်းရောင်၊ အသည်းဝါ၊ အသည်းကင်ဆာရောဂါအမျိုးမျိုး၊ ဟောမုန်းအားဆေး၊ လေဖြတ်ရောဂါ နှလုံးသွေးကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် ခုခံအားကျဆင်းခြင်းများအတွက် အသုံးပြုနိုင်ကြောင်း သိရသည်။

မလှိုင်မြို့ရပ်ကွက်ကြီး(၂)နယ်မြေတွင် ငွေကျပ်တစ်သိန်းကျော်ပါရှိသည့်ပိုက်ဆံအိတ်ကောက်ရ၊ ပိုင်ရှင်ထံပြန်လည်အပ်

မလှိုင်၊ မေ ၆

မလှိုင်မြို့ ရပ်ကွက်ကြီး(၂)နယ်မြေ၊ အမှတ်(၁၁)ရပ်ကွက် တာဝန်ခံ ဦးချစ်ဝင်းသည် နံနက်အစောစောလမ်းလျှောက်သွားစဉ် ပိုက်ဆံအိတ်တစ်ခုကောက်ရသဖြင့် ရပ်ကွက်ကြီး (၂) အုပ်ချုပ်ရေးမှူးထံ အပ်နှံ၍ ပိုင်ရှင်အားစုံစမ်းပြီး ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည် ။

ဧပြီလ ၄ ရက် နံနက်ပိုင်း ၄ နာရီက မလှိုင်မြို့ရပ်ကွက်ကြီး(၂) နယ်မြေ၊ အမှတ်(၁၁)ရပ်ကွက် တာဝန်ခံ ဦးချစ်ဝင်းသည် လမ်းလျှောက်ထွက်လာစဉ် မလှိုင်မြို့အထွက် 'ယုဝအောင်' ဓာတ်ဆီဆိုင်အနီး လမ်းဘယ်ဘက်ဘေးတွင်အကျီနှင့်လုံးထွေးနေသော ပိုက်ဆံအိတ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပိုက်ဆံအိတ်အတွင်း၌ ငွေနှင့်အတူ မှတ်ပုံတင်ကတ်၊ ပြည်ခိုင်ဖြိုးကတ်တွေ့ရှိ၍ ဆိုင်ကယ် ကယ်ရီငှားရမ်းပြီး သွားရောက် အကြောင်းကြားခဲ့ခြင်းကြောင့် ပိုင်ရှင်မှလာရောက်ပြီး ပိုက်ဆံအိတ် အတွင်းပါ ပစ္စည်းများကို မှန်ကန်စွာ ပြောဆိုနိုင်သဖြင့် ရပ်ကွက်ကြီး (၂) အုပ်ချုပ်ရေးမှူးရုံးတွင် ဦးချစ်ဝင်းက ပိုက်ဆံအိတ်တွင် ပါရှိငွေ ကျပ် ၁၁၇၀၀၀ နှင့်အတူ မှတ်ပုံတင်ကတ်၊ ပြည်ခိုင်ဖြိုးကတ်များကို ပိုင်ရှင် ဖြစ်သူ ဦးတင်အောင်ဝင်းထံသို့ ပြန်လည်ပေးအပ်ခဲ့သည်။

အောင်ဌေး(မလှိုင်)

သီပေါမြို့နယ်ဒေသ ဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေး

သီပေါ၊ မေ ၆

သီပေါမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စရပ်များ ညှိနှိုင်းဆောင်ရွက်သွားရန်အတွက် အစည်းအဝေးကို မေ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုကော်မတီများ၊ မြို့မိမြို့ဖများ၊ ကျောင်းသားဟောင်း ကိုယ်စားလှယ်များနှင့် စာနယ်ဇင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစီစဉ်ဆောင်ရွက်သွားရန်အတွက် ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

ယင်းနောက် သီပေါမြို့လည်ချောင်း ရေစီးရေလာကောင်းမွန်ရန်အတွက် မြေတူးမြေကော်ယာဉ်တစ်စီး ဝယ်ယူရေး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၅၀၀ ဖြင့် မြို့ရေပေးဝေရေးနှင့် လိုအပ်ချက်များအတွက် သုံးစွဲသွားရေး၊ ကျူးကျော်အိမ်နှင့် ကျူးကျော်ဈေးဆိုင်များကို စည်းကမ်းချက်နှင့်အညီ ရှင်းလင်းရေးတို့ကိုသာမက ၁၃၇၅ ခုနှစ်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဆောက်လုပ်ရေး စာနယ်ဇင်း မီဒီယာများက ဒေသဖွံ့ဖြိုးရေးအတွက် သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ပါဝင်အထောက်အကူပြုရေး ကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

သီပေါကိုလတ်

(Open Tender)

OASIS
ချောင်းသာ

တားကတ်ထုးရှင် အမြန်ဆက်သွယ်ရန်
Citizen IT & Mobile
ICT Fair 2014
Customer (2,003882)

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ စာကြည့်တိုက်ဒါယိကာမကြီး

ဒေါ်နီနီတင်

အသက်(၈၀)

သူငယ်ချင်းဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်ခင်ဌေးတို့၏မိခင် ဒေါ်နီနီတင်သည် ၂-၄-၂၀၁၄ ရက် နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာမျိုးအောင်ကျော်-ဒေါက်တာခင်မေအောင်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၇င[1]၊ မြေကွက်အမှတ်-၂၁၊ မြေကွက်တည်နေရာအမှတ်-၁၅၈၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ဒေါ်ဖြူဖြူအေး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဖြူဖြူအေးနှင့် ခင်ပွန်းဦးလှဖေ ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်ရှိန်[၁၂/စခန(နိုင်)၀၄၉၂၄၁]၊ ဒေါ်တင်တင်လှ[၁၂/စခန(နိုင်)၀၀၆၇၃၃]၊ ဒေါ်ရင်ရင်လှ[၁၂/စခန(နိုင်)၀၀၇၀၁၅]၊ ဦးလှမြင့်[၁၂/စခန(နိုင်)၀၀၇၂၅၈] တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သွေးသည်အသက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဆွေဆွေ(အမရပူရ)

အသက်(၈၅)နှစ်

ပိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)၊ (စီမံကိန်းများညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်ချိုချိုဝင်းတို့၏မိခင်ကြီး ဒေါ်ဆွေဆွေ(အမရပူရ)သည် ၃-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြတ်သူ-ဒေါ်ကေခိုင်ရွှေ
မြတ်အိမ်ရွှေ Group of Companies

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်လှ

အသက်(၈၅)နှစ်

ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၁၅)နေ ဦးတိုးရီ-ဒေါ်သော်သော်လွင်(နိုင်းစတားစတိုး)၏မိခင် ဒေါ်ခင်လှ အသက်(၈၅)နှစ်သည် ၂-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Peace Myanmar Group Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်အေး (၈၉)နှစ်

ကုန်သွယ်ရေး (၁၀) (ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်အမှတ်(၁၀၈/၃)နေ (ဦးဘိုးရင်)၊ ဒေါ်ရှင်ထွေးတို့၏သမီး၊ (ဦးသိန်း)၏ဇနီး၊ (ဦးစိုးဟိန်း)၊ ဒေါ်အေးအေးသိန်း၊ ဦးငွေစိုး-ဒေါ်မြင့်မြင့်သန်း၊ (ဦးတင်ဝင်း)၊ ဦးမိုးမောင်မောင်သီဟ-ဒေါ်စန်းစန်းထွေးတို့၏မိခင် ဒေါ်တင်အေးသည် ၂၉-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပရိယတ္တိသာသနပါလအသင်း
ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်(ရန်ကုန်)

ကျေးဇူးအထူးတင်ရှိခြင်း

ဘုရား ရဟန်း ကျောင်း ရေတွင်း ရေကန် စာကြည့်တိုက်ဒါယိကာမကြီး

ဒေါ်နီနီတင် အသက်(၈၀)နှစ်

[illegible] FAME Pharmaceuticals နှင့် SUPER CROWN Plastic မှ ဝန်ထမ်းများအားလည်းကောင်း [illegible]

ကျန်ရစ်သူ မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြင်

အသက်(၇၂)နှစ်

ဦးအောင်ရှိန်၊ ဒေါ်အေးအေးသွယ်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်သည် ၂၇-၃-၂၀၁၄ ရက် နံနက် ၉း၂၄ နာရီတွင် ဗန်ကောက်မြို့ Bumrungrad International Hospital ၌ ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

Ever Seiko Co., Ltd. နှင့်
Living Square Co., Ltd. ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြင် (၇၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန်အိမ်ရာ အမှတ်(၂၃)နေ ဦးတင်မောင် (GDH Company Limited)၏ ချစ်လှစွာသောဇနီး၊ ဦးရော်ဘင်(ခ)ဦးဝင်းအောင်-ဒေါ်စုနီ(TWJS Company Limited)၊ ဦးအောင်ရှိန်-ဒေါ်အေးအေးသွယ်(TWJS Company Limited) (Ever Seiko Company Limited)၊ ဦးအပ်ခြုံ(ခ)ဦးအောင်ဝင်း-ဒေါ်ဖြူဖြူခင်(General Paints & Chemicals Industries Company Limited)၊ ဦးမျိုးဝင်း-ဒေါ်သူဇာမင်းမင်းစိုး (TWJS Company Limited)တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၀ ယောက်၏ ချစ်လှစွာသောအဘွား ဒေါ်ကြင် အသက်(၇၂)နှစ်သည် ၂၇-၃-၂၀၁၄ ရက်တွင် ထိုင်းနိုင်ငံ Bumrungrad International Hospital ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့
Kaba Kyaw Trading Co., Ltd.
San Kaung Industry Limited

[illegible]

အသက်၅၁နှစ်

[illegible]

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမောင်ချို(ခ)ဦးစိုးဝင်း

အသက်(၆၆)နှစ်

(ဖူဂျီဆန်းအီလက်ထရွန်နစ်)

ဒေါ်ခင်လေးနွယ် (အနောက်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့)၏ခင်ပွန်း ကိုအောင်မျိုးရှိန်-မမြသင်းကြည်တို့၏မွေးသဖခင်ကျေးဇူးရှင် ဦးမောင်ချို(ခ)ဦးစိုးဝင်းသည် ၃၁-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
ဦးရာဇ်မြေ-ပုဏ္ဏားကျွန်းမြို့နယ်လူမှုရေးအသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်ဝင်း(ဒေးဒရဲ)

အသက်(၇၉)နှစ်

အမျိုးသမီးအထူးလေထီးသင်တန်း အပတ်စဉ်(၁)မှ ချစ်သူငယ်ချင်း ဆုထွေးဝင်း၏ဖခင် ဦးတင်ဝင်းသည် ၁၈-၃-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းမိပါသည်။

အမျိုးသမီးအထူးလေထီးသင်တန်းအပတ်စဉ်(၁)မှသူငယ်ချင်းများ

TOYOTA HILUX SURF အမျိုးအစားကားအမှတ်(6G-၆၇၀၁)နှင့် စပ်လျဉ်း၍ ဗိုလ်ကြီးအောင်မျိုး(ငြိမ်း)(ခ)ကုလားကြီး[၇/စခန(နိုင်)၁၃၉၆၀၉]နှင့် အများသိစေရန် အလေးအနက်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ လုံးသွယ်(၁)လမ်း၊ အမှတ်-၁၃၂ နေ ဦးဇေယျာလင်း[၃/ကဆက(နိုင်)၀၁၉၇၆၄] ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဗိုလ်ကြီးအောင်မျိုး(ငြိမ်း)(ခ)ကုလားကြီးသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇေယျာလင်း ပြည်ပမှ ဝယ်ယူတင်သွင်းလာသည့် မော်တော်ယာဉ်များအတွက် ကညနသို့ လိုင်စင်ဝင်ခြင်း၊ ကားနံပါတ်ပြားထုတ်ယူခြင်းနှင့် ကားအုံနာစာအုပ်များရရှိရေးတို့အတွက် လွန်ခဲ့သော(၃)နှစ်ခန့်မှစ၍ စေခိုင်းတာဝန်ပေးခံရသူဖြစ်ပါသည်။

၁၉-၃-၂၀၁၄ ရက်တွင် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇေယျာလင်းသည် မိမိပိုင် TOYOTA HILUX SURFအမျိုးအစား မော်တော်ယာဉ်အမှတ်(6G/၆၇၀၁)အတွက် ကညနတွင် လိုအပ်သည်များ ဆောင်ရွက်နိုင်ရန်အတွက် ဗိုလ်ကြီးအောင်မျိုး(ငြိမ်း)(ခ)ကုလားကြီးအား မော်တော်ယာဉ်နှင့်အတူ အုံနာစာအုပ်မူရင်းနှင့် ကားနှင့်စပ်လျဉ်းသော ပိုင်ရေးဆိုင်ခွင့်ဆိုင်ရာ စာရွက်စာတမ်းများအား ယုံကြည်စွာပေးအပ်၍ စေခိုင်းခဲ့ရာမှ ကားရောလူပါ ကျွန်ုပ်တို့မိတ်ဆွေထံ ပြန်လည်ဆက်သွယ်ခြင်းမရှိဖြစ်နေပါသည်။

ယင်းအတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ ကညနတွင် လိုအပ်သလိုဆောင်ရွက်နိုင်ရန်အတွက် မော်တော်ယာဉ်အား ယုံကြည်စွာပေးအပ်ခဲ့သည်ကို ကိုယ်ကျိုးအတွက် အလွဲအသုံးပြုသူ ဗိုလ်ကြီးအောင်မျိုး(ခ)ကုလားကြီးအား တည်ဆဲဥပဒေများအရ အမှုဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်းနှင့် မော်တော်ယာဉ်လက်ဝယ်ရှိသူအနေဖြင့်လည်း တစ်စုံတစ်ရာပြဿနာမဖြစ်စေရေးအတွက် ဖော်ပြပါ မော်တော်ယာဉ်အား ကျွန်ုပ်တို့၏မိတ်ဆွေထံ ဆက်သွယ်ပေးအပ်ပါရန် အလေးအနက် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအေး(B.A.,R.L,) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၃၅)**

ဒေါ်ဆွေဆွေညွန့်(LL.B) — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၁)**

ဒေါ်ဆုမြတ်မွန်(စဉ်-၂၅၇၇၆) ဒေါ်ခင်ကြည်မွန်(စဉ်-၂၇၃၈၆) ဒေါ်အေးခိုင်ဇင်(စဉ်-၃၀၈၁၁)

အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၁၀၅၀၄၃၊ ၀၉-၇၃၀၉၆၁၂၅၊ ၀၉-၃၃၂၀၉၉၉၉

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးညီညီအောင်(ငြိမ်း)

အသက်(၅၀)

ဗိုလ်ကြီးညီညီအောင်(ငြိမ်း)၊ ကြည်း-၁၉၅၇၅(DSA-27)၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၊ ဒါရိုက်တာ(လုပ်ငန်း) အသက်(၅၀)သည် ၂-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဝန်ထမ်းများ
မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးညီညီအောင်(ငြိမ်း)

အသက်(၅၀)

ဗိုလ်ကြီးညီညီအောင်(ငြိမ်း)၊ ကြည်း-၁၉၅၇၅(DSA-27)၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၊ ဒါရိုက်တာ(လုပ်ငန်း) အသက်(၅၀)သည် ၂-၄-၂၀၁၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ
မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်

ATK Real Estate

[illegible]

Facebook Page: https://www.facebook.com/ATK Real Estate

Hot Line : [illegible]

ATK

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွန့်နွယ်(ဘိုကလေး)
အသက်(၈၂)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်းတို့၏မိခင် ဒေါ်ညွန့်နွယ်သည် ၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစု
သစ်တောဦးစီးဌာန

ရဟန်းမယ်တော်ကြီး ဒေါ်ညွန့်ရီ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ ဝိဇ္ဇာမဂ္ဂင် ဘိုးဘွားဓမ္မရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် အရှင်ကောဝိဒ (နယ်လှည့်ဓမ္မကထိက) သာသနဓဇ ဓမ္မာစရိယ၏ ရဟန်းမယ်တော်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ တုံးလဲ့ကျေးရွာနေ ဦးဖိုးမောင်-ဒေါ်သိန်းရင်တို့၏သမီး၊ (ဦးငွေစ)၏ဇနီး၊ ဦးအုန်းကြည်၊ ဦးတင်ရွှေ၊ ဦးဝိမလ၊ ဦးမြသိန်းထွန်း၊ ဦးညွန့်ဝင်း၊ (ဦးသိန်းကြွယ်)၊ ဦးဇော်မင်းထွန်းတို့၏မွေးသမိခင် ရဟန်းမယ်တော်ကြီး ဒေါ်ညွန့်ရီသည် (၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၅ရက်) ၄-၄-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ဝိဇ္ဇာမဂ္ဂင်ကျောင်း၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
[illegible]
ဦးတင်ဆောင်
အသက် (၈၃)

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွန့်နွယ်(ဘိုကလေး)
အသက်(၈၂)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့် ဇနီး ဒေါ်မေသက်ထွန်းတို့၏မိခင် ဒေါ်ညွန့်နွယ်သည် ၄-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ဝန်ထမ်းမိသားစု

ဒေါက်တာလီလီစိန်း(သန်လျင်) (၅၅)နှစ်

သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၄)နေ [ဦးစိုးမြင့်(ခ) ဦးတင်စိန်း-ဒေါ်ကြည်အေး]တို့၏သမီး၊ (ဦးဟုတ်ရှိန်)-ဒေါ်ထားကြည်တို့၏သမီးချွေးမ၊ ဦးကျော်ဇောဝင်း (ဆရာကျော်)၏ဇနီး၊ ဒေါက်တာသဲစုဖြူ (မြန်မာ နိုင်ငံဆရာဝန်အသင်း၊ ငှက်ဖျားစီမံချက်)၊ မောင်ဘုန်းပြည့်ကျော် [B.E(EC), Final, TU, Thanlyin)]၊ မောင်ဖွဲ့နောင်ကျော် (2MB, UM-2)တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ ဦးမော်စိန်း(စင်ကာပူ)-ဒေါ်မြမြလွင်၊ ဦးသက်စိန်း-ဒေါ်ဖြူဖြူနိုင်၊ ဦးဇော်လင်းစိန်း(စင်ကာပူ)၊ ဦးအောင်မိုးမြင့်-ဒေါ်အေမီစိန်း၊ ဦးနိုင်ထွဋ်ဝင်း (ထူးချွန်ပညာ့ရိပ်သာ)-ဒေါ်နှင်းစုယဉ်၊ ဦးမြင့်ဦး (TOTAL Co., Ltd.)-ဒေါ်ဥမ္မာသွင် (ဗန်ကောက်)တို့၏အစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ကြီးကြီး ဒေါက်တာ လီလီစိန်းသည် ၅-၄-၂၀၁၄(စနေနေ့) နံနက် ၁၁း၂၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် သန်လျင် အမိုးနီသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ကြိုင်ကြိုင်
အသက်(၈၈)နှစ်

ဗိုလ်မှူးချုပ်အောင်ထွန်း(ငြိမ်း) (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥက္ကဋ္ဌ အစိုးရ၏ အာမခံချက်များ ကတိကဝတ်များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)-ဒေါ်သန်းသန်းနွဲ့တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ကြိုင်ကြိုင်သည် ၂-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးတင်ဆောင်
အသက် (၈၃)နှစ်
(အိရှွေစင်ရတနာရွှေဆိုင်)
(ရွှေသဇင်ရတနာရွှေဆိုင်)
(ကျောက်ပန်းတောင်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၆၂/A)၊ ဓမ္မစေတီလမ်းနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးခင်ငွေမောင်၊ ဒေါ်အေးအေးခိုင်၊ ဦးခင်မောင်ကြည်၊ မတင်မျိုးခိုင်၊ ကိုအောင်မျိုး၊ မတင်လှဲ့ခိုင်၊ မခင်မျိုးသန့်၊ ဦးကျော်စွာထွန်းတို့၏ဖခင် ဦးတင်ဆောင်သည် ၄-၄-၂၀၁၄(သောကြာနေ့) နံနက် ၇ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၄-၂၀၁၄ ရက် နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ကြိုင်ကြိုင်
အသက်(၈၈)နှစ်

ဗိုလ်မှူးချုပ်အောင်ထွန်း(ငြိမ်း) (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥက္ကဋ္ဌ အစိုးရ၏ အာမခံချက်များ ကတိကဝတ်များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)-ဒေါ်သန်းသန်းနွဲ့တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ကြိုင်ကြိုင်သည် ၂-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးချစ်ဆောင် (၈၈)နှစ်
ကျောင်းအုပ်ကြီး(ငြိမ်း)၊ ရေနံချောင်းကောလိပ်

